မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၈၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ စနေနေ့။

တို့တာဝန် အရေး(၃)ပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဝံသာနုရက္ခိတတရား

လူမျိုးဆိုသည်မှာ သုခ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ်အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။

အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့်ဘာသာစကားတို့ကို အလေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာ ဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေသည်။

(၂၀-၁-၁၉၄၆၊ အလယ်ပစ္စယံညီလာခံမိန့်ခွန်းမှ)

အာဇာနည်နေ့ အညွှန်း

မှတ်မှတ်သားသား ပိုလ်ချုပ်စကား
ခေါင်းကြီး
စာမျက်နှာ-၂

အောင်ပင်လယ်မှတ်ကြီး၏
ကာတွန်း
စာမျက်နှာ-၂

မောင်သင်းပျံ့၏
ပိုလ်ချုပ်စိတ်ဓာတ် နည်းယူမှတ်လော့
ဆောင်းပါး
စာမျက်နှာ-၆

မြင်းမူမောင်နိုင်မိုး၏ **လွမ်းသူ့အားမာန်**
ကဗျာ
စာမျက်နှာ-၉

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မှတ်မှတ်သားသား ဗိုလ်ချုပ်စကား

ဇူလိုင် ၁၉ ရက်နေ့သည်ကား မြန်မာပြည်သူတစ်ရပ်လုံး၏ မမေ့နိုင်သော၊ မမေ့အပ်သော နေ့တစ်နေ့ဖြစ်ပါသည်။ ဤနေ့သည်ကား မြန်မာပြည်သူတစ်ရပ်လုံး၏ ဝမ်းနည်းကြေကွဲဖွယ်ရာ အာဇာနည်နေ့ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ထိုနေ့ရောက်တိုင်းသတိတရရှိနေဆဲဖြစ်ပါသည်။ အမှတ်ရနေဆဲဖြစ်ပါသည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော စကားများကို မှတ်မှတ်သားသားရှိနေဆဲ ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်အကောင်အထည်ဖော်ဆောင်ရွက်နေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီနှင့်ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် မေ ၁၉ ရက် ပဏ္ဏာမ ညီလာခံတွင် ''ဒီမိုကရေစီဆိုတာ ဘယ်လိုအင်္ဂါရပ်မျိုးနဲ့ ညီညွတ်ရမလဲ။ အဲဒီလို ကျုပ်ပြည့်တင်းပြည့် ဒီမိုကရေစီမျိုးကို ကျုပ်တို့ ဘယ်လိုတည်ဆောက်ရမလဲ။ ချက်ချင်းဖြစ်မလား။ ဘယ်လောက်ကြာမလဲ။ ဘယ်နည်းအကောင်းဆုံးလဲဆိုတာတွေကို အခုကျုပ်တို့ တိုင်းပြည် တည်ဆောက်ရမယ့်အခါ အထူးစဉ်းစားရမယ့် အချက်တွေပဲ။ နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွေကလည်း စီးပွားရေး သဘောတရားတွေနှင့် ကင်းလို့မဖြစ်နိုင်ဘူး''ဟူ၍ မိန့်ကြားခဲ့ပါသည်။

တစ်ဖန် လွတ်လပ်ရေးနှင့်ပတ်သက်ပြီး အကျိုးရှိရှိအသုံးချတတ်အောင်လည်း ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဧပြီ ၅ ရက် အသံလွှင့်မိန့်ခွန်းတွင် ''လွတ်လပ်ရေးရအောင် ကျွန်တော်တို့ ကြိုးပမ်းနေကြတာဟာ မြန်မာတွေလွတ်လပ်ပြီဟေ့လို့ ပြောကောင်းရုံလေးအတွက် ကြိုးပမ်းခဲ့ကြတာ မဟုတ်ပါဘူး။ ခပ်တိုတိုပြောရရင် မြန်မာတွေလူတန်းစေ့စေ့ နေနိုင်အောင်လုပ်ပေးဖို့ လွတ်လပ်ရေးအတွက်ကြိုးပမ်းနေကြတာ၊ အဲဒီတော့ မြန်မာတွေလွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကိုမလုပ်ရဘဲ၊ ကဖျက်ယဖျက်သမားတွေနဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ရှိမှာမဟုတ်ဘူး''ဟူ၍လည်း ပြောကြားခဲ့လေသည်။

မှန်ပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်လျက်ရှိပါသည်။ ထိုအချိန်တွင် ပူးပေါင်းလုပ်ဆောင်ရမည့်အစားဝေဖန်မှု၊ တိုက်ခိုက်မှု၊ တစ်ဦးနှင့်တစ်ဦးအပြစ်ပြော အပုပ်ချနေမှုတို့ဖြင့် ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည်မဟုတ်ပါ။

ထို့အပြင် ''လွတ်လပ်မှုနှင့်စည်းကမ်း'' နှင့်ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည်မှာ မှတ်သားစရာပင် ဖြစ်ပါသည်။ ''လွတ်လပ်ရေးရဲ့ အဓိပ္ပာယ်က ဘာလဲ၊ လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက်ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံး ကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ်ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ''ဟု ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက် ရန်ကုန်မြို့ မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ပြောကြားခဲ့သည်။ ဆက်လက်၍လည်း ''ဒီတော့ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး၊ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်''ဟူ၍ မိန့်ကြားခဲ့လေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာချက်များသည်ကား မှတ်သားစရာများစွာ ရှိပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိန့်မှာချက်များကို လေးစားလိုက်နာခြင်းဖြင့် ဂုဏ်ပြုလေးစားရာ ရောက်ပါသည်။ အလေးပြုရာလည်း ရောက်ပါသည်။ ဤအာဇာနည်နေ့မှသည် ဗိုလ်ချုပ်နှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်များအား ဂုဏ်ပြုသောအားဖြင့် ၎င်းတို့ချမှတ်ခဲ့သော မိန့်မှာချက်များကို ပြည်သူတစ်ရပ်လုံးက လေးစားလိုက်နာအပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

မားစ်ကူးစက်မြန်ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါ ကြိုတင်ကာကွယ်ရေးစည်းဝေး

နေပြည်တော် ဇူလိုင် ၁၈

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ဆော်ဒီအာရေဗီးယားနိုင်ငံ၌ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် စတင်ဖြစ်ပွားခဲ့သည့် MERS.CoV (မားစ်ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါ) စောင့်ကြပ်ကြည့်ရှုခဲ့ပြီး ယင်းရောဂါ ကြိုတင်ကာကွယ်ရေး အစည်းအဝေးကို ဇူလိုင် ၁၇ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးအဆောက်အအုံ၌ ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစိုးလွင်ငြိမ်းက မားစ်ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် မားစ်ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါများနှင့်ပတ်သက်၍ လက်ရှိဖြစ်ပွားမှု၊ မြန်မာနိုင်ငံမှ တုံ့ပြန်ထားရှိမှု၊ သံသယလူနာများအား ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဓာတ်ခွဲပစ္စည်းများ ရယူပေးပို့မှု၊ ပြည်သူလူထုနှင့် သတင်းမီဒီယာများတွင် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားနိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုဆွေးနွေးပြီး သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်မည့် စီမံချက်များ ရေးဆွဲကြမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကူးစက်မြန်ရောဂါများဖြစ်သည့် ၂၀၀၃ခုနှစ်တွင် ဖြစ်ပွားခဲ့သော SARS ရောဂါ၊ မြန်မာနိုင်ငံအတွင်း ကြက်၊ ငှက်များတွင် ဖြစ်ပွားခဲ့သည့် ကြက်ငှက် တုပ်ကွေး(H5N1) ရောဂါများကို အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ရောဂါပျံ့နှံ့မှုမရှိစေရေးအတွက် National Contigency Plan for Avian Influenza နှင့်အညီအောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ ရောဂါများ ဖြစ်ပွားကူးစက်မှုကို စောစီးစွာ အချိန်မီသိရှိပြီး တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအဖြစ် ကျန်းမာရေးဌာနများမှ အပတ်စဉ် သတင်းပေးပို့မှုကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန အနေဖြင့် ကျန်းမာရေးဌာနများနှင့် ဆေးရုံများတွင် မားစ်ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါစောင့်ကြပ်ကြည့်ရှုရေးအတွက် Influenza Like Illness and Severe Acute Respiratory Infection ကို တိုးမြှင့်ဆောင်ရွက်ရန် လမ်းညွှန်ချက်များထုတ်ပြန်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖျာပုံတံတားကြီး လမ်းမီးများအမှောင်အတိကျနေ

ထင်သာမြင်သာပြုပြင်စရာ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ မရှိမဖြစ် လူမှုစီးပွားရေးအတွက် နေ့စဉ် အသုံးပြုနေသော ဖျာပုံမြို့ဂုဏ်ဆောင် ဖျာပုံတံတားကြီး အလယ်လမ်းမီးများနှင့် ခြေဆင်းလမ်းမီးများသည် သဘာဝဘေးအန္တရာယ် နာဂစ်မုန်တိုင်း ကျရောက်ပြီး နောက်ပိုင်းကာလအတွင်း တံတားကြီး၏ သက်ဆိုင်ရာမီးများ ပျက်စီးနေမှုကို မကြာသေးမီကာလက သက်ဆိုင်ရာဌာန၏ တာဝန်ရှိသူများက လာရောက်ပြင်ဆင်ပေးသဖြင့် ဖျာပုံတံတားမီးများ ထိန်ထိန်လင်းခဲ့သော်လည်း လပိုင်းခန့်သာမီးလင်းပြီး ယခုနှစ် ဇွန်လမှ

စတင်၍ ဖျာပုံတံတားကြီး၏ လမ်းမီးများ၊ ခြေဆင်းမီးများ လင်းနိုင်ခြင်း မရှိတော့ဘဲ အမှောင်အတိကျနေသည်ကို တွေ့မြင်နေရသည်။

ယခုအခါ ဖျာပုံတံတားကြီး မီးလင်းနိုင်ခြင်းမရှိခြင်းကြောင့် ခရီးသွားကားများ၊ ဆိုင်ကယ်များ၊ ခြေကျင်လမ်းလျှောက်သူများ၊ ကျောင်းသား ကျောင်းသူများ ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်များအပြင် နေ့စဉ် ညအချိန် တံတားကြီး၏ ဘေးတစ်ဖက်တစ်ချက်ရှိ လူသွားစင်္ကြံပေါ်တွင် မူးယစ်သောက်စားရမ်းကားမှုများ၊ အညစ်အကြေးစွန့်ပစ်မှုများနှင့် တံတားကြီးအလယ်ကားလမ်းမပေါ်တွင် အရက်ပုလင်းကွဲများစွန့်ပစ်ထားခြင်းများကို တွေ့ကြုံနေရသည်။ ဖျာပုံမြို့ရှိသက်ဆိုင်ရာ တာဝန်ရှိသူများက အဆိုပါ ဖြစ်ရပ်များကို တားဆီးပေးရန် လိုအပ်ပြီး ဖျာပုံတံတားကြီး အမြန်ဆုံးပြန်လည်မီးလင်းနိုင်စေရန် ဖျာပုံတံတားကြီးကို တာဝန်ယူ ဆောင်ရွက်နေရသော သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံး ဆောင်ရွက်ပေးရန်လိုအပ်နေပြီဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါသည်။

ချမ်းသာ(ဖျာပုံ)

အလိမ္မာ စာမျာရှိ

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး ပြုပြင်ပြောင်းလဲမှုများတွင် တပ်မတော်၏ ရပ်တည်လုပ်ဆောင်နေမှုများဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Baek, Seung Joo အား လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee, Baek Scon၊ စစ်သံမှူး Colonel Choi, Shin Il နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် သမိုင်းကြောင်းအရ နှစ်နိုင်ငံနယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်မှုဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး ပြုပြင်ပြောင်းလဲမှုများတွင် တပ်မတော်၏ ရပ်တည်လုပ်ဆောင်နေမှုများကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Baek, Seung Joo တို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ) (မြဝတီ)**



လယ်ဝေးမြို့နယ် သရက်ကုန်းကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော် လယ်ဝေးမြို့နယ် သရက်ကုန်းကျေးရွာ အမှတ် (၇၈) အခြေခံပညာ မူလတန်းကျောင်း ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်မျက်နှာစာရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဦးဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ နေပြည်တော် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ အလှူရှင် ဦးခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းမော်တို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့် ဒုတိယဝန်ကြီး ဦးပိုက်ထွေး တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဦးဖုန်းဇော်ဟန်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မဇင်မြင့်မြတ်အောင်၊ မောင်ကျော်လင်းထက်၊ မပန်းအိဖြူနှင့် မောင်ထက်လှိုင်စိုးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်အလှူရှင် ကေအမ်အမ် ဆောက်လုပ်ရေးကုမ္ပဏီ(KMM Construction Co;Ltd) မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်မြင့်က ကျောင်းဆောင်သစ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့ထံသို့ လည်းကောင်း၊ အမှတ်(၇၈)အခြေခံပညာ မူလတန်းကျောင်းအတွက် ပညာရေးငွေပဒေသာပင်နှင့် ဆရာဆရာမများအတွက် ကျောင်းဝတ်စုံများကို ကျောင်းအုပ်ဆရာကြီး ဦးသိန်းအောင်ထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းပြီး ကျောင်းဆောင်သစ်များဆောက်လုပ်လှူဒါန်းရခြင်း၊ ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယနေ့တွင် ကေအမ်အမ် ဆောက်လုပ်ရေးကုမ္ပဏီက အလျားပေ ၃၀၊ အနံပေ ၃၀ ရှိ တစ်ထပ်သစ်သား အုတ်ညှပ်စာသင်ဆောင်သစ်တစ်လုံး၊ သုံးခန်းတွဲ ရေအိမ်နှစ်လုံး၊ ဂါလန် ၄၀၀ ဆံ့ ရေတိုင်ကီ၊ ရေစင်၊ ရေမှုတ်စက်၊ အဝီစိရေတွင်းတို့ကို ဆောက်လုပ်ခြင်း၊ အလျားပေ ၁၀၀၊ အနံ ၂၃ ပေရှိ သွပ်မိုးထရံကာကျောင်းဆောင်ကို ပြုပြင်ခြင်း၊ ဂါလန် ၁၇၀ ဆံ့ ရေတိုင်ကီ၊ ရေစင်၊ ရေမှုတ်စက်နှင့် ရေပိုက်လိုင်းများပြုပြင်ခြင်း၊ ကျောင်းရုံးခန်း ပြုပြင်ဆောက်လုပ်ခြင်း တို့အတွက် စုစုပေါင်း ငွေကျပ်သိန်း ၂၅၀ အကုန်အကျခံ တည်ဆောက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးစနစ် ပြောင်းလဲကျင့်သုံးရေး ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဇူလိုင် ၁၈

လက်ရှိ ကျင့်သုံးလျက်ရှိသော တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးစနစ် ပြောင်းလဲကျင့်သုံးရေးနှင့် စပ်လျဉ်း၍ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၊ အကြံပေးအဖွဲ့ဝင်ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့ပေါ်ရှိ ဝန်ကြီးဌာနအသီးသီး၏ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ ပါဝင်တက်ရောက်သော ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် တက္ကသိုလ်စိန်ရတုခန်းမ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရာတွင် လက်ရှိကျင့်သုံးနေသော တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေး စနစ်ကို လက်ရှိအတိုင်း ဆက်လက်ကျင့်သုံးရန် နောင်လာမည့် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးစနစ် ပြုပြင်ကျင့်သုံးရေးအတွက် ရည်မှန်းချက်ထား၍ ဆောင်ရွက်ရန်၊ နောင်နှစ်တွင်ပြင်ဆင်မည့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးစနစ် အသေးစိတ်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များက အသေးစိတ်ရေးဆွဲရန်နှင့်ပြည်သူလူထုကို ကြိုတင်၍ media အသီးသီးမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်အသိပေး ဆောင်ရွက်ရန် ညှိနှိုင်းရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီသစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင် ကျောက်မျက်ရတနာ အချောထည်ဈေးရှိ ONE STOP SERVICE နှင့် ကျောက်မျက်ရတနာ သင်တန်းကျောင်း အဆောက်အအုံ မြေနေရာ၌ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းသားအသင်းသူများသည် မဏိရွှေဝါအပင် ၁၀၀၊ ပနားမားငုအပင် ၁၀၀၊ ပျဉ်းကတိုး ၁၀၀၊ မြန်မာကုက္ကိုအပင် ၁၀၀ နှင့် စိန်တစ်လုံးသရက်အပင် ၅၀ တို့ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
မွန်ပြည်နယ်ဦးစီးဌာနမှူးရုံး၊ မော်လမြိုင်မြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ (ခုတင်-၅၀)ဆံ့ တိုင်းရင်းဆေးရုံ နှစ်ထပ်တိုးချဲ့ဆောက်လုပ်ခြင်းနှင့် လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ ၇-၈-၂၀၁၄ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို မွန်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်နယ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၅၇-၂၇၀၄၇၊ ၃၀၅၉၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

အစ္စရေးစစ်တပ် မြေပြင်ထိုးစစ် တိုက်ခိုက်မှုစတင်

ဂါဇာ ဇူလိုင် ၁၈

စစ်ရေး ပြင်ဆင်ထားမှု ၁၁ ရက်အကြာ အစ္စရေး စစ်တပ်က ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်း စစ်သွေးကြွများအား မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှု စတင်လိုက်ပြီ ဖြစ်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များနှင့် တင့်ကားများသည် ဟားမားစ်တို့အား အမြစ်ပြတ်ချေမှုန်းရန် ဂါဇာသို့ ဝင်ရောက်သွားပြီဖြစ်သည်။ အစ္စရေးတို့အနေဖြင့် တန်ဖိုးကြီးကြီး ပြန်လည်ပေးဆပ်ရလိမ့်မည်ဖြစ်ကြောင်း ဟားမားစ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဟားမားစ်တို့၏ ဒုံးကျည်ပစ်ခတ်မှုနှင့် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုများ ရက်အတန်ကြာတိုက်ခိုက်မှုများအပြီး ကျူးကျော်ဝင်ရောက်တိုက်ခိုက်ရန် အမိန့်ထုတ်ပြန်လိုက်သည်။ ကြာသပတေးနေ့ညက မြေပြင်ထိုးစစ်စတင်တိုက်ခိုက်ပြီးနောက် ပါလက်စတိုင်း ၁၁ ဦး သေဆုံးသွားကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

သေဆုံးသူများတွင် ငါးလသားအရွယ်ကလေး တစ်ဦးလည်းပါဝင်သည်ဟု ပါလက်စတိုင်းဆေးအဖွဲ့က အေအက်ဖ်ပီသို့ ပြောကြားသည်။ အစ္စရေးတို့ကမူ ယမန်နေ့ညက အကြမ်းဖက်သမား ၁၄ ဦးကို သုတ်သင်နိုင်ခဲ့သည်ဟု ဆိုသည်။

ထိုအတောအတွင်း အစ္စရေးစစ်ဘက်မှ တပ်ဖွဲ့ဝင်တစ်ဦးကျဆုံးခဲ့သည်။ ထိုးစစ်ဆင်တိုက်ခိုက်မှုအတွင်း ပထမဆုံးအစ္စရေးစစ်ဘက်မှ တပ်ဖွဲ့ဝင်တစ်ဦးကျဆုံးခဲ့သည်။ ဇူလိုင် ၈ ရက်က အစ္စရေးတို့စစ်ဆင်ရေး စတင်ပြီးကတည်းက ပါလက်စတိုင်း ၂၅၈ ဦးသေဆုံးခဲ့ပြီးဖြစ်သည်။ သေဆုံးသူများတွင် အရပ်သားလေးပုံသုံးပုံ ပါဝင်သည်ဟု ဆိုသည်။

(ဘီဘီစီ)

တရုတ်တွင် ရေကြီးမြေပြိုမှုများဖြစ်ပွား လူသန်းနှင့်ချီ၍ သဘာဝဘေးဒုက္ခကြုံတွေ့

ကွမ်ရန် ဇူလိုင် ၁၈

တရုတ်နိုင်ငံအနောက် တောင်ပိုင်းနှင့် အလယ်ပိုင်းတို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမြေပြိုခဲ့သဖြင့် လူသန်းပေါင်းများစွာ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွမ်ကျိုးပြည်နယ်တွင် သောကြာနေ့က အဆိုပါ မိုးရွာသွန်းမှုကြောင့် ၁၀ ဦးသေဆုံးပြီး ၁၀ ဦးပျောက်ဆုံးနေကြောင်း ပြည်နယ်ပြည်သူ့ရေးရာဦးစီးဌာနက ဆင်ဟွာသို့ ပြောသည်။

ကွမ်ကျိုးပြည်နယ်၌ နောက်ဆုံးဖြစ်ပွားသည့် မြေပြိုမှုကြောင့် ခြောက်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့သည်။ မြေပြိုမှုသည် ဘီဂျေးမြို့ ဇီကျင်းဒေသ ဒါကောရွာ၌ ကြာသပတေးနေ့ ညနေ ၄နာရီခန့်က ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေကြီးမြေပြိုမှုကြောင့် လူပေါင်း ၂ ဒသမ ၄၅ သန်း ဘေးအန္တရာယ်ကြုံရပြီး ယင်းတို့အနက် ၁၂၂၄၀၀ ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်သည်။ မုန်တိုင်းကြောင့် သီးနှံစိုက်ခင်း ၁၀၅၇၀၀ ဟက်တာ ပျက်စီးပြီး နေအိမ် ၃၀၀၈လုံးပျက်စီးသွားသည်။ ယင်းသဘာဝဘေးကြောင့် စီးပွားရေးတိုက်ရိုက်ဆုံးရှုံးမှု ယွမ် ၁ ဒသမ ၄၆ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၃၄ ဒသမ ၉သန်း)ရှိသည်။ **(ဆင်ဟွာ)**

ပြင်သစ်တောင်ပိုင်း၌ ရထားတိုက်မှုဖြစ်ပွား

ပါရီ ဇူလိုင် ၁၈

ပြင်သစ်နိုင်ငံတောင်ပိုင်း၌ ရထားတိုက်မှုဖြစ်ပွားရာ လူဒါဇင်နှင့်ချီ၍ ထိခိုက်ဒဏ်ရာရရှိထားကြောင်း မီဒီယာများက သတင်းထုတ်ပြန်သည်။

TGV အမြန်ရထားသည် ပေါ-ဘေယွန်းရထားလမ်းပေါ်၌ ခရီးသည် ၁၇၈ ဦးနှင့်အတူ ခုတ်မောင်းနေစဉ် ဒေသဆိုင်ရာ ခရီးသည် ၇၀ တင်ဆောင်လာသော TER ရထားကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ကနဦးသတင်းများအရ TGV ရထားသည် ဒန်ဂွိန်းမြို့အနီး တိုက်မှုဖြစ်ပွားချိန် ရထားလမ်းပေါ်တွင် ရပ်တန့်သွားခဲ့သည်။ ယင်းရထားတိုက်မှုကြောင့် အနည်းဆုံး ၂၅ ဦးဒဏ်ရာရခဲ့ပြီး ကိုးဦးမှာဒဏ်ရာပြင်းထန်သည်ဟု ဆိုသည်။ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ အခင်းဖြစ်ပွားရာနေရာသို့ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို ကူညီပေးခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ယူကရိန်းခွဲထွက်ရေးသမားများက လေယာဉ်ပျက်ကျနေရာ၌ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ခွင့်ပြု

ကီယက်ဗ် ဇူလိုင် ၁၈

ယူကရိန်းအရှေ့ပိုင်းရှိ ရုရှားလိုလားသူ ခွဲထွက်ရေးသမားများက မလေးရှားခရီးသည်တင် လေယာဉ်ပျက်ကျခဲ့သည့်နေရာ၌ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ရှာဖွေခွင့်ပေးလိုက်သည်။

ခွဲထွက်ရေးသမားများသည် အဆိုပါနေရာကို လုံခြုံရေးချထားခဲ့ကြောင်း၊ အလောင်းများ ပြန်လည်ရှာဖွေရေးလုပ်ငန်းကိုလည်း ခွင့်ပြုခဲ့ကြောင်း ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSEC) က ပြောကြားခဲ့သည်။

ပြည်တွင်းစစ် ဖြစ်ပွားနေသော ယူကရိန်းနိုင်ငံအတွင်းရှိ နှစ်ဖက်သော အဖွဲ့အစည်းများက ယခုကဲ့သို့ လေယာဉ်ကို ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့မှုကို တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲလျက်ရှိသည်။

အဆိုပါ ဘိုးအင်း 777 လေယာဉ်သည် အမ်စတာဒမ်မှ ကွာလာလမ်ပူသို့ ပျံသန်းလာစဉ် ဒိုနက်စ်ဒေသအနီး Shakhtarsh နှင့် Luhansk ဒေသ Krasni Luch အကြား ပျက်ကျခဲ့ခြင်းဖြစ်သည်။

မလေးရှား လေကြောင်းလိုင်း၏ ပြောကြားချက်အရ လေယာဉ်ပေါ်၌ ဒတ်ချ်လူမျိုး ၁၅၄ ဦး၊ ဩစတြေးလျလူမျိုး ၂၇ ဦး၊ လေယာဉ်အမှုထမ်း ၁၅ ဦးအပါအဝင် မလေးရှားလူမျိုး ၄၃ ဦး၊ အင်ဒိုနီးရှားလူမျိုး ၁၂ ဦး၊ ဗြိတိန်နိုင်ငံသား ကိုးဦးနှင့် ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဖိလစ်ပိုင်နှင့် ကနေဒါတို့မှ ခရီးသည်များ စီးနင်းလိုက်ပါခဲ့ကြောင်း သိရသည်။

သေဆုံးသူများတွင် ဩစတြေးလျ၌ ကျင်းပမည့် နိုင်ငံတကာ အေအိုင်ဒီအက်စ်ညီလာခံသို့ တက်ရောက်မည့် ဒတ်ချ်လူမျိုး ကမ္ဘာကျော် သုတေသနပညာရှင် Joep Lange လည်း ပါရှိခဲ့သည်။

စုံစမ်းစစ်ဆေးမှုပြုလုပ်မည့် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် OSEC ခေါင်းဆောင်များ၏ လုံခြုံရေးကို ခွဲထွက်ရေးသမားများက ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ယူကရိန်းက ၎င်းနေရာကို မပျံသန်းရဇုန်အဖြစ် ကြေညာချိန်တွင် အခြားလေကြောင်းလိုင်းများက ယူကရိန်းအရှေ့ပိုင်းဒေသကို ရှောင်ရှားရန် ကြေညာခဲ့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ဇူလိုင် ၁၈ ရက်က နယူးယောက်မြို့၌ ယင်းလေယာဉ်ပျက်ကျမှုအတွက် အရေးပေါ်အစည်းအဝေး တစ်ရပ်ကျင်းပခဲ့သည်။ **(ဘီဘီစီ)**

အိန္ဒိယ၌ ခြောက်နှစ်အရွယ်ကျောင်းသူတစ်ဦးကို ဗလက္ကာရပြုကျင့်မှုဖြစ်ပွားပြီးနောက် ဆန္ဒပြမှုဖြစ်ပွား

ဒေလီ ဇူလိုင် ၁၈

အိန္ဒိယနိုင်ငံရှိ ဘန်ဂလောပြည်နယ်ရှိ ကျောင်းတစ်ကျောင်းတွင် ခြောက်နှစ်အရွယ်ကျောင်းသူတစ်ဦးအား လုံခြုံရေးအစောင့်တစ်ဦး နှင့် အားကစားဆရာတစ်ဦးက ဗလက္ကာရပြုကျင့်မှုဖြစ်ပွားခဲ့ပြီးနောက် ကျောင်းသားမိဘများက လုံခြုံရေးမြှင့်တင်ပေးရန်နှင့် ၎င်းတို့၏သားသမီးများကို ကာကွယ်မှုအပြည့်အဝပေးရန် ဆန္ဒပြမှုဖြစ်ပွားခဲ့သည်ဟု ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ဗလက္ကာရပြုမှုမှာ ဇူလိုင် ၂ ရက်က ဖြစ်ပွားခဲ့သော်လည်း ကာယကံရှင်မိန်းကလေး၏မိဘများမှာ လွန်ခဲ့သော ရက်အနည်းငယ်ကမှ အစာအိမ်အောင့်သည်ဆို၍ဆေးရုံသို့သွားပြရာမှ သိရှိခဲ့ရကြောင်း၊ ဗလက္ကာရပြုမှုဖြစ်ပွားသောနေ့တွင် ပြစ်မှုကျူးလွန်သူနှစ်ဦးအပြင် အစောင့်များနှင့်အားကစားနည်းပြများလည်းရှိနေသည့်အတွက် အပြစ်ရှိသူမှာ မည်သူမည်ဝါဖြစ်သည်ကို ရွေးထုတ်ရန် အခက်အခဲရှိနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယခုအခါတွင် ကျောင်းသားမိဘများသည် ၎င်းတို့၏ သားသမီးများကို လုံခြုံသည့် အာမခံချက်မပေးနိုင်သည့်အတွက် ကျောင်းသို့စေလွှတ်ခြင်းမပြုနိုင်ကြောင်း၊ စီမံခန့်ခွဲမှုအားနည်းသည့်အပြင် ကလေးငယ်များလုံခြုံရေးအတွက် ၎င်းတို့တောင်းဆိုထားသည့် အချက်များအား ပြည့်စုံအောင်ဖြည့်ဆည်းနိုင်ခြင်းမရှိသေးဘဲ ကျောင်းသို့စေလွှတ်ရန်မှာ စိတ်မချရကြောင်း၊ ရဲတပ်ဖွဲ့ကလည်း ဗလက္ကာရပြုမှုဖြစ်ပွားသည်ကို အသိမပေးဘဲ ခိုးမှုသက်သက်သာ ဖြစ်သည်ဟု ပြောကြားခဲ့ရာ သတင်းစာမှတစ်ဆင့် အဖြစ်မှန်ကိုသိရှိခဲ့ရကြောင်း ကျောင်းသားမိဘများက ပြောကြားခဲ့သည်။

ကျောင်းအုပ်ချုပ်ရေးမှူး ရပ်စတန်ခေရာဝါလာက ကျောင်းသားမိဘများအား စိတ်ရင်းအမှန်ဖြင့် တောင်းပန်လိုကြောင်း၊ အမှုမှန်ပေါ်ပေါက်လာစေရန်လည်း ရဲတပ်ဖွဲ့၏စုံစမ်းစစ်ဆေးမှုတွင် အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ၂၀၁၂ ခုနှစ် ဒေလီ၌ ဘတ်စ်ကားပေါ်တွင် ကျောင်းသူတစ်ဦးအား အုပ်စုဖွဲ့ဗလက္ကာရပြုကျင့်သတ်ဖြတ်မှုဖြစ်ပွားပြီးနောက်ပိုင်း ပိုမိုမြင့်တက်လာခဲ့သည်။

အဆိုပါ ကိစ္စရပ်များ ထပ်မံမဖြစ်ပွားစေရန် အစိုးရအနေဖြင့် သေဒဏ်ပေးခြင်းကဲ့သို့ ခိုင်မာသည့်ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်လိုအပ်ကြောင်း၊ သို့သော် ပြဋ္ဌာန်းထားသောဥပဒေမှာ အမှန်တကယ်ဆောင်ရွက်ရန် အင်အားမရှိဘဲ ဟန်ပြသက်သက်သာဖြစ်နေခဲ့ကြောင်း၊ ၂၀၁၃ ရာဇဝတ်မှုမှတ်တမ်းများအရ အိန္ဒိယနိုင်ငံသည် ၂၂ မိနစ်တိုင်း ဗလက္ကာရပြုမှုတစ်မှုဖြစ်ပွားနေကြောင်းကိုလည်း ရပ်စတန်က ထပ်လောင်းပြောကြားခဲ့သည်။

(ဘီဘီစီ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

ယမန်နေ့မှအဆက်

နည်းဥပဒေ ၄၈။ ဝန်ထမ်းတစ်ဦး၏ လုပ်ရည်ကိုင်ရည်၊ အရည်အသွေး၊ စွမ်းဆောင်ရည်များသည် လွန်စွာထူးခြားပြောင်မြောက်သည့် အခြေအနေတွင်ရှိခြင်း၊ အခြားဝန်ထမ်းများထက် ထူးကဲသာလွန်ခြင်း၊ စိတ်ချယုံကြည်စွာတာဝန်လွှဲအပ်ဆောင်ရွက်နိုင်စွမ်းရှိခြင်း စသည့်ထူးခြားသောအခြေအနေများကြောင့် ချီးမြှင့်လိုပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသည် သင့်လျော်သလို မိမိအခွင့်အာဏာဖြင့် ရာထူးတိုးမြှင့်ပေးနိုင်သည်။ သို့ရာတွင် ရာထူးဝန်အဖွဲ့၏ သဘောတူညီချက်ဖြင့်သာ ခန့်ထားရမည့် ပြန်တမ်းဝင်အရာရှိ အဆင့်ရာထူးဖြစ်ပါက ရာထူးဝန်အဖွဲ့သို့ အဆိုပြုညှိနှိုင်း၍ ဆောင်ရွက်ရမည်။

ဇယား(၁)
ရာထူးသက် သတ်မှတ်ချက်များ
(နည်းဥပဒေ ၃၃)

၁။ စာရေးဝန်ထမ်းများ ရာထူးတိုးမြှင့်ပေးရန်အတွက် စဉ်းစားရာတွင် အနည်းဆုံးရှိရမည့် ရာထူးသက်

စဉ်	လစာနှုန်း	ဝန်ထမ်းအမျိုးအစား	အနည်းဆုံးရှိရမည့်ရာထူးသက်
၁	၆၇၀၀၀-၁၀၀၀-၇၂၀၀၀	စာရေးဝန်ထမ်းအဆင့်(၁)	၂ နှစ်
၂	၇၃၀၀၀-၁၀၀၀-၇၈၀၀၀	စာရေးဝန်ထမ်းအဆင့်(၂)	၂နှစ်
၃	၇၉၀၀၀-၁၀၀၀-၈၄၀၀၀	စာရေးဝန်ထမ်းအဆင့်(၃)	၂နှစ်
၄	၈၅၀၀၀-၁၀၀၀-၉၀၀၀၀	စာရေးဝန်ထမ်းအဆင့်(၄)	၃နှစ်

၂။ ကျွမ်းကျင်ဝန်ထမ်းများ ရာထူးတိုးမြှင့်ပေးရန်အတွက် စဉ်းစားရာတွင် အနည်းဆုံးရှိရမည့်ရာထူးသက်

စဉ်	လစာနှုန်း	ဝန်ထမ်းအမျိုးအစား	အနည်းဆုံးရှိရမည့်ရာထူးသက်
၁	၆၁၀၀၀-၁၀၀၀-၆၆၀၀၀	ကျွမ်းကျင်သူအဆင့်(၁)	၂နှစ်
၂	၆၇၀၀၀-၁၀၀၀-၇၂၀၀၀	ကျွမ်းကျင်သူအဆင့်(၂)	၂နှစ်
၃	၇၃၀၀၀-၁၀၀၀-၇၈၀၀၀	ကျွမ်းကျင်သူအဆင့်(၃)	၂နှစ်
၄	၇၉၀၀၀-၁၀၀၀-၈၄၀၀၀	ကျွမ်းကျင်သူအဆင့်(၄)	၂နှစ်
၅	၈၅၀၀၀-၁၀၀၀-၉၀၀၀၀	ကျွမ်းကျင်သူအဆင့်(၅)	၃နှစ်

၃။ ပညာရှင်ဝန်ထမ်းများ ရာထူးတိုးမြှင့်ပေးရန်အတွက် စဉ်းစားရာတွင်အနည်းဆုံးရှိရမည့်ရာထူးသက်

စဉ်	လစာနှုန်း	ဝန်ထမ်းအမျိုးအစား	အနည်းဆုံးရှိရမည့်ရာထူးသက်
၁	၆၇၀၀၀-၁၀၀၀-၇၂၀၀၀	ပညာရှင်အဆင့်(၁)	၂နှစ်
၂	၇၃၀၀၀-၁၀၀၀-၇၈၀၀၀	ပညာရှင်အဆင့်(၂)	၂နှစ်
၃	၇၉၀၀၀-၁၀၀၀-၈၄၀၀၀	ပညာရှင်အဆင့်(၃)	၃နှစ်
၄	၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀	ပညာရှင်အဆင့်(၄)	၃နှစ်
၅	၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀	ပညာရှင်အဆင့်(၅)	၃နှစ်

၄။ စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး)များ ရာထူးတိုးမြှင့်ပေးရန်အတွက် စဉ်းစားရာတွင် အနည်းဆုံးရှိရမည့် ရာထူးသက်

စဉ်	လစာနှုန်း	ဝန်ထမ်းအမျိုးအစား	အနည်းဆုံးရှိရမည့်ရာထူးသက်
၁	၇၃၀၀၀-၁၀၀၀-၇၈၀၀၀	စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး) အဆင့်(၁)	၂နှစ်
၂	၇၉၀၀၀-၁၀၀၀-၈၄၀၀၀	စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး) အဆင့်(၂)	၃နှစ်
၃	၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀	စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး) အဆင့်(၃)	၃နှစ်
၄	၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀	စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး) အဆင့်(၄)	၃နှစ်

၅။ စီမံခန့်ခွဲရေးဝန်ထမ်း (အုပ်ချုပ်ရေး၊လူမှုရေး)များ ရာထူးတိုးမြှင့်ပေးရန်အတွက် စဉ်းစားရာတွင် အနည်းဆုံး ရှိရမည့် ရာထူးသက်

စဉ်	လစာနှုန်း	ဝန်ထမ်းအမျိုးအစား	အနည်းဆုံးရှိရမည့်ရာထူးသက်
၁	၇၉၀၀၀-၁၀၀၀-၈၄၀၀၀	စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး၊ လူမှုရေး)အဆင့်(၁)	၃နှစ်
၂	၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀	စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး၊ လူမှုရေး)အဆင့်(၂)	၃နှစ်
၃	၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀	စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး၊ လူမှုရေး)အဆင့်(၃)	၃နှစ်

၆။ ရုံးအကူဝန်ထမ်းများရာထူးတိုးမြှင့်ပေးရန်အတွက် စဉ်းစားရာတွင်အနည်းဆုံးရှိရမည့် ရာထူးသက်(ပြင်ဆင်)

စဉ်	လစာနှုန်း	ဝန်ထမ်းအမျိုးအစား	အနည်းဆုံးရှိရမည့်ရာထူးသက်
၁	၅၅၀၀၀-၁၀၀၀-၆၀၀၀၀	ရုံးအကူဝန်ထမ်း အဆင့်(၁)	၁နှစ်
၂	၆၁၀၀၀-၁၀၀၀-၆၆၀၀၀	ရုံးအကူဝန်ထမ်း အဆင့်(၂)	၁နှစ်
၃	၆၇၀၀၀-၁၀၀၀-၇၂၀၀၀	ရုံးအကူဝန်ထမ်း အဆင့်(၃)	၁နှစ်

၇။ လစာနှုန်း(၁၆၀၀၀၀-၂၀၀၀-၁၇၀၀၀၀)ရှိအဆင့်မှ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ အောက်တစ်ဆင့်ရာထူးအဆင့်ထိ ရာထူးသတ်မှတ်ချက်မရှိပါ။

၈။ ဤဇယား(၁)ပါ ချိန်ညှိနှုန်းလစာဖော်ပြချက်များတွင် အခါအားလျော်စွာပြောင်းလဲသတ်မှတ်သည့် အဆင့်တူချိန်ညှိနှုန်းလစာများလည်း အကျုံးဝင်သည်။

ရှင်းလင်းချက်။ (၁) ရာထူးတိုးမြှင့်ပေးရန်အတွက် အနည်းဆုံးရှိရမည့်ရာထူးသက် သတ်မှတ်ချက်ကို ယခင်လစာနှုန်းအဆင့်(၂၀)အပေါ်အခြေခံ၍ သတ်မှတ်ထားရှိရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများအနေဖြင့် ရာထူးသက်သတ်မှတ်ချက်တွက်ချက်ရာတွင် ပိုမိုတိကျမှန်ကန်၍ ရှင်းလင်းလွယ်ကူမှုရှိစေရန် လက်ရှိ လစာနှုန်း အဆင့်(၁၂)ဆင့်အပေါ်အခြေခံ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပြင်ဆင်ပြဋ္ဌာန်းထားရှိပါသည်။

(၂) စာရေးဝန်ထမ်းအဆင့်(၄)မှလည်းကောင်း၊ ပညာရှင်ဝန်ထမ်းအဆင့်(၃)မှ လည်းကောင်း၊ စီမံခန့်ခွဲရေးဝန်ထမ်း (စီးပွားရေး)အဆင့်(၂)မှလည်းကောင်း၊ စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး၊ လူမှုရေး)အဆင့် (၁)မှလည်းကောင်း တစ်ဆင့်မြင့် ရာထူးအဆင့်သို့ ရာထူးတိုးမြှင့်ပေးရာတွင် ယခင်ဝန်ကြီးအဖွဲ့၏ ၅-၈-၁၉၈၀ ရက်စွဲပါစာအမှတ်၊ ၂/၈၂၀ဖ ၈၀(၅၃)ပါ ဝန်ထမ်းများရာထူးတိုးမြှင့်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နောက်ဆက်တွဲ(က)၌ အနည်းဆုံးရှိရမည့်ရာထူးသက်ကို (၇)နှစ်သတ်မှတ်ထားရှိခဲ့ပါသည်။ ယခုအခါ နိုင်ငံ့ဝန်ထမ်းများအား ပေးအပ်သည့်တာဝန်ကို လိုလားစွာဖြင့် ကျေပွန်အောင်ထမ်းရွက်လိုစိတ် ရှိလာစေရန်နှင့်ဝန်ထမ်းဘဝတိုးတက်မှုအခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် အနည်းဆုံးရှိရမည့်ရာထူးသက်ကို (၃)နှစ်အဖြစ် လျှော့ပေါ့သတ်မှတ်ပြဋ္ဌာန်းထားရှိပါကြောင်း သိရှိနိုင်ပါရန် ဖြည့်စွက်ရှင်းလင်း ဖော်ပြအပ်ပါသည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာဂေါက်သီး အားကစား ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာအဆင့်မီဂေါက်သီးသမားများပေါ်ထွက်လာရေးကိုအဓိကထား၍ မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA) နှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့မှ ကြီးမှူး၍ မြဝတီဘဏ်မှအဓိက ကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်အား ၂၀၁၄ ခုနှစ် ဩဂုတ် ၇ ရက်မှ ၁၀ ရက်အထိ ပြင်ဦး လွင်မြို့ ပြင်ဦးလွင်ဂေါက်ကလပ်တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့်အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများပါဝင်ပြီး စိန့်အင်ဒရူးဂေါက်စည်းမျဉ်းအတိုင်းနှင့်ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုများအား ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အထူးအစီစဉ်တစ်ရပ်အနေဖြင့် ပြင်ဦးလွင်ဂေါက်ကလပ်၏ ကျင်းအမှတ် ၇ တွင် Hole In One ဆုအဖြစ် (ISUZU SINGLE CAB)ကားအား ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအဆင့် အမျိုးသား၊ အမျိုးသမီးဂေါက်သီး အားကစားသမား မောင်မယ်များသည် ၂၀၁၄ ခုနှစ် ဩဂုတ် ၄ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဖုန်းအမှတ် (၀၉-၂၀၃၇၆၇၁) ပြိုင်ပွဲကျင်းပမည့် ပြင်ဦးလွင်ဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ရန်ကုန်မြို့မှပြင်ဦး လွင်မြို့သို့ ဩဂုတ် ၄ ရက်တွင် ကားစီစဉ်ထားရှိမည် ဖြစ်ပြီး လိုက်ပါလိုသော ပြိုင်ပွဲဝင်များသည် ရန်ကုန်မြို့ကျောက်ရေတွင်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း (HAN Event Management)သို့ ကြိုတင် စာရင်းပေးသွင်းရမည် ဖြစ်သည်။

စိုးညွန့်

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းများမှ စီစဉ်ကျင်းပသော
ICT Products, Solutions & Edu Fair 2014
၂၀၁၄ ခုနှစ် ၊ ဇူလိုင်လ (၂၄) ရက် မှ (၂၇) ရက် အထိ တပ်မတော်ခန်းမ ၊ ဦးဝိစာရလမ်း၊
MCPA Yangon MCIA Yangon

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ ᵞ၂၊ မြေကွက်အမှတ် V၁၉၆၊ ဧရိယာ ဝဒသမဝ၂၃ဧကရှိ နှစ် ၆ဝဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိခင်ဖြစ်သူ ဒေါ်ခင်မြ ၁၂/ကမတ(နိုင်)ဝ၃၆၆၈၇ အမည်ပေါက်လျက်ရှိပြီး မိခင်ဖြစ်သူထံမှ အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်သော ဒေါ်လှဲလှဲဝင်း ၁၂/ကမတ(နိုင်)ဝ၃၆၆၉၂နှင့် ဒေါ်ဝင်းပပအေး ၁၂/ကမတ(နိုင်)ဝဝ၂၅၈၉၉တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမ္မော် LL.B ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး(စဉ်-၄၂၂၂၇)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄) အထက်တန်းရှေ့နေများ
အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ဝ၉-၈၆၃ဝ၇ဝ၄

ဆောင်းပါး

ဗိုလ်ချုပ်စိတ်ဓာတ် နည်းယူမှတ်လော့

မောင်သင်းပျံ့

နိုင်ငံတစ်နိုင်ငံ၏လွတ်လပ်ရေးရယူမှုတွင် အာဇာနည် ဟူသော ပုဂ္ဂိုလ်သည် ကမ္ဘည်းမော်ကွန်းကျန်ရစ်စမြဲဖြစ်သည်။ လေးစားထိုက် သောပုဂ္ဂိုလ်၊ စံပြုထိုက်သောပုဂ္ဂိုလ်၊ ဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြု ဂုဏ်ယူကြသည်။ မြန်မာပြည်တွင် လူသေသော်လည်း နာမည်ကျန်ရစ်နေသော ပုဂ္ဂိုလ်သည် လွတ်လပ်ရေး၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်သည်။ မြန်မာပြည် လွတ်လပ်ရေးရရှိမှု တစ်ခုတည်းကိုသာ အာရုံစူးစိုက်ထားရှိသူ၊ စာရေးဆရာ ဖြစ်ချင်စိတ်ကို မျိုသိပ်၍ ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်ပိုင်းတစ်စဖြင့် လွတ်လပ်ရေး ရရှိမှုကို မမြင်မတွေ့သွားရသော ဗိုလ်ချုပ်အောင်ဆန်းအား ပြည်သူများသတိရနေမည်ဖြစ်သည်။ မသမာသူလူတစ်စု၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အပါအဝင် အာဇာနည်ကိုးဦးကျဆုံးခဲ့သည်မှာ ဇူလိုင် ၁၉ ရက်နေ့ဆိုလျှင် (၆၇) နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်သည်။

ဗိုလ်ချုပ်သည် ခိုင်မာသောစိတ်ဓာတ်ပြင်းထန်သောခံယူချက်ဖြင့် Remember that I practise what I preach ! ဟူသော 'ငါဟာ ငါ့တပည့်တွေနဲ့ ရဲဘော်တွေကို သွန်သင်သလို ငါကိုယ်တိုင်လည်း လိုက်နာတယ်ဆိုတာ မှတ်သားထားပါ' ဟု သွန်သင်လေ့ရှိသူ ဖြစ်သည်။ ဗိုလ်ချုပ်၏ပွင့်လင်းရိုးသားခြင်း၊ အခွင့်အရေးမယူခြင်း၊ တိုင်းပြည်ကောင်းစားရေးကိုသာ စူးစိုက်မှုရှိခြင်းတို့ကို ပြသသော စံနမူနာကောင်းတစ်ခု သမိုင်းတွင်လျက်ရှိခဲ့သည်။ ထိုအကြောင်းကိုဖော်ပြချင်ပါသည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ရက် (ကြာသပတေးနေ့)။ ထိုနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့အာဏာကို ဘုရင်ခံထံမှ လွှဲပြောင်းရယူခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံသည် လွတ်လပ်ရေးမရသေး၊ ဗြိတိသျှဘုရင်ခံအုပ်ချုပ်နေဆဲဖြစ်ပြီး အစိုးရအဖွဲ့ (ဝန်ကြီးအဖွဲ့ Cabinet) ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီဟုခေါ်သည်။ သဘာပတိက ဘုရင်ခံဖြစ်ပြီး ဗိုလ်ချုပ်က ဒုတိယ သဘာပတိအမည်ဖြင့် ဝန်ကြီးအဖွဲ့ကို ဦးစီးကွပ်ကဲရသည်။ ဘုရင်ခံသည် နာမည်ခံ 'သဘာပတိ'သာဖြစ်ပြီး နိုင်ငံခြားရေး၊ ကာကွယ်ရေးဌာနများကို ဗိုလ်ချုပ်အောင်ဆန်းကပင် ကွပ်ကဲရသည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဝန်ကြီးချုပ်အာဏာကိုရရှိထားပြီးဖြစ်သည်။ တရားဝင်လွတ်လပ်ရေး မရသေး၍သာ ဝန်ကြီးအဖွဲ့ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီဟု ခေါ်ဆိုခြင်းဖြစ်သည်။

ထိုနေ့တွင် အလုံလမ်း ဘုရင်ခံအိမ်တော်မှ တာဝါလိန်းလမ်း၊ (ယခုနတ်မောက်လမ်းသွယ်)နေအိမ်သို့ပြန်ရောက်လျှင် ဗိုလ်ချုပ်က တပည့်ဖြစ်သူကို ခေါ်၍ ညွှန်ကြားချက်ပေးပါသည်။

'ဟေ့ကောင် ဒီနေ့ကစပြီး ငါဟာအစိုးရအဖွဲ့ခေါင်းဆောင်ဝန်ကြီးဖြစ်လာပြီ၊ မင်းကလည်း ငါ့ရဲ့ပီအေ (အပါးတော်မြဲအတွင်းဝန်)အဖြစ် တစ်ရက်၊ နှစ်ရက်အတွင်း ပြန်တမ်းထွက်လာလိမ့်မယ်။ အစိုးရအဖွဲ့အနေနဲ့ ငါတို့မှာ အဆောင်အယောင် အခွင့်အရေးတွေလည်းရလာလိမ့်မယ်။ ငါအခုပြောနေတာကို မင်းမြဲမြဲမှတ်ထားစမ်း။ အာဏာရတယ်ဆိုရင်ပဲ ငါတို့ကိုချဉ်းကပ်အကူအညီတောင်းတာတွေလည်း လာလိမ့်မယ်။ ဒီတော့ငါ့ရဲ့ဆွေမျိုးတွေ၊ ငါ့မိန်းမဘက်ကအမျိုးတွေ၊ ပြီးတော့မင်းနဲ့ ပတ်သက်တဲ့အပေါင်းအသင်းတွေအားလုံး ဘယ်သူ့ကိုမှ မတရားအခွင့်အရေးမပေးရဘူး။ သူတို့အကူအညီတောင်းတာကို လုပ်မပေးရဘူး။ မင်းတို့ငါတို့ကလည်း ဘယ်သူ့ဆီကမှ အကူအညီမယူရဘူး။ အဲဒါအိမ်မှာအားလုံးကိုပြောထားလိုက်၊ မလိုက်နာရင် မင်းနဲ့ငါအသိပဲ' ဟု ဗိုလ်ချုပ်က တိကျပြတ်သားစွာ အမိန့်ပေးခဲ့ပါသည်။

မကြာမီမှာပင် ဗိုလ်ချုပ်နှင့်ဆွေမျိုးနီးစပ်သူအချို့ ရန်ကုန်ရောက်လာရာ အခွင့်အရေးရလိုရငြားလာကြခြင်းဖြစ်၍ ဗိုလ်ချုပ်အမိန့်ပေးထားသည့်အတိုင်း ပြတ်ပြတ်သားသားပြောလိုက်ရာ လက်လျှော့၍ပြန်သွားကြပါသည်။ ဗိုလ်ချုပ်၏ဇနီး ဒေါ်ခင်ကြည်ကိုလည်း 'မမကြည် အိမ်မှာချက်ဖို့ဆန်မရှိရင် ကျွန်တော့်ကိုပြောပါ။ ကျွန်တော်တို့ရဲဘော်တွေ ကြံဖန်ရှာပေးပါ့မယ်။ ဆန်အိတ်တွေ၊ဆီပုံးတွေနဲ့ နောက်ဖေးပေါက်က အိမ်ပေါ်တက်လာမယ့် စီးပွားရေးသမားတွေကိုတော့ လုံးဝလက်မခံပါနဲ့၊ ဗိုလ်ချုပ်က ဒီအတိုင်းပြောထားလို့ပါ'ဟု ဗိုလ်ချုပ်၏ကိုယ်ရေးအရာရှိကတိုးတိုးတိတ်တိတ်ပြောပြထားခဲ့ပါသည်။

ဤသည်မှာ ဗိုလ်ချုပ်၏ 'ငါဟာ ငါ့တပည့်တွေနဲ့ ရဲဘော်တွေကိုသွန်သင်သလို ငါကိုယ်တိုင်လည်းလိုက်နာတယ်ဆိုတာမှတ်ထားပါ' ဟူသော စကားကို သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။

၁၉၄၆ ခုနှစ် အောက်တိုဘာ၏ တစ်ရက်သော ညနေ ၃ နာရီခန့်တွင် ဗိုလ်ချုပ်က သူ၏ပီအေကိုလှမ်းခေါ်၍ 'ဟေ့-ဒီနေ့ညဘက် ငါတို့ချိန်းထားတဲ့ အစည်းအဝေးရှိသေးသလား၊ တခြားဘာကိစ္စတွေရှိသလဲ' ဟု မေးမြန်းရာ 'အစည်းအဝေးမရှိပါဘူးဗိုလ်ချုပ်၊ တခြားဘာကိစ္စမှလည်းမရှိဘူး။ ဒီနေ့ည အားပါတယ်' ဟု ပြန်ဖြေရာ 'ဟုတ်လား ဒါဖြင့်ဟန်ကျတာပဲ၊ ဒီနေ့ည ငါရုပ်ရှင်ကြည့်ချင်တယ်ကွာ' ဟု ဆို၏။ 'ပလေဒီယံ ရုံမှာပြနေတဲ့ အင်္ဂလိပ် ဟာသကားကြည့်ချင်တယ်။ အပျင်းပြေပေ့ါကွာ' ဟုဆိုရာ ပီအေက 'ဒါဆိုရင် လွယ်ပါတယ်။ အဲဒီရုံက မန်နေဂျာနဲ့ကျွန်တော်သိတယ်။ အခုကြိုတင်ပြီး ဖုန်းလှမ်းဆက်ထားလိုက်မယ်'ဟု စားပွဲပေါ်ရှိတယ်လီဖုန်းကိုကောက်ကိုင်လိုက်စဉ် ဗိုလ်ချုပ်က ခပ်ဆတ်ဆတ်ဟန့်တားပါသည်။

'ဟေ့ကောင်၊ တယ်လီဖုန်းကိုပြန်ချလိုက်စမ်း၊ ဘာလဲမင်းကရုံမန်နေဂျာကို တယ်လီဖုန်းဆက်ပြီး မေတ္တာလက်မှတ်တောင်းမလို့မဟုတ်လား၊ မတောင်းရဘူး။ ရုပ်ရှင်ကြည့်ရင်ပိုက်ဆံနဲ့လက်မှတ်ဝယ်ကြည့်ရမယ်။ မေတ္တာလက်မှတ်တောင်းတယ်ဆိုတာ အခွင့်အရေးယူတာတစ်မျိုးပဲ၊ မင်းတို့ငါတို့အနေနဲ့ မေတ္တာလက်မှတ်တောင်းရင် မန်နေဂျာက နှစ်စောင်မဟုတ်ဘူး။ ၁၀ စောင်လည်းပေးမှာပဲ။ မင်းကအရှည်ကို မစဉ်းစားဘဲကိုး၊ ရုပ်ရှင်ရုံပိုင်ရှင်တို့၊ မန်နေဂျာတို့ဆိုတာ စီးပွားရေးသမားတွေကွ၊ အာဏာရှိတဲ့လူဆိုရင် မျက်နှာလို မျက်နှာရလုပ်တတ်တယ်။ သူတို့ကအခွင့်အရေး တစ်ခုပေးပြီးရင် ၁၀ခု ပြန်တောင်းလိမ့်မယ်။ ဒါမျိုးတွေငါမကြိုက်ဘူး၊ ကဲ-မင်းမှာ အခုပိုက်ဆံဘယ်လောက်ရှိသလဲ'ပြောဆိုမေးမြန်းရာ ငွေစက္ကူကျပ်တန် သုံးရွက်ထွက်လာ၍ 'ဘယ်လောက်လဲကွ၊ သုံးကျပ်မဟုတ်လား၊ ဒါဆိုရင်ဖြစ်တယ်။ မင်း မမကြည်နဲ့ ကလေးတွေကလိုက်မှာမဟုတ်ဘူး။ ဒီတော့မင်းနဲ့ငါနှစ်ယောက်ပဲ ညနေ ၆ နာရီခွဲပွဲမှာ ငါးမူးတန်းက လက်မှတ်ဝယ်ကြည့်ကြမယ်။ ငါးမူးတန်းလက်မှတ် နှစ်စောင်ဆိုတော့ တစ်ကျပ်ပဲကုန်မှာ၊ မင်းမှာငွေနှစ်ကျပ်တောင်ကျန်ဦးမယ်။ အဲဒီအတိုင်းသာစီစဉ်တော့' ဟု ဗိုလ်ချုပ်ကအဆုံးအဖြတ်ပေးလိုက်ရာ ရုပ်ရှင်ကြည့်ဖြစ်ကြပါသည်။

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးရယူမှုတွင် အာဇာနည် ဟူသော ပုဂ္ဂိုလ် သည် ကမ္ဘည်းမော်ကွန်းကျန်ရစ်စမြဲဖြစ်သည်။ လေးစားထိုက် သောပုဂ္ဂိုလ်၊ စံပြုထိုက်သောပုဂ္ဂိုလ်၊ ဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြု ဂုဏ်ယူကြသည်။

ထိုခေတ်က တစ်နေ့လျှင် ရုပ်ရှင် လေးပွဲပြသပြီး တစ်မတ်တန်းသည် ရှေ့ဆုံး၊ ထို့နောက် ငါးမူးတန်း၊ 'စတောလ်'ဟုခေါ်သည့် အောက်ထပ်နောက်ဆုံးတန်းက တစ်ကျပ်တန်းဖြစ်ပြီး 'ဒီစီ'ဟုခေါ်သော နှစ်ကျပ်တန်းကအပေါ်ထပ်တွင်ဖြစ်သည်။

ထိုနေ့ညနေက ပလေဒီယံရုံသို့ ဗိုလ်ချုပ်တို့ရောက်သွားသောအခါ အနည်းငယ် နောက်ကျသဖြင့် ငါးမူးတန်း၏ ရှေ့ဆုံးတန်းမှသာလက်မှတ်ရပါသည်။ ငါးမူးတန်း၏ ရှေ့ဆုံးတန်းသည် တစ်မတ်တန်း၏ နောက်ဆုံးတန်းဖြစ်သည်။ အချိန်တန်၍ ရုပ်ရှင်ရုံအတွင်း မှောင်သွားပြီး မျက်စိကျင့်သားရ၍ မြင်သင့်သလောက်မြင်လာရသောအခါ ရှေ့တစ်မတ်တန်းမှ ပရိသတ်သည် ငါးမူးတန်း ရှေ့ဆုံးတန်းမှ ဗိုလ်ချုပ်အောင်ဆန်းကို သတိပြုမိပြီး ရုပ်ရှင်ပိတ်ကားကို မကြည့်ဘဲ ဗိုလ်ချုပ်ကိုသာ နောက်ပြန်လှည့်ကြည့်နေကြသည်။ ဗိုလ်ချုပ်ကမူ ဘာကိုမှသတိပြုမိပုံမရဘဲ ရုပ်ရှင်ပိတ်ကားကိုသာ အာရုံစိုက်ကြည့်နေသည်။

မိနစ်အနည်းငယ်အကြာ ဗိုလ်ချုပ်အောင်ဆန်း ငါးမူးတန်းမှ ရုပ်ရှင်ကြည့်နေသည်ဟူသော သတင်းသည် ရုံမန်နေဂျာဦးမြဟန်ထံ ရောက်ရှိသွားပြီး ချက်ချင်းအောက်ထပ်သို့ ပြေးဆင်းလာကာ ခင်မင်ရင်းနှီးသူပီအေကို အပြင်စင်္ကြံတွင်တွေ့ဆုံ၍ 'ဘယ်လိုလုပ်တာလဲ သူငယ်ချင်း၊ ဗိုလ်ချုပ်ရုပ်ရှင်ကြည့်မယ်ဆိုရင် စောစောက ငါ့ဆီကြိုတင် ဖုန်းဆက်လိုက်ရောပေါ့၊ ဘာကြောင့်မဆက်တာလဲ'။

'အေးငါလည်း မင်းဆီဆက်မလို့ပါပဲ၊ ဗိုလ်ချုပ်က မဆက်ရဘူးလို့ ငါ့ကိုဟောက်တယ်၊ မေတ္တာလက်မှတ်တောင်းပြီး ရုပ်ရှင် ကြည့်တာဟာ အခွင့်အရေးတစ်မျိုးယူတာပဲတဲ့၊ နောင်တစ်ချိန်ကျရင် မင်းတို့လို စီးပွားရေးသမားတွေက မတရားအခွင့်အရေးတွေ တောင်းလာလိမ့်မယ်တဲ့၊ ဒါကြောင့် ငါ့မှာရှိတဲ့ပိုက်ဆံ သုံးကျပ်ထဲက တစ်ကျပ်ပဲကုန်အောင် ဝင်ကြည့်ကြတာပဲကွ'။

'ဗိုလ်ချုပ်ပြောတာ မှန်သင့်သလောက်မှန်ပါတယ်၊ စီးပွားရေးသမားဆိုတာကတော့ အကြံအဖန်လုပ်ဖို့၊ မတရားအခွင့်အရေးတောင်းဖို့ အမြဲအကွက်ချောင်းနေတာပဲ၊ ဒါပေမယ့်ကွာ မင်းဆရာ ဗိုလ်ချုပ်ကို သွားပြောစမ်းပါ၊ ငါက အင်းလျားဟောလ်ရှေ့မှာနေတဲ့ ရန်ကုန်ရုပ်ရှင် ကုမ္ပဏီပိုင်ရှင် ဒေါ်မမရဲ့သား မြဟန်၊ ဒီရုံကိုလည်း ငါတို့ပဲပိုင်တယ်၊ ငါတို့ အလုပ်က ရုပ်ရှင်နဲ့ပဲ ပတ်သက်တော့ သွင်းကုန် လိုင်စင်တောင်းတာမျိုးလို ဘာအခွင့်အရေးမှ ယူဖို့လည်း မလိုဘူး၊ ဗိုလ်ချုပ်လို နိုင်ငံ့ခေါင်းဆောင်ကြီး အနေနဲ့ ငါးမူးတန်းရှေ့ဆုံးမှာ ထိုင်ကြည့်နေတာ မသင့်တော်တဲ့အပြင် လုံခြုံရေးရှုထောင့်က ကြည့်ရင်လည်း လုံးဝမကောင်းပါဘူး၊ ဒီတော့ဘာအခွင့် အရေးမှ မတောင်းပါဘူးဆိုတဲ့ အာမခံချက်လည်းပေးပါ့မယ်၊ ဗိုလ်ချုပ်ကို အပေါ်ထပ် ဒီစီတန်းမှာ တက်ကြည့်ဖို့သွားပြောပေးစမ်းပါသူငယ်ချင်း' ဟု အတင်းတိုက်တွန်းသဖြင့် ပီအေဖြစ်သူလည်း ဟာသကွက်များကိုကြည့်ပြီး သဘောကျကာ ရယ်မောနေသော ဗိုလ်ချုပ်၏ လက်မောင်းကို အသာဆွဲ လိုက်ရာ 'ဟေ့ကောင် ဘာလဲကွ၊ ရုပ်ရှင်ကြည့်ကောင်းနေတုန်း ဘာဖြစ်ပြန်ပြီလဲ' မေးမြန်း၏။ မန်နေဂျာ ဦးမြဟန် ပြောသည့်အတိုင်း ခပ်တိုးတိုးရှင်းပြလိုက်ရာ ရုတ်တရက်ဘာမှ ပြန်မပြောဘဲ ရုပ်ရှင်ကို ကြည့်ရင်းစဉ်းစားနေပါသည်။ မန်နေဂျာ ဦးမြဟန်၏မိခင် ဒေါ်မမကိုလူချင်းမရင်းနှီးသော်လည်း ဗိုလ်ချုပ် သိနေပါသည်။ ထို့ပြင် ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်အရေးတော်ပုံတုန်းက ကျောင်းသားများအား သွယ်ဝိုက်၍ ကူညီခဲ့ကြောင်းကိုလည်း သိထားသည်။ မန်နေဂျာဦးမြဟန်က ဘာအခွင့်အရေးမှ မတောင်းပါဘူးဟု၊ အာမခံချက်ပေးပါတယ်ဟူသော စကားကို သဘောကျသွားဟန်ဖြင့် ဗိုလ်ချုပ်သည် ထိုင်ရာမှထကာ 'ဟေ့ကောင် အပေါ်တက်မယ်ဆိုရင်လည်း မြန်မြန်တက်ကွာ၊ အချိန်ကြာနေရင် ရုပ်ရှင်ဇာတ်လမ်းဇာတ်ကွက်တွေ လွတ်ကုန်ပါဦးမယ်' ဆိုသောကြောင့် မန်နေဂျာ၊ ရုံဝန်ထမ်းလူငယ်တစ်ဦးနှင့်အတူ ဒီစီခေါ် အပေါ်ထပ် နှစ်ကျပ်တန်းသို့ ဗိုလ်ချုပ်နှင့်ပီအေတို့ တက်ကြည့်ဖြစ်ခဲ့ပါသည်။

ရုပ်ရှင်ပြီး၍ အပြန်တွင် ကားပေါ်၌ ဗိုလ်ချုပ်က 'မင်းသိတဲ့အတိုင်း ငါတို့က ရုပ်ရှင်ကို မေတ္တာလက်မှတ်တောင်းပြီး အလကားကြည့်တာမဟုတ်ဘူး၊ ငါးမူးတန်းက လက်မှတ်နှစ်စောင်ဝယ်ကြည့်တယ်။ နောက်မှ မင်းသူငယ်ချင်း မန်နေဂျာက အတင်းလာခေါ်ပြီး အပေါ်ထပ်တက်ကြည့်ဖို့ခေါ်တော့ သူ့အမေကြီးကိုလည်း အားနာလို့ တက်ကြည့်ခဲ့တာပဲ"ဟု ပြောခဲ့ပါသည်။

မိမိကိုယ်တိုင်အခွင့်အရေးမယူဘဲ အခွင့်အရေးသမားဆိုလျှင် ရွံမုန်းသော ဗိုလ်ချုပ်၊ မြန်မာပြည်လွတ်လပ်ရေးရရှိရန်၊ တောင်ပေါ်မြေပြန့်ပင်လုံစာချုပ်ဖြင့် ငြိမ်းချမ်းစွာလက်တွဲနေထိုင်နိုင်ရန်၊ အတင်းကျုံးရုန်းပြီး လုပ်မှသာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဟု မှတ်ချက်ပြုခဲ့သော ဗိုလ်ချုပ်သည် မသမာသူတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့သည်မှာ ၂၀၁၄ခုနှစ် ဇူလိုင် ၁၉ ရက်နေ့ဆိုလျှင် (၆၇)နှစ် ရှိပြီဖြစ်သည်။

အာဇာနည်ကိုးဦးအား ပြည်သူနှင့်အတူဦးညွှတ်ရင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် ဗိုလ်ချုပ်စိတ်ဓာတ်၊ ဗိုလ်ချုပ်စကား နည်းယူမှတ်သားလိုက်နာကျင့်သုံးအပ်ပါကြောင်း။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

မင်းဘူး-အမ်း-စစ်တွေရထားလမ်းပိုင်းတစ်ခုလုံး ပြီးစီးရန် နိုင်ငံတော်ဘဏ္ဍာငွေခွင့်ပြုမှုအပေါ်မူတည်၍ ဆောင်ရွက်ရမည်ဖြစ်

နေပြည်တော် ဇူလိုင် ၁၈

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ကျောက်တော် မဲဆန္ဒနယ်မှ ဦးသာစိန်(ကိုယ်စား) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ မေးမြန်းသည့် **ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသော မီးရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသည် မည်သည့်နှစ်တွင် ပြီးဆုံးမည်နှင့် လက်ရှိဆောက်လုပ်မှုအခြေအနေကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က မြန်မာ့မီးရထားအနေဖြင့် ၂၉၉ ဒသမ ၂၅ မိုင် ရှည်လျားသော မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကို ၂၀၀၉ ခုနှစ် ၂ လပိုင်းတွင် စတင်ဖောက်လုပ်ခဲ့ပြီး စစ်တွေ-ရေချမ်းပြင် လမ်းပိုင်းကို ၂၀၀၉ ခုနှစ် ၅ လပိုင်းတွင် လည်းကောင်း၊ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် လမ်းပိုင်းကို ၂၀၁၀ ခုနှစ် ၅ လပိုင်းတွင်လည်းကောင်း၊ ယိုးတရုတ်-ကျောက်တော်လမ်းပိုင်း ကို ၂၀၁၁ ခုနှစ် ၄ လ ပိုင်းတွင် လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကွမ်းတောင်မှ ကျောက်တော်လမ်းပိုင်းကို ရထားလေးစင်းဖြင့် ပြေးဆွဲလျက်ရှိပါကြောင်း၊ စစ်တွေ-ရေချမ်းပြင်လမ်းပိုင်းအား လုံခြုံရေးအခြေအနေအရ ရထားပြေးဆွဲမှု ရပ်ဆိုင်းထားခဲ့ပါကြောင်း။

စီမံကိန်းဆက်လက်အကောင်အထည်ဖော်မှု အခြေအနေမှာ ရေချမ်းပြင်-ပါဒလိတ်လမ်းပိုင်းကို ဖောက်လုပ်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ပြီးစီးနိုင်မည်ဖြစ်ပါကြောင်း၊ စစ်တွေမှ ကျောက်တော်အထိ တစ်ဆက်တည်း ရထားသွားလာနိုင်ရန် ပါဒလိတ်-ကွမ်းတောင်လမ်းပိုင်းတွင် ပေ ၇၇၀၀ ရှည်လျားသော မင်းချောင်းတံတားကြီး တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ မင်းချောင်းတံတားကြီး တည်ဆောက်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ လျာထားတင်ပြသွားရန်နှင့် တံတားတည်ဆောက်ရေးလုပ်ငန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားချက်ထားရှိပြီးဖြစ်ပါကြောင်း။

ကျောက်တော်(လမ်းမတော်)-မြောက်ဦးလမ်းပိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ဖောက်လုပ်လျက်ရှိပြီး လမ်းပိုင်းတွင် ပေ ၇၈၀၀ ခန့်ကျယ်သော ကစ္ဆပနဒီမြစ်တည်ရှိနေသောကြောင့် လောလောဆယ် ကစ္ဆပနဒီတံတားကြီး တည်ဆောက်နိုင်ခြင်းမရှိသေးသဖြင့် ကစ္ဆပနဒီမြစ်၏ တစ်ဖက်ကမ်း လမ်းမတော်ဘူတာမှစ၍ မြောက်ဦးသို့ ရထားလမ်း ဖောက်လုပ်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ ကစ္ဆပနဒီတံတားကြီး တည်ဆောက်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထား တင်ပြသွားရန်နှင့် တံတားတည်ဆောက်ရေးလုပ်ငန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားချက်ရှိပါကြောင်း။

မင်းဘူး-အမ်း-စစ်တွေရထား

ဒုတိယဝန်ကြီး ဦးချန်မောင် ဖြေကြားစဉ်။
(သတင်းစဉ်)

လမ်းအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စတင်ဖောက်လုပ်ခြင်းဖြစ်ပြီး လုပ်ငန်းပမာဏ (၆၀) ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကျောက်တော်-မြောက်ဦး လမ်းပိုင်း ဖြတ်သန်းဖောက်လုပ်ခြင်းအား ဒေသခံများက ယဉ်ကျေးမှုဝန်ကြီးဌာနမှတစ်ဆင့် ကန့်ကွက်တားမြစ်ထားသဖြင့် ကျောက်တော်-မြောက်ဦး လမ်းပိုင်းလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ရပ်ဆိုင်းထားသော ကျောက်တော်-မြောက်ဦး ရထားလမ်းပိုင်းအား ဒေသခံများက သဘောတူမှသာ ဆက်လက်ဖောက်လုပ် နိုင်မည်ဖြစ်ပါကြောင်း၊ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းပိုင်း တစ်ခုလုံး ပြီးစီးရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေ ခွင့်ပြုမှုအပေါ် မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ရာ ယခင်က ၂၀၁၉-၂၀၂၀ ခန့်အပြီး လျာထားသော်လည်း ကြမ်းတမ်းသော မြေပြင်အနေအထားအရ အစောဆုံး ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှသာ ပြီးစီးနိုင်မည်ဟု မျှော်မှန်းထားပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထဲရေးကဏ္ဍနှင့် သက်ဆိုင်သည့် မေးခွန်း(၂)ခုအပေါ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပထမမေးခွန်းဖြစ်သည့် လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၏ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်းများရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ရာထူးဝင်ခွင့်လျှောက်ထားခြင်းကို ဒေသခံတိုင်းရင်းသားများအား ဦးစားပေးခေါ်ယူပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် လစ်လပ်လျက်ရှိသော စီမံ(၁)/ဒုတိယဦးစီးမှူး ရာထူးနေရာများ ခန့်ထားရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ပဘွဲ့ရပုဂ္ဂိုလ်များကို သတင်းစာများမှ တစ်ဆင့် ကြော်ငြာ၍ လျှောက်လွှာခေါ်ယူခြင်း၊ ရေးဖြေစာမေးပွဲ ဖြေဆိုခြင်း၊ လူတွေ့စစ်ဆေးခြင်းများကို ပြုလုပ်၍လည်းကောင်း၊ ဌာနတွင်းရှိ တစ်ဆင့်မြင့်ရာထူး ခန့်ထားရန်အတွက် လုပ်သက်သတ်မှတ်ချက် ပြည့်မီသည့် ဝန်ထမ်းများအား အရည်အချင်း စစ်ဆေးခြင်းများ ပြုလုပ်၍လည်းကောင်း ရွေးချယ်ခန့်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

သတင်းစာများမှတစ်ဆင့် ကြော်ငြာ၍ပြင်ပပုဂ္ဂိုလ်များအား လျှောက်လွှာခေါ်ယူခြင်း၊ ဌာနတွင်းမှ သတ်မှတ်အရည်အချင်း ကိုက်ညီသူဝန်ထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသား ပြင်ပပုဂ္ဂိုလ်များ၊ ဌာနတွင်းမှ ဝန်ထမ်းများအနေဖြင့်လည်း သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက ဝင်ရောက်လျှောက်ထားဖြေဆို ရွေးချယ်ခံနိုင်ခွင့်ရှိပါကြောင်း၊ ရာထူးနေရာများ လစ်လပ်၍ ရွေးချယ်ခံထားနိုင်ရန် ထပ်မံလျှောက်လွှာခေါ်ယူသည့်အခါ ဒေသခံတိုင်းရင်းသားများက သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အတတ်နိုင်ဆုံးဦးစားပေး အစီအစဉ်နှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယမေးခွန်းဖြစ်သည့် ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း၏ **အရက်ပုန်းဆိုင်များ ပပျောက်ရန်နှင့် အရက်တုများပေါ်များနေခြင်းကို ကာကွယ်တားဆီးရန် မည်သို့တိုးမြှင့်ဆောင်ရွက်မည်ကို သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ ယစ်မျိုးနည်းဥပဒေ (၄) တွင် လိုင်စင်အမျိုးအစားပေါင်း (၄၁)မျိုး ပြဋ္ဌာန်းထားသော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အမျိုးအစားပေါင်း (၂၈)မျိုးကိုသာ ခွင့်ပြုချထားလုပ်ကိုင်လျက် ရှိပါကြောင်း၊ နှစ်စဉ် ယစ်မျိုးလိုင်စင်အရေအတွက်ကို တစ်နှစ်ထက်တစ်နှစ် လျှော့ချ၍ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သည့်အရက်များကို ဖြန့်ဖြူးရောင်းချရာတွင်

လောက်ကိုင် မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် မေးမြန်းစဉ်။
(သတင်းစဉ်)

အရက်သောက်သုံးသူများအား ကျန်းမာရေးနှင့် ညီညွတ်သော အရက်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ သောက်သုံးနိုင်ရန်အတွက် ထုတ်လုပ်သည့် အရက်နမူနာများကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာန၊ ဓာတုဗေဒစစ်ဆေးရေးဌာန (သို့မဟုတ်)ကျန်းမာရေးဝန်ကြီးဌာန၊ ဗဟိုအစားအသောက်နှင့် ကွပ်ကဲရေးဦးစီးဌာနတို့တွင် သောက်သုံးရန် သင့်၊ မသင့် စစ်ဆေးခံရန်နှင့် သောက်သုံးရန်သင့်ကြောင်း ထောက်ခံချက်ရရှိမှသာ အရက်များကို ဖြန့်ဖြူးရောင်းချစေလျက် ရှိပါကြောင်း၊ အလားတူ တရားမဝင် အရက်ပုန်းဆိုင်များ မရှိစေရေး၊ အရည်အချင်းပြည့်မီသော အရက်များကိုသာ ရောင်းချနိုင်ရေးအတွက် ယစ်မျိုးလုပ်ငန်း စိစစ်ကြပ်မတ်ရေးအဖွဲ့ငယ်၊ သတင်းစုံစမ်းဖော်ထုတ်ရေးအဖွဲ့ငယ်၊ တားဆီးနှိမ်နင်းရေးအဖွဲ့ငယ်များဖွဲ့စည်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း။

၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၁ တို့တွင် တရားမဝင်ယစ်မျိုး ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူခြင်းတို့နှင့်ပတ်သက်၍ ပြစ်ဒဏ်နှင့် ဒဏ်ငွေများကို ပြဋ္ဌာန်းထားရှိပြီး ခေတ်ကာလနှင့်လျော်ညီသော ဒဏ်ငွေများ ချမှတ်နိုင်ရန်နှင့် တရားမဝင်ယစ်မျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများအား ထိရောက်ဟန့်တားပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၏ **“အခမဲ့ပြုကျင့်မှုတိုက်ဖျက်နှိမ်နင်းရေး စီမံချက်တစ်ရပ်ဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော် သို့တင်သွင်းခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အခမဲ့ပြုကျင့်ခြင်းနှင့် ပတ်သက်၍ လုပ်အားအပေါ် အခမဲ့ပြုခြင်း၊ ခန္ဓာကိုယ်နှင့်စိတ်ပိုင်းဆိုင်ရာ အခမဲ့ပြုကျင့်ခြင်းဆိုပြီး တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် လုပ်အားအပေါ် အခမဲ့ပြုခြင်းနှင့် ပတ်သက်၍ ၁၉၀၇ ခုနှစ် မြို့များအက်ဥပဒေနှင့် ၁၉၀၇ ခုနှစ် ကျေးရွာအက်ဥပဒေများအရ အတင်းအခမဲ့ လုပ်အားပေး ဆင့်ဆိုခြင်း၊ အရေးယူခြင်းတို့နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ကျင့်သုံးခြင်းမပြုရန် ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ် မေ (၁၄) ရက်စွဲပါ အမိန့်အမှတ် (၁/၉၉)နှင့် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ(၂၇)ရက်တွင် ယင်းဥပဒေကို ဖြည့်စွက်သည့် အမိန့်များကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အထက်ဖော်ပြပါ အမိန့်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက လိုက်နာရန် ပျက်ကွက်သူနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၄ အရလည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း အရေးယူဆောင်ရွက်နိုင်ပါကြောင်း။

အမျိုးသမီးများနှင့်ပတ်သက်၍ လူမှု၊ စီးပွားအခြေအနေများ၊ ယဉ်ကျေးမှုဆိုင်ရာရှေးရိုးစွဲ အယူအဆများ သို့မဟုတ် ပဋိပက္ခများကြောင့် မတရား စော်ကားခံရမှုမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လိင်မှုဆိုင်ရာနှင့်(ကျား)၊ (မ) ရေးရာအခြေခံပြု အကြမ်းဖက်မှုများအား တားဆီးကာကွယ်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးဥပဒေကြမ်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီး ဌာနများမှ တာဝန်ရှိသူများ၊ အရပ်ဘက်အမျိုးသမီးလူထုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ (ကျား)၊ (မ) တန်းတူညီမျှမှုကွန်ရက်မှ ကိုယ်စားလှယ်များနှင့် UNGDG မှ ကိုယ်စားလှယ်များ ပူးပေါင်းရေးဆွဲလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် မှုခင်းလျှော့နည်းကျဆင်းရေးအတွက် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း စနစ်၊ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်နှင့် အိမ်နီးချင်းစောင့်ရှောက်မှု ဆောင်ရွက်ခြင်းများကို Police Power များအသုံးပြုပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား တွန်းအားပေးစေသည့် အကြောင်းအချက်များကို လူမှုပတ်ဝန်းကျင်မှ လျှော့နည်းပပျောက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ NGO အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပြည်သူလူထုများနှင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအတွင်း အခမဲ့ပြုကျင့်မှု(မုဒိန်းမှု)များကို စိစစ်ချက်အရ မြို့များပေါ်ထက် ကျေးရွာများတွင် ပိုမိုဖြစ်ပွားခဲ့ရာ ညအချိန်များထက် နေ့အချိန်များတွင် ပိုမိုဖြစ်ပွားခဲ့ကြောင်း၊ကျူးလွန်ခံရသည့်အကြောင်းအရင်းများက တစ်ခန်းတည်းအတူနေခြင်း၊ အနေနီးစပ်ခြင်း၊ ယုံကြည်မှုလွန်ကဲခြင်း၊ အုပ်ထိန်းသူများ၏ စောင့်ကြပ်အုပ်ထိန်း၊ ထိန်းသိမ်းမှု ကင်းကွာခြင်း၊ ဖြားယောင်းသွေးဆောင်ခံရခြင်း၊ ကလေးသူငယ်များကို မုန့်ငွေပေး၍ မြူဆွယ်ခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်း၊ စိတ်ကြွဆေးသုံးစွဲခြင်း၊ အဖော်မဲ့နေထိုင်၊ သွားလာခြင်း၊ အလိုတူသော်လည်း လူမြင်၊ သိခြင်းနှင့် ဝတ်စားဆင်ယင်မှု မလုံခြုံခြင်းတို့ကြောင့်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး အဆိုကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

လမ်းတံတားလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစေရန် လုပ်ငန်းဆောင်ရွက်စဉ်နှင့် ဆောင်ရွက်ပြီးကာလတို့တွင် စစ်ဆေးကြပ်မတ်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၈

ယနေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ **“ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းအဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးခက်ထိန်နန်က တင်သွင်းခဲ့ပြီး မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးတာဝန်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၉၇၆ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် အဖွဲ့(၁၀)ဖွဲ့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ နိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုပြဿနာသည် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း စတင်သည့် ၁၉၉၉ ခုနှစ် မှ ၂၀၀၆ ခုနှစ်အထိ သိသိသာသာကျဆင်းခဲ့သော်လည်း ၂၀၀၇ ခုနှစ်မှ စတင်ပြီး ပြန်လည်မြင့်တက်လာခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဘိန်းစိုက်ပျိုးမှုသည် ၅၇၈၀၀ ဟက်တာရှိပြီး ထုတ်လုပ်မှုအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ၆၉၀ မက်ထရစ်တန်မှ ၂၀၁၃ ခုနှစ်တွင် မက်ထရစ်တန် ၈၇၀ တိုးမြင့်လာသောကြောင့် ၂၆ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့် ရပ်ကွက်/ကျေးရွာ မြို့နယ်အဆင့်ဆင့်တွင် ပြည်သူလူထု၏ကိုယ်စား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထောက်အကူပြုအဖွဲ့များကို တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းပြီး သက်ဆိုင်ရာဌာန၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲ၍ တစ်နိုင်ငံလုံး၌ နေရာအလပ်မရှိ ဆောင်ရွက်သွားလျှင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသည် ထိရောက်အောင်မြင်မည်ဖြစ်ကြောင်းဖြင့် အဆိုတင်သွင်းရာ၌ ထည့်သွင်းတင်ပြခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံနှင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာများ၊ ဆောက်လုပ်ရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး၏ **“ပဲခူးတိုင်းဒေသကြီး၊ မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ်များတွင် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံတည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ စံချိန်စံညွှန်းတိုင်းတာရေး လုပ်ငန်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်သည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းဆိုသည်မှာ အင်ဂျင်နီယာလုပ်ငန်းများတွင် ကိုဓဥပဒေအဖြစ် စံသတ်မှတ်ထားခြင်းများဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများကို အခြေခံ၍ အသုံးပြုခဲ့ရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတား ၊ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ စက်မှု၊ ရေသန့်၊ လျှပ်စစ်လုပ်ငန်းများအတွက် စံချိန်စံညွှန်းအသစ်များကို ပြုစုရေးဆွဲအသုံးပြု

စာမျက်နှာ ၈ ကော်လံ ၃ သို့

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ်(၂၂)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက (၂၂)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိခွင့်ပြုစာဖြေဌာန (၆၉)ဌာနတို့၌ ၉-၆-၂၀၁၄ ရက်နေ့မှ ၁၃-၆-၂၀၁၄ရက်နေ့အထိ ငါးရက်တိုင်တိုင်ကျင်းပခဲ့ပါသည်။

၂။ အုပ်စု(၁)ခုဒ္ဒကနိကာယ(ဝိနယပိဋကတ) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၁၆၉)ပါး၊ လေးကျမ်းအောင်(၁၉၂)ပါး၊ သုံးကျမ်းအောင် (၁၈၇)ပါး၊ နှစ်ကျမ်းအောင် (၃၀၈)ပါး၊ တစ်ကျမ်းအောင် အပါး(၆၁၀)တို့ ဖြစ်ကြပါသည်။

ဝိနည်းငါးကျမ်းအောင် (၁၆၉) ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခုံအမှတ်၊ စက-၉၈၊ အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက်(၂၄)နှစ်၊ အဘ-ဦးတင်သောင်း၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။(ပထမ)

(ခ) ခုံအမှတ်၊ ရှိုး-၂၄၊ ရှင်ပညာစာရာလင်္ကာရ၊ အသက်(၂၀)နှစ်၊ အဘ-ဦးဝင်းမြင့်၊ မဟာမြတ်မုနိကျောင်းတိုက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။(ဒုတိယ)

(ဂ) ခုံအမှတ်၊ ဗဟ-၆၉၊ ရှင်ကုသလ၊ အသက်(၂၁)နှစ်၊ အဘ-ဦးစံပြုံး၊ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။(တတိယ)

(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ ဗဟ-၁၆၁၊ မနန္ဒမာလာ၊ အသက်(၂၄)နှစ်၊ အဘ-ဦးအေးမင်းလွင်၊ မဟာပညာရာမသီလရှင်စာသင်တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။(သီလရှင်-ပထမ)

၃။ အုပ်စု(၂)ဒီဃနိကာယ (သုတ္တန္တပိဋကတ)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁၂၂) ပါး၊ နှစ်ကျမ်းအောင် (၅၇)ပါး၊ တစ်ကျမ်းအောင် (၇၃) ပါးတို့ဖြစ်ကြပါသည်။

ဒီဃနိကာယ်သုံးကျမ်းအောင် (၁၂၂) ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊တမ-၉၊ အရှင်ဉာဏ၊ အသက်(၄၀)နှစ်၊ အဘ-ဦးအောင်ဘစိုး၊ အောင်မင်္ဂလာစာသင်တိုက်၊ တာမွေ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။(ပထမ)

(ခ) ခုံအမှတ်၊ ထီလာ-၁၅၊အရှင်ရာဇိန္ဒ၊ အသက်(၂၅)နှစ်၊ အဘ-ဦးမြင့်ဝေ၊ ပထမကျော်ဓမ္မာစရိယတိုက်သစ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။(ဒုတိယ)

(ဂ) ခုံအမှတ်၊ စဉ့်-၁၄၊ အရှင်ကဝိဓဇာလင်္ကာရ၊ အသက်(၄၂)နှစ်၊ အဘ-ဦးအောင်မောင်းကြည်၊ တိုက်ကျောင်း ပရိယတ္တိစာသင်တိုက်၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။(တတိယ)

(ဃ) ဒီဃနိကာယ်သုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ ထီလာ-၆၄၊ မဥဇ္ဇောတကာရီ၊ အသက်(၂၂)နှစ်၊ အဘ-ဦးတော၊ ဝမ်းတော်ပြည့်ကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။(သီလရှင်-ပထမ)

၄။ အုပ်စု(၃) မဇ္ဈိမနိကာယ (သုတ္တန္တပိဋကတ)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၂၂) ပါး၊ နှစ်ကျမ်းအောင် (၂၃)ပါး၊ တစ်ကျမ်းအောင် ငါးပါးတို့ဖြစ်ကြပါသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင် (၂၂)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ ကြို့-၃၊ အရှင်ဉာဏောဘာသ၊ အသက် (၃၂နှစ်)၊ အဘ-ဦးလှိုင်ထွေး၊ မဟာစည်သာသနာ့ရိပ်သာကျောင်း၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)။ (ပထမ)

(ခ) ခုံအမှတ်၊ ထီလာ-၂၊ အရှင်ကဝိန္ဒ၊ အသက်(၄၃)နှစ်၊ အဘ-ဦးထွန်းလှ၊ သာသနာ့ပဇ္ဇောတာရုံကျောင်း၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ စက-၃ ၊ အရှင်ဇဋိလ၊ အသက် (၃၇)နှစ်၊ အဘ-ဦးရီမောင်၊ မဟာသမုတိဒေးဒရဲအုဌ်ကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

၅။ အုပ်စု (၄) သံယုတ္တနိကာယ(သုတ္တန္တပိဋကတ)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၄)ပါး၊ နှစ်ကျမ်းအောင် (၁)ပါး၊ တစ်ကျမ်းအောင် (၆)ပါးတို့ဖြစ်ကြပါသည်။

သံယုတ္တနိကာယ်သုံးကျမ်းအောင် (၄)ပါးအနက် ပထမ၊ဒုတိယ၊ တတိယရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ စက-၂၊ အရှင်စန္ဒာဝရ၊ အသက် (၄၁)နှစ်၊ အဘ-ဦးဘကြည်၊ တကောင်းကျောင်းသစ်ကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ ရှိုး-၁၊ အရှင်ဝိစက္ခဏ၊ အသက် (၃၁)နှစ်၊ အဘ-ဦးတင်ဆောင်၊ ပန်အုပ်ကျောင်း၊ လားရှိုးမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ခ-၁၊ အရှင်ဉာဏိဿရာဘိဝံသ၊ အသက် (၄၀) နှစ်၊အဘ-ဦးတိုး၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၄) ထွက်ရှိ



* ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က နှစ်စဉ်ထုတ်ဝေနေကျ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၄)ကို ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။
* ယခုစာအုပ်တွင် မြန်မာ့သမိုင်းစက်မှုသိပ္ပံခေတ်ကို အစပျိုးခဲ့သော ကနောင်မင်းသားကြီး၊ တိုင်းရင်းသားလူမျိုးများ၏ သွေးစည်းညီညွတ်မှုကို သက်သေပြသည့် ပင်လုံညီလာခံ၊ ယခုအခါ ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သော ပျူမြို့ဟောင်းများ၊ သိပ္ပံရှုထောင့်နှင့် ဘာသာရေးရှုထောင့်မှ တင်ပြထားသည့် သဘာဝပတ်ဝန်းကျင်စနစ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆောင်ရွက်နေမှုများ၊ ၄၄ နှစ်အကြာတွင် အိမ်ရှင်နိုင်ငံအဖြစ် တတိယအကြိမ် လက်ခံကျင်းပခဲ့ပြီး အောင်မြင်မှုဆွတ်ခူးနိုင်ခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲစသည့် အထူးဆောင်းပါးကြီးများအဖြစ် ဖော်ပြထားပါသည်။
* ယခင်နှစ်များက အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့်ဦးနု၊ ဦးနေဝင်း၊ ဦးစိန်လွင်၊ ဗိုလ်ချုပ်မှူးကြီး စောမောင်၊ မောင်သော်က၊ မောင်ကိုယု၊ အောင်ဗလ၊ တင်မိုး၊ နိုင်ဝင်းဆွေ အစရှိသူတို့၏အထ္ထုပ္ပတ္တိများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။
* စွယ်စုံနှစ်ချုပ် (၂၀၁၄)တွင် စာမျက်နှာပေါင်း ၄၆၄ မျက်နှာကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာဖော်ပြထားရာ စာကြည့်တိုက်များ မှတ်တမ်းမှတ်ရာပြုလိုသူများ၊ ခေတ်ပြိုင်အကြောင်းအချက်အလက်များကို ပြုစုနေသူများအတွက် ရည်ညွှန်းစာအုပ်အဖြစ် ကိုးကားနိုင်ရန်ဖြစ်သည်။
* တစ်အုပ်လျှင် ရောင်းဈေး ၄၀၀၀ ဖြစ်သည်။
* မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၁၄ ကို အမှတ် ဝ-၅၅ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၄၁၄၆၈၁၊ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၃၈၁၄၄၈၊ ၀၁- ၂၄၉၀၃၁၊ အမှတ် ၂၄၅-၂၄၇ အနော်ရထာလမ်းနှင့် ၉ လမ်းထောင့် လမ်းမတော်မြို့နယ်ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေတို့တွင် ဝယ်ယူရရှိနိုင်ပါသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြနန်းတော်ဟိုတယ်၌ ကျင်းပသည့်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် GSM Association တို့ ပူးပေါင်း၍ မိုဘိုင်းဆက်သွယ်ရေးနည်းပညာအသုံးချရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

လျှက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစေရန် လုပ်ငန်းဆောင်ရွက်စဉ်နှင့် ဆောင်ရွက်ပြီးကာလတို့တွင်

ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။ (သတင်းစဉ်)

လမ်းအရှည်အသွေး ထိန်းသိမ်းကွပ်ကဲရေးအဖွဲ့က စစ်ဆေး၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တာဝန်ခံ အင်ဂျင်နီယာချုပ်များမှလည်း ကွင်းဆင်းစစ်ဆေးကာ သက်ဆိုင်ရာ အင်ဂျင်နီယာမှူးကြီး၊ ခရိုင်အင်ဂျင်နီယာမှူးများနှင့် အမြဲမပြတ်စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း၊ စစ်ဆေးရာတွင် စံချိန်စံညွှန်းပြည့်မီခြင်းမရှိပါက စံချိန်စံညွှန်း ပြည့်မီသည်အထိ ပြန်လည်ဆောင်ရွက်စေခြင်းဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့များတွင် အခြေခံပညာကျောင်းတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းစိစစ်ရေးလုပ်ငန်းများကို မြို့နယ်အဆင့် ကျောင်းဆောက်လုပ်ရေးကြီးကြပ်မှု ကော်မတီကိုဖွဲ့စည်း၍ ကော်မတီစစ်ဆေးတွေ့ရှိချက်အရ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ အဆိုပါမြို့နယ် သုံးမြို့နယ်အတွင်းရှိသည့်ဆေးရုံ၊ ဆေးပေးခန်းနှင့် ကျန်းမာရေးဌာနအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ရန် မြို့နယ်ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းစတင်သည့် အချိန်မှစပြီး ၁၀၀ ရာခိုင်နှုန်း ပြီးစီးသည်အထိ အမြဲမပြတ် ကြပ်မတ်စောင့်ကြည့်ကာ လုပ်ငန်းပြီးစီးမှုကို နှစ်ပတ်တစ်ကြိမ် အထက်အဆင့်အဖွဲ့အစည်းများသို့ အစီရင်ခံတင်ပြ၍ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော်၏ **"နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နေထိုင်ရန် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူလူထု နေထိုင်ရေးအဆင်ပြေစေရန် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီး ၂၈ မြို့တွင် အိမ်ရာစခန်းပေါင်း ၄၈ ခုတည်ဆောက်ထားပါကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအောင်ချိုဦး မေးမြန်းစဉ်။ (သတင်းစဉ်)

အထိ ပြည်သူ့အိမ်ရာ၊ ဝန်ထမ်းအိမ်ရာစသည့် နိုင်ငံပိုင် အငှားချအိမ်ခန်းယူနစ်ပေါင်း ၁၅၁၈၀ ယူနစ် ဖြည့်ဆည်းပေးထားခဲ့ရာ ဝန်ထမ်းအိမ်ရာ အိမ်ခန်းယူနစ် စုစုပေါင်း ၃၄၀၇ ယူနစ်ဖြစ်ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံ့ဝန်ထမ်းများ၏ နေထိုင်ရေးလိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် ဒေသအသီးသီးတွင် ဝန်ထမ်းအိမ်ရာအသစ်များ ထပ်မံဆောက်လုပ်ပေးခဲ့ပါကြောင်း၊ ဌာနဆိုင်ရာအချို့မှာလည်း မိမိတို့အစီအစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ထံ ရန်ပုံငွေတောင်းခံပြီး ဌာနပိုင်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခဲ့ပါကြောင်း၊ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရငွေလုံးငွေရင်း ရန်ပုံငွေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရငွေလုံးငွေရင်း ရန်ပုံငွေဖြင့်လည်းကောင်း ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်များ ထပ်မံဆောက်လုပ်ခဲ့ရာ ၂၀၁၂-၂၀၁၃ မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ သုံးနှစ်ကာလအတွင်း ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲ ဝန်ထမ်းအိမ်ရာ ၁၉၆ ခု၊ အိမ်ခန်း ယူနစ်ပေါင်း ၂၅၄၀ ထပ်မံတိုးမြှင့် ဆောက်လုပ်ခဲ့ပါကြောင်း။

ယနေ့အထိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဝန်ထမ်းအိမ်ရာ စုစုပေါင်း ၁၁၁၃ လုံးနှင့် အိမ်ခန်းယူနစ်ပေါင်း ၅၉၄၇ ဆောက်လုပ်ဖြည့်ဆည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုနှင့်အညီ အစိုးရဌာနများ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းများကြောင့် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်များရှိနေသည့်

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀ ။)

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင် -

(က) ပုဒ်မ ၁၊ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) ဤဥပဒေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာနအမျိုးအစားအားလုံးနှင့် သက်ဆိုင်စေရမည်။"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) **ခွင့်ရက်**ဆိုရာတွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက်နှင့် မီးဖွားခွင့်ရက်တို့ ပါဝင်သည်။"

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၄) **အလုပ်သမား**ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမားနှင့်အမြဲတမ်းအလုပ်သမား အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကိုဆိုလိုသည်။ သို့ရာတွင် အောက်ပါတို့ မပါဝင်ချေ-

(က) ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာန လုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို(အရင်း)၊ ညီအစ်မ (အရင်း) နှင့် မောင်နှမအရင်းများ၊

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းကဖြစ်စေ သို့မဟုတ် စီးပွားရေးလုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေ ရရှိသော အမြတ်အစွန်းထဲမှ အခကြေးငွေကို မိမိ၏ဝေစုအဖြစ်ဖြင့်ရရှိသူများ၊

(ဂ) ထမင်းချက်၊ အိမ်သန့်ရှင်းရေး၊ ကလေးထိန်းနှင့် အစောင့်၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့်သော်လည်းကောင်း၊ လစာငွေနှင့်သော်လည်းကောင်း ပေးရန်ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ ရရှိသော နိုင်ငံ့ဝန်ထမ်းများ။"

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၇) ၌ပါရှိသော "မှတ်ပုံဝင်ဆရာဝန်"ဆိုသည့် စကားရပ်ကို "မှတ်ပုံတင်ဆရာဝန်"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "မြန်မာနိုင်ငံ ပရဆေးဆိုင်ရာအက်ဥပဒေ" ဆိုသည့်စကားရပ်ကို "မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "တည်ဆဲတရားဥပဒေတစ်ရပ်ရပ်"ဆိုသည့်စကားရပ်ကို "တည်ဆဲဥပဒေတစ်ရပ်ရပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "နိုင်ငံတော်သမ္မတ" ဆိုသည့် စကားရပ်ကို "ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ (၈) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(၈) **အလုပ်ပိတ်ရက်** ဆိုသည်မှာ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့်အများပြည်သူအလုပ်ပိတ်ရက်တို့ကိုဆိုသည်။"

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) တို့၌ ပါရှိသော "အများအလုပ်ပိတ်ရက်" ဆိုသည့် စကားရပ်ကို "အများပြည်သူအလုပ်ပိတ်ရက်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(၁)၌ ပါရှိသော "ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများအတွက် ရုံးပိတ်ရက်များ"ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အများပြည်သူအလုပ်ပိတ်ရက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၃)၏ နောက်တွင် ပုဒ်မခွဲ(၄)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး တစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေအပြည့်ဖြင့် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ ခွင့်ပြုပေးရမည်။"

၆။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(၂)၌ ပါရှိသော "မှတ်ပုံဝင်ဆရာဝန်"ဆိုသည့်စကားရပ်ကို "မှတ်ပုံတင်ဆရာဝန်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၃)ကို ပယ်ဖျက်ရမည်။

၈။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၇ ၏နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၇-က။ ကိုယ်ဝန်ဆောင်အမျိုးသမီးအလုပ်သမားများအား မီးမဖွားမီ ရက်သတ္တပတ်ခြောက်ပတ်နှင့်မီးဖွားပြီး ရက်သတ္တပတ် ရှစ်ပတ်ကို သက်ဆိုင်ရာအခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။ မီးဖွားခွင့်ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့် ဆက်စပ်ခံစားခွင့်ပြုနိုင်သည်။"

၉။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ၁၂၊ ပုဒ်မခွဲ(၂)၌ ပါရှိသော"နိုင်ငံတော်သမ္မတ" ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ၁၃ ၌ ပါရှိသော "နိုင်ငံတော်သမ္မတသည်"ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၁။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။"

၁၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၈)ပါ ဇယားကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်တွင်းသတင်း

လွမ်းသူ့အားမာန်

* မိုးစက်ပွင့်တွေ၊ လွင့်ကြွေခုန်ပေါက်
သည်ချိန်ရောက်တိုင်း
ချောက်ချားတုန်ယင်၊ ခုန်သောရင်ဖြင့်
မြင်ကွင်းပုံရိပ်၊ ရှေးအတိတ်ကို
စိတ်ထဲမှာ မှန်း၊ မြင်ယောင်တမ်းသော်
အလွမ်းတောင်သို့ မို့တော့သည်။
* လွတ်လပ်တော့မည်၊ တို့တိုင်းပြည်ကို
ဇာနည်အောင်ဆန်း၊ ခေါ်သည့်လမ်း၌
ဖြောင့်တန်းညီညာ၊ လျှောက်လှမ်းလာခိုက်
မသမာကျား၊ နယ်ချဲ့များ၏
ကြားဝင် ခလောက်ဆန်၊ အကောက်ဉာဏ်ကြောင့်
နိုင်ငံပြည်လုံး၊ ကြိမ်မီးအုံးသို့
ညှိုးချုံးကြွေလု၊ ပူပန်မှုဖြင့်
ပြည်သူ့ရွှေရင် ဆို့တော့သည်။
* ဩော်....မိုးစက်ပွင့်တွေ
လွင့်ကြွေခုန်ပေါက်၊ သည်ချိန်ရောက်တိုင်း
တက်ခေါက်အံကြိတ်၊ နာကြည်းစိတ်ဖြင့်
အတိတ်သမိုင်း၊ ဖြစ်စဉ်ရိုင်းကို
ရင်လှိုင်းခတ်မျှ၊ သတိရလျက်
လွမ်းတမူတွေ၊ တဝေဝေနှင့်
ပန်းခွေပန်းခြင်း၊ ပို့ဆောင်နှင်းလျက်
လွမ်းချင်းညီညီ၊ ရင်တွင်းဆီဝယ်
ပြည်ချစ်အောင်ဆန်း၊ ညွှန်သည့်လမ်းအတိုင်း
စိတ်ဝမ်းမကွဲ၊ သွေးစည်းမြဲလျက်
လက်တွဲညီညီ၊ ရှေ့သို့ချီမည်
ပြည်ထောင်စုကြီး သာယာဖို့
အားမာန်သစ်စို့ ပြည်သူတို့
ရှေ့ဆက်ညီညွတ်ကြပါစို့။ ။

မြင်းမူမောင်နိုင်မိုး

ထန်တလန်မြို့နယ် ထလန်ခွာအကျေးရွာ ဖာရဲထွာဗား အသေးစားရေအားလျှပ်စစ်ဖွင့်

ထန်တလန် ဇူလိုင် ၁၈

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုကြီးကြပ်ရေးဦးစီးဌာန (နတလ)၏ ရန်ပုံငွေကျပ် ၄၈ ဒသမ ၇ သန်းဖြင့် ငါသိုင်းနူးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ထန်တလန်မြို့နယ် တလန်ခွာကျေးရွာ ဖာရဲထွာဗားအသေးစားရေအားလျှပ်စစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီခွဲက တလန်ခွာကျေးရွာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ ငါသိုင်းနူးကုမ္ပဏီမှ ဒါရိုက်တာ ဦးရွှေထီယိုနှင့် ရပ်မိရပ်ဖဦးဟာရမ်အဲရ်တို့က ဖဲကြိုးဖြတ်ပြီး **(အောက်ပုံ)** ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျင့်လျန်ပေါင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ကျေးရွာပြည်သူများနှင့် အခမ်းအနားကို ကျင်းပရာ ပြည်နယ်လျှပ်စစ်၊ စက်မှုဝန်ကြီးနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ ထန်တလန်မြို့နယ်တာဝန်ခံ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်းတို့က အမှာစကားပြောကြားပြီး လျှပ်စစ်ဓာတ်အားပြီးစီးမှု အခြေအနေကို ငါသိုင်းနူးကုမ္ပဏီမှ ဒါရိုက်တာက ရှင်းလင်းကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ထို့နောက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် ပြည်သူတို့ပူးပေါင်းဆောက်လုပ်သော ချန်ထန်စာကြည့်တိုက်အတွက် လှူဒါန်းပွဲကို အဆိုပါစာကြည့်တိုက်ရှေ့၌ ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက ငွေကျပ် နှစ်သိန်း၊ ထန်တလန်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးရမ်ခါရ်ကငွေကျပ် တစ်သိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအမ်းအင်းလမ်းက သုတရသစာအုပ် ၃၆ အုပ်တို့ကို ပေးအပ်လှူဒါန်းရာ တလန်ခွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဒါရ်ဝုန်းက လက်ခံယူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဒေသများရှိ အစိုးရဌာနများအားလုံး၏ ဒေသခံဝန်ထမ်းဦးရေ၊ ပြောင်းရွှေ့ဝန်ထမ်းဦးရေ စာရင်းများကောက်ယူ ဆန်းစစ်၍ လိုအပ်သည့်ဝန်ထမ်းအိမ်ရာအရေအတွက်ပြုစုကာ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ သက်ဆိုင်ရာဒေသ၏ နှစ်ရှည်၊ နှစ်တိုစီမံကိန်းများအတွင်း နှစ်စဉ်ထပ်မံတိုးချဲ့ ဆောက်လုပ်သွားရန်ရှိပါကြောင်းနှင့် ဝေးလံခေါင်းပါးသော ဒေသများကို ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက အကြံပြုထားပါကြောင်းဖြင့်ဖြေကြားသည်။

ထို့နောက် **အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

ဇ၄င်းလေယာဉ်များသည် ခရီးသည် ၉၀ အထိတင်ဆောင်ပျံသန်းနိုင်မည်ဖြစ်သည်။ ထို့အပြင် ဘရာဇီးနိုင်ငံထုတ် ERJ 145 လေယာဉ်ခြောက်စင်းကိုလည်း ငှားရမ်းအသုံးပြု ပျံသန်းပြေးဆွဲပေးမည်ဖြစ်ပြီး ယင်း ERJ 145 ခရီးသည်တင် ဂျက်လေယာဉ်အမျိုးအစား ခြောက်စင်းသည် လာမည့်စက်တင်ဘာလတွင် နှစ်စင်း၊ နောက်နှစ်ဖေဖော်ဝါရီလနှင့် ဇွန်လတို့တွင် နှစ်စင်းစီ ထပ်မံရောက်ရှိပျံသန်းပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ERJ 145 လေယာဉ်သည် ခရီးသည် ၅၀ အထိ တင်ဆောင်ပျံသန်းနိုင်မည်ဖြစ်သည်။

" ကျွန်တော်တို့ အဲမန္တလေး လေကြောင်းလိုင်းအနေနဲ့ မြန်မာနိုင်ငံရဲ့ ပွင့်လင်းမြင်သာမှုနဲ့အတူ လေကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးလာတာကြောင့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေ၊ နိုင်ငံခြားခရီးသွားတွေ လိုရာခရီးကို အချိန်တိုအတွင်း လျင်လျင်မြန်မြန်နဲ့ သွားလာနိုင်ဖို့ရည်ရွယ်ပြီး အခုလို ဝယ်ယူတာတွေ၊ ငှားရမ်းပြီး တိုးချဲ့ ပျံသန်းပြေးဆွဲပေးတာတွေ လုပ်ဆောင်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာက ပြည်တွင်းလေကြောင်းခရီးကို အခြားနိုင်ငံတွေလို နေ့၊ ည ပျံသန်းပြေးဆွဲပေးတာ မရှိပါဘူး။ ဒါ့ကြောင့် နေ့ခင်းဘက်မှာတင် တစ်ကြိမ်မက၊ နှစ်ကြိမ်အထိပါ ခေါက်ပြန်တိုးချဲ့ပျံသန်းပြေးဆွဲပေးဖို့ အခုလို မြန်နှုန်းမြင့်လေယာဉ်တွေကို တိုးချဲ့ပျံသန်းပြေးဆွဲပေးဖို့ လုပ်ဆောင်ရခြင်းဖြစ်ပါတယ်" ဟု အဲမန္တလေး လေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ် Mr. Gary J. Villiard က ပြောကြားသည်။

အဲမန္တလေး လေကြောင်းလိုင်းသည် ၁၉၉၄ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ပြည်တွင်းလေကြောင်းလိုင်းအနေဖြင့် စတင် ပျံသန်းပြေးဆွဲခဲ့ပြီး ယခုအခါ ATR 72 (212) လေယာဉ်နှစ်စင်းနှင့် ATR 42 (320) လေယာဉ်တစ်စင်းတို့ဖြင့် ရန်ကုန်မြို့ကို အခြေစိုက်၍ ပုဂံ၊ ဟဲဟိုး၊ စစ်တွေ၊ ကျောက်ဖြူ၊ လားရှိုး၊ ထားဝယ်၊ မြစ်ကြီးနားနှင့် နိုင်ငံတစ်ဝန်းရှိမြို့များသို့ နေ့စဉ်ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။ အဲမန္တလေး လေကြောင်းလိုင်းသည် နိုင်ငံတွင်းခရီးသွားဝန်ဆောင်မှုအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ပခရီးသွားများကို စင်းလုံးငှားလေယာဉ်များဖြင့် ပြည်တွင်း၊ ပြည်ပမြို့များသို့ ပျံသန်းပြေးဆွဲပေးသွားမည် ဖြစ်သည့်အပြင် ထပ်မံ၍ ခရီးစဉ်များတိုးချဲ့ပျံသန်းဖြစ်ပါက ယင်းကဲ့သို့ မြန်နှုန်းမြင့်ခရီးသည်တင်လေယာဉ်လေးစင်းကိုလည်း ဝယ်ယူရန် အလားအလာရှိနေကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

မန္တလေး ဇူလိုင် ၁၈

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနနှင့် Department of Earth Sciences,University of Oxford, United Kingdom တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးရာ၌ နှစ်နိုင်ငံ တက္ကသိုလ်နှစ်ရပ်အကြား ဘူမိဗေဒပညာရပ် နယ်ပယ်တွင် ပေါင်းစည်းဆောင်ရွက်ခြင်း၊ တွင်းထွက်ပညာနှင့် ပညာရပ်နယ်ပယ်များတွင် သုတေသနပူးပေါင်းပြုလုပ်ခြင်း၊ လက်တွေ့ကွင်းဆင်း ခရီးစဉ်များပူးတွဲပြုလုပ်ခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် ခေတ်မီသင်ကြားရေးနည်းစနစ်များမျှဝေခြင်း စသည်တို့ ပါဝင်ကြောင်း သိရသည်။

ထို့နောက် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်သင်းနှင့် Prof. Nick Rawlins,Pro-Vice-Chancellor တို့သည် အပြန်အလှန်လက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။ ထို့နောက် Prof. Nick Rawlins, Pro-Vice-Chancellor နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ် ဘူမိဗေဒပြတိုက်၊ University Research Centre နှင့် တက္ကသိုလ်စာကြည့်တိုက်တို့ကို သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ University of Oxford မှ ကိုယ်စားလှယ်များဖြစ်ကြသော Prof.Nick Rawlins,Pro-Vice-Chancellor Prof.Gideon Henderson, Head of Department of Earth Sciences နှင့်အဖွဲ့၊ မန္တလေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာမောင်သင်း ဦးဆောင်၍ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး)များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မန္တလေးတက္ကသိုလ်အနေဖြင့် ဂျာမနီ၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယား၊ ထိုင်း၊ ဩစတြေးလျနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများ (MoU) လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အောင်ကျော်ထိုက်

❊ *ကျောဖုံးမှ*

လမ်းမကျယ်ကြီး နှစ်လမ်းကိုဖြတ်ကူးသွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် တည်ဆောက်ပေးရခြင်းဖြစ်သည်ဟု သိရသည်။

တံတားအောက်ခြေ တိုင်မကြီးများနှင့် လမ်းကူးတံတားတို့ကို သံကူကွန်ကရစ်တည်ဆောက်မည်ဖြစ်ပြီး အရှည်ပေ ၂၂၀၊ လူကူးတံတားအကျယ် ၁၂ ပေ၊ မြေပြင်ကတ္တရာလမ်းနှင့် တံတားပေါင်အောက်ခြေ ပေ ၂၀ မြင့်မည်ဟု သိရသည်။ ၂၀၁၄ ခုနှစ် ဧပြီလမှ စတင်ပန္နက်ရိုက်ဆောက်လုပ်ခဲ့ရာ စက်တင်ဘာလ အကုန်ပြီးစီးရန် လျာထားသတ်မှတ်ကြောင်း တာဝန်ခံအင်ဂျင်နီယာက ပြောသည်။ အလားတူ လမ်းဖြတ်ကူး၊ မိုးပျံတံတားနှစ်စင်းကိုလည်း ကမ္ဘာအေးဘုရားလမ်း၊ ဂမုန်းပွင့်ကုန်တိုက်ရှေ့တွင် တစ်စင်းနှင့် မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းခွဲနေရာတွင် တစ်စင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ဒလမြို့နှင့် ပန်းဆိုးတန်းဆိပ်ကမ်းနှစ်ဖက်စလုံးတွင် ဆိပ်ခံဇောတံတားအသစ်များ တည်ဆောက်နေပြီဖြစ်သည့်အပြင် မကြာမီ ဂျပန်နိုင်ငံမှ ရောက်ရှိလာတော့မည့် ကူးတို့ရေယာဉ်အသစ်များနှင့်အတူ မိုးပျံတံတားသစ်ကြီးပါ ခံ့ညားထည်ဝါစွာ ပေါ်ထွက်လာတော့မည်ဖြစ်၍ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြတော့မည်ဖြစ်၍ ပြည်သူအများ ဝမ်းပန်းတသာ ကြိုဆိုလျက်ရှိနေပါကြောင်း သတင်းမြင်ကွင်းအဖြစ် ရေးသားတင်ပြအပ်ပါသည်။

❒ *ကျောဖုံးမှ*

နှစ်ရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်ဖြင့် ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းအကောင်အထည်ဖော်သွားမည်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကာလအတွင်း ဓာတ်ဆီဂါလန် ၇၀ ဒသမ ၅ သန်းနှင့် ဒီဇယ်ဂါလန် သန်း ၄၀ ခန့် ထုတ်လုပ်ခဲ့သည်။ သို့သော် ယင်းကာလအတွင်း ပြည်တွင်းအသုံးပြုမှုကိုကြည့်လျှင် ဓာတ်ဆီဂါလန် ၁၆၈ သန်းရှိပြီး ဒီဇယ်ဂါလန် သန်း ၃၇၀ ခန့်ရှိခဲ့သည်။

ထို့ကြောင့် တစ်နိုင်ငံလုံးအတွက် ဓာတ်ဆီလိုအပ်ချက်၏ ၄၂ ရာခိုင်နှုန်းနှင့် ဒီဇယ် ၁၁ ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ထိုသို့ လိုအပ်မှုကြောင့် ဓာတ်ဆီဂါလန် ၉၇ သန်းနှင့် ဒီဇယ်ဂါလန် သန်း ၃၃၀ ခန့်ကို ပြည်ပမှ မှာယူတင်သွင်းနေရသည်။

ယခုအခါ ပြည်တွင်း၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ အသုံးပြုနိုင်ရေးအတွက် ပြည်ပကုမ္ပဏီများနှင့် အလုပ်လုပ်ကိုင်တော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ယန်းငွေသန်း ၁၅၀ ဖြင့် ရောင်းချမည့် ဂေါ်ဇီလာရွှေစင်ရုပ်တု

ဘာသာပြန် ကျော်သဲအိမ်

တိုကျို ဇူလိုင် ၁၈

တိုကျိုအခြေစိုက် တာနာကာကီကင်ဇိုကူ စိန်ရွှေရတနာ ကုမ္ပဏီသည် မူရင်း ဂျပန်ဇာတ်ကားတစ်ကားဖြစ်သော ဂေါ်ဇီလာရုပ်ရှင်ဇာတ်ကား၏ နှစ်(၆၀)မြောက် အထိမ်းအမှတ်အဖြစ် ယန်းငွေသန်း ၁၅၀ တန်ကြေးရှိ ဂေါ်ဇီလာရွှေစင်ရုပ်တုတစ်ခု ပြုလုပ်ရန် ဇူလိုင် ၁၃ ရက်က အော်ဒါရရှိခဲ့ကြောင်း ကျိုဒိုသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

တာနာကာ ကီကင်ဇိုကူ ကုမ္ပဏီသည် ၄င်း၏ဆိုင်ခွဲကိုးဆိုင်အတွက် ဂေါ်ဇီလာ ရွှေစင်ရုပ်တုကိုးခုပြုလုပ်မည်ဖြစ်ပြီး အချိန်ကာလအားဖြင့် နှစ်လခန့် ကြာမည်ဖြစ်ကြောင်း၊ ရုပ်တုတစ်ခုလျှင် ရွှေစင် ၁၅ ကီလိုဂရမ် အသုံးပြုသွားမည်ဖြစ်ပြီး ရုပ်တု

မှာ အမြင့် ၂၄ စင်တီမီတာ၊ အနံ ၁၉ စင်တီမီတာနှင့် အလျား ၃၅ စင်တီမီတာရှိမည်ဖြစ်ကြောင်း ဆိုသည်။

ထို့ပြင် အဆိုပါ စိန်ရွှေရတနာကုမ္ပဏီသည် ဇူလိုင် ၂၅ ရက်၌ ဂျပန်နိုင်ငံတွင်ပြသမည့် ဟောလိဝုဒ်ဗားရှင်းဂေါ်ဇီလာဇာတ်ကားရုံတင်ပြသမည့် အထိမ်းအမှတ်အဖြစ် နောက်ထပ် ဂေါ်ဇီလာရွှေစင်ရုပ်တု တစ်ခုကိုလည်း ပြုလုပ်မည်ဖြစ်သည်။ ယင်းရွှေစင်ရုပ်တုများအနက် တစ်ခုကို တိုကျိုမြို့ရှိ ရှိတူယာဟိကာရီ ရှော့ပင်းစင်တာတွင် ဇူလိုင် ၂၀ ရက်မှ ၂၉ ရက်အထိ ပြသထားမည်ဟု သိရသည်။ **(ကျိုဒိုသတင်းဌာန)**

(၁၂၈)ကြိမ်မြောက်သွေးလှူ

မြန်မာနိုင်ငံ စာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး သုခမ္မမဏိဇောတခရေ ဘွဲ့တံဆိပ်ရ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)စာပေဆုများနှင့် လူမှုထူးချွန်(ပထမဆင့်)ဆုရှင်သည် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၅၀၀)တွင် ဇွန် ၃၀ ရက်က (၁၂၈)ကြိမ်မြောက် (အေဘီ) သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ငါးမျိုးစိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ငါးမျိုးစိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က လျှိုပိတ်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးပြီး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း သားပေါက် စုစုပေါင်းကောင်ရေ ၆၀၀၀ ကို စိုက်ထည့်ကြသည်။ ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး အဝင်လမ်းနှင့်ရုံးအနောက်ဘက် အဝင်လမ်းထောင့်ဆုံရာ ပတ်ဝန်းကျင်ပရိဝုဏ်တို့၌ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့က ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ သစ်ပင်ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ စိန်ပန်း၊ ပန်းမဲဇလီ ၂၀၀ စီ၊ ကုက္ကို၊ ကံ့ကော်၊ ခရေ၊ ငုရွှေဝါ၊ စွယ်တော်၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ ၁၀၀စီ စုစုပေါင်း အရိပ်ရလေကာပင် သစ်ပင်ပျိုးပင် ၁၄၀၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းကားနှင့် ကုန်တင်ကားတိုက်

ရန်ကုန် ဇူလိုင် ၁၈

ဇူလိုင် ၁၈ရက် နံနက် ၇ နာရီခွဲခန့်က အလုံမြို့နယ် သစ်တောလမ်းထိပ် ကွန်ကရစ်လမ်းသစ်ကြီးပေါ်၌ ကျောင်းကားငယ်တစ်စီးနှင့် ကုန်တင်တီအီးဟီးနိုးယာဉ်တို့ တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ရပ်ကွက်အတွင်းမှ ကျောင်းသားကြိုပြီးထွက်လာသော Toyota ၈င/----မှာ ကမ်းနားလမ်း ကွန်ကရစ်လမ်းသစ်ပေါ်အရောက်၌ မြောက်မှတောင်သို့ မောင်းနှင်လာသည့် 4A/------တီအီးဟီးနိုးကုန်တင်ယာဉ်တို့ အရှိန်မထိန်းနိုင်ဘဲ တိုက်မိခဲ့ကြသည်။

ကြေမွပျက်စီး

ယာဉ်တိုက်မှုကြောင့် တီအီးရှေ့ဘန်ဘာမှာ ကောက်ဝင်သွားပြီး ကျောင်းကား၏ ဘယ်ဘက်ရှေ့ဦးခေါင်းပိုင်းအခြမ်း အနည်းငယ်ပျက်စီးသွားပြီး ကားတံခါးမှန်များ ကြေမွပျက်စီးသွားခဲ့သည်။

ကျောင်းကားပေါ် လိုက်ပါလာသည့် ကျောင်းသားကျောင်းသူများကို အနီးဝန်းကျင်မှသူများက အကူအညီပေးခဲ့ကြပြီး သက်ဆိုင်ရာ မိဘ၊ ကျောင်းများသို့ အကြောင်းကြားပေးခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ကျောင်းသားကျောင်းသူလေးများ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

ကိုကြီးတင်

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၇၁၃၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၇-၂၀၁၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၁၄)ကော်လံ ၅ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒဂုံဆိပ်ကမ်းမြို့နယ်အစား ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဒေါ်စန်းစန်းဝေ
၇/ပခန(နိုင်)၁၄၅၄၃၈

ကန့်ကွက်နိုင်ပါသည်

ရွှေပြည်သာမြို့၊ ဈ/၃၂/၁၂/၇၄၇ ယင်းမာလမ်းနေ ဦးချစ်ဝေဦး ၇/လပတ(နိုင်) ၀၈၉၂၄၅၏ ဏ/၁၄/၆၁၉(က+ခ)၊ ပေ(၄၀×၆၀)မြေကွက်အား ကျွန်တော် ဦးရဲဂျူးလှ ၁၃/တခလ(နိုင်)၀၄၁၆၄၃က ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးရဲဂျူးလှ
ဖုန်း-၀၉-၄၂၈၂၂၇၁၈၄

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ အောင်ချမ်းသာ (တိုးချဲ့)၊ မြေကွက်အမှတ် ၁၉၇၀ ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ခန့်၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကခန့်ရှိ ပါမစ်မြေကွက်အလွတ်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးမောင်မောင်မြင့် ၁၄/ညတန(နိုင်)၁၀၃၀၁၃ ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်အေးသီတာမြင့် ၉/မရမ(နိုင်)၀၀၃၇၁၇ က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိမ့်ဖြူနိုင်	ဒေါ်ရတနာနွေး	ဦးနိုင်မင်း
LL.B, D.B.L,DML	LL.B, D.B.L	LL.B
(စဉ်-၂၉၇၄၆)	(စဉ်-၃၉၄၉၇)	(စဉ်-၃၈၀၃၀)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၂၂၁၄၂၊ ၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၇၀၉၅ Honda Insight Hatch Bads ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၁၂/မဂတ(နိုင်)၀၄၂၀၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ [illegible] အမှတ်-၆/ဘီ တွင် မှတ်ပုံတင်ထားသော ကျွန်ုပ်တို့၏မိတ်ဆွေ NEW LINK MARKETING LIMITED သည် JOHN WALKER & SONS LTD Vs U THAN SHWE (1968.B.L.R. (c-c) Page 73) တွင် ဆုံးဖြတ်ထားသောမူနှင့်အညီ စာချုပ်အမှတ် IV 4155/14 ဖြင့် မှတ်ပုံတင်ထားပြီး

Apache
R-IV 4155/14
ကုန်အမှတ်တံဆိပ်ဖြင့်

(၁) [illegible] အမျိုးမျိုးနှင့် [illegible] အမျိုးမျိုး (၂) [illegible] အမျိုးမျိုး (၃) [illegible] အမျိုးမျိုး (၄) [illegible] အမျိုးမျိုး (၅) [illegible] အမျိုးမျိုး နှင့် (၆) [illegible] အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေပြီး ဖြစ်ပါသည်။

ထို့ကြောင့် ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးသော [illegible] ပစ္စည်းများတွင် Apache ကုန်အမှတ်တံဆိပ်ကို အတုယိုးမှားပြုလုပ်ခြင်းမပြုရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

[illegible] (LLB) — ဒေါ်[illegible] B.A (Law) LLB
[illegible]
ဖုန်း- [illegible]

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မွန်ပြည်နယ်၏ သမဝါယမလုပ်ငန်းစဉ်များ အရှိန်မြှင့်တင်နိုင်ရေး ပြည်နယ်အစိုးရကြိုးပမ်း

မော်လမြိုင် ဇူလိုင် ၁၈

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများအတွက် အရေးပါသည့် မွန်ပြည်နယ်အတွင်း သမဝါယမအသင်းများနှင့် လုပ်ငန်းစုများအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်နယ်အတွင်း မြို့နယ်များအားလုံးရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံနိုင်ရေး ဆောင်ရွက်သွားကြရန် ဇူလိုင် ၁၆ ရက်က မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် သမဝါယမအသင်းများနှင့် လုပ်ငန်းစုများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ပြောကြားသည်။

ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက မွန်ပြည်နယ်အတွင်း သမဝါယမအသင်းများ ဖွဲ့စည်းထားရှိမှု၊ သမဝါယမအသင်းစုများမှ ချေးငွေများ ထုတ်ပေးမှုအခြေအနေ၊ သမဝါယမအသင်းများနှင့် လုပ်ငန်းစုများမှ တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ အားနည်းချက် အားသာချက်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းများအကြောင်းကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မွန်ပြည်နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် သမဝါယမအသင်းများနှင့် လုပ်ငန်းစုများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ တင်ပြချက်များနှင့် ပတ်သက်ကာ ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။ သမဝါယမလုပ်ငန်းသည် ကျေးလက်နေပြည်သူများအတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိရန်အတွက် မျှော်လင့်ချက်တစ်ခုဖြစ်ခြင်းကြောင့် မွန်ပြည်နယ်အတွင်း သမဝါယမလုပ်ငန်းစုများ ပိုမိုပေါ်ထွက်လာစေရန်နှင့် အသင်းသားများအတွက် ခိုင်မာသည့် အာမခံချက်များ၊ ဆောင်ရွက်ပေးမှုများလည်း လိုအပ်ကြောင်း အဆိုပါ ဆွေးနွေးပွဲမှ သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

စဉ့်ကိုင်မြို့နယ်၌ တီဘီလူနာများ ရှာဖွေကုသခြင်း ဆောင်ရွက်မည်

စဉ့်ကိုင် ဇူလိုင် ၁၈

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း နှင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုးရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် စဉ့်ကိုင်မြို့နယ်ရှိ ရပ်ကွက်ကျေးရွာများတွင် အရှိန်အဟုန်မြှင့် တီဘီလူနာရှာဖွေခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဇူလိုင် ၁၅ ရက်က စဉ့်ကိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် အသိပေးဆွေးနွေးပွဲမှ သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်း အရှိန်အဟုန်မြှင့် တီဘီလူနာရှာဖွေခြင်းလုပ်ငန်းစဉ်များအဖြစ် မြို့နယ်ကျန်းမာရေးဌာန၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ရပ်ကွက်နှင့် ကျေးရွာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိသူများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများထဲမှ အခြေခံသတ်မှတ်ချက်နှင့် ကိုက်ညီသူ စေတနာ့ဝန်ထမ်း ၂၂ ဦးကို သုံးလသင်တန်းပေးခဲ့ပြီး မြို့နယ်အတွင်းရှိ ပလိပ်စက်ရုံအပါအဝင် ကျေးရွာပေါင်း ၁၅ ရွာနှင့် မြို့မရပ်ကွက်၊ တရုတ်စုရပ်ကွက်တို့မှ လူဦးရေ ၆၆၁၄၆ တို့ကို စစ်ဆေးခဲ့သည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် မြန်မာစာစွမ်းရည်ပြိုင်ပွဲကျင်းပ

မန္တလေး ဇူလိုင် ၁၈

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြန်မာစာ အဆင့်မြင့်သင်တန်း ကျောင်းသား ကျောင်းသူများ၏ စကားပြောစွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါ တက္ကသိုလ်အတွင်းရှိ ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာဇော်လင်း၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ် ဆရာကြီး ဒေါက်တာအောင်နိုင်စိုးတို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာဘာသာဌာန ပါမောက္ခ (ဌာနမှူး)ဆရာမကြီးက စကားပြောစွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အမှတ်ပေး စည်းမျဉ်းများကို ပြောကြားပြီး စကားပြောစွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ ကျောင်းသားကျောင်းသူလေးများက ခေါင်းစဉ်အလိုက် ပါဝင်ယှဉ်ပြိုင်ကြသည်။ ၎င်းနောက် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အကဲဖြတ်ပေးသော ပါမောက္ခဆရာမကြီးများအား မြန်မာဘာသာဌာန ပါမောက္ခဌာနမှူးက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ သင်ကြားတတ်မြောက်မှု အရည်အသွေးကို ပြသသည့် ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲဝင်များကို အသံပီသမှုရှိခြင်း၊ ကိုယ်နေဟန်အမူအရာမှန်ကန်ခြင်း၊ ပြောကြားသည့် အကြောင်းအချက်အလက်များ၊ ခေါင်းစဉ်နှင့် အကြောင်းအရာလိုက်ဖက်ခြင်း စသည်တို့ဖြင့် အမှတ်ပေးကာ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

ဝေဖြိုးအောင်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရန်ကုန်လေဆိပ်နှင့် ဆိပ်ကမ်းများ Mobile Team အဖွဲ့များစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

တရားမဝင်ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးဗဟိုကော်မတီအနေဖြင့် Mobile Team အဖွဲ့များဖွဲ့စည်း၍ ပေးအပ်သောတာဝန်များကို ယခု အခါ အချိန်နှင့်တစ်ပြေးညီ တာဝန် ထမ်းဆောင်လျက်ရှိသည်။ လွန်ခဲ့သောလပေါင်း ၂၀ ကာလမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် Mobile Team အဖွဲ့များဖွဲ့၍တာဝန် ပေးထမ်းဆောင်စေခဲ့ရာ ထိုက်သင့်သော အောင်မြင်မှုများရရှိခဲ့သည်။ တာဝန်ရှိသူများကလည်း ထိုက်သင့်သောဂုဏ်ပြုမှုများဖြင့် မှတ်တမ်းတင် ချီးကျူးမှုပြုခဲ့သည်။

သို့ရာတွင် ယခင်အောင်မြင်မှုများရှိသည့်အလျောက် ဇူလိုင် ၂ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နိုင်ငံတကာပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာရာ Asia World၊ MIP၊ ထီးတန်း၊ ဆူးလေနှင့် ဗိုလ်အောင်ကျော် ဆိပ်ကမ်းများကို ဇူလိုင် ၃၁ ရက်အထိ ပညာပေးကာလ သတ်မှတ်ကာတာဝန်ကျ Mobile Team အဖွဲ့များက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ပညာပေးကာလအတွင်း စစ်ဆေးမှုမှတ်တမ်းများအရ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီရုံး ကွပ်ကဲမှုတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်က ပြောကြားရာတွင် အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြစေလိုကြောင်း ဆိပ်ကမ်းများရှိ Container များကို မဲစနစ်ဖြင့် စစ်ဆေးရာတွင် Channel သုံးခုရှိပြီး Green Channel ၆၀ ရာခိုင်နှုန်း၊ Yellow Channel ၃၀ ရာခိုင်နှုန်း၊ Red Channel ၁၀ ရာခိုင်နှုန်း မဲနှိုက်စစ်ဆေးလျက်ရှိကြောင်း သိရှိရပြီး ယခင် Green Channel ကိုစတင်၍ မဲနှိုက်စနစ်မှ တာဝန်ကျ Mobile Team အဖွဲ့များစစ်ဆေးချိန်တွင်၊ Yellow Channel နှင့် Red Channel ကို စတင်မဲနှိုက်ယူမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာဆိပ်ကမ်းများဖြစ်၍ Container ရှင်းလင်းရေးမြန်ဆန်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလ On Job Training တွင် လမ်းကြောင်းမှန်ပေါ်သို့ဆွဲတင်ရသည့်အတွက် လိုင်စင်တွင်တစ်မျိုး၊ ID တွင်တစ်မျိုးနှင့် သွင်းလာသည်ကတစ်မျိုးဖြစ်၍ စစ်ဆေးတွေ့ရှိပါက ပညာပေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် စစ်ဆေးမည့်ပုံစံများကို မည်သည့်ပုံစံဖြင့်စစ်ဆေးမည်ကို သက်ဆိုင်ရာသို့ အသိပေးရှင်းပြသွားမည်ဖြစ်ပြီး ဥပမာ Container တစ်ခုသက်ဆိုင်ရာ ဆိပ်ကမ်းတွင်ရက်ပေါင်း ၆၀ သာ ထားခွင့်ရှိပြီး ကျော်လွန်ပါက သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်မြင့်အေး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၆၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၈၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိသာ	၄၀၀၀-၅၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိသာ	၂၈၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိသာ	၇၀၀၀-၈၂၀၀
၄။	ငါးဖယ်	တစ်ပိသာ	၉၀၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိသာ	၇၀၀၀-၉၅၀၀
၆။	ပုစွန်တုပ်	တစ်ပိသာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိသာ	၆၅၀၀-၉၅၀၀
၈။	ကြက်	တစ်ပိသာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိသာ	၆၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိသာ	၇၅၀၀-၈၅၀၀
၁၁။	ဆိတ်	တစ်ပိသာ	၁၂၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိသာ	၆၀၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂-၉၇၅
ဥရောပ	တစ်ယူရို	၁၃၂၀-၁၃၂၉
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	၃၀.၅-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၄-၁၅.၉
တရုတ်	တစ်ယွမ်	၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၀၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်မထ[illegible])	တစ်အိတ်	၁၈၂၀၀
ပေါ်ကြွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိသာ	၃၄၀၀
စားအုန်းဆီ	တစ်ပိသာ	၁၅၂၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိသာ	၃၄၀-၆၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိသာ	၁၁၅၀-၁၇၀၀
ကြက်သွန်ဖြူ(ကြိုကုတ်)	တစ်ပိသာ	၁၂၅၀
အာလူး(ရှမ်း)	တစ်ပိသာ	၄၅၀-၇၂၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိသာ	၂၃၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိသာ	၄၀၀၀-၄၄၀၀
သကြား	တစ်ပိသာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဖရဲစိုက်ပျိုးခြင်းဖြင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်မည်ဖြစ်

သာစည် ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျောက်ပနားကျေးရွာအုပ်စု ကျောက်ပနားကျေးရွာတွင် ဖရဲစိုက်တောင်သူများ ဖရဲသီးဈေးကောင်းရ၍ အကျိုးအမြတ်များစွာရရှိပြီး လူမှုစီးပွားဘဝများမြင့်မားလာခြင်းကြောင့် ဖရဲစိုက်ပျိုးလိုသူများ များပြားလာကြောင်း သိရသည်။

"ကျွန်တော် ဖရဲသုံးဧကစိုက်ပျိုးတာ အရင်းအနှီး ၁၆ သိန်းကုန်ကျပါတယ်။ အခု ဖရဲစိုက်ပျိုးပြီး သုံးလအကြာမှာ ဖရဲစိုက်ခင်းသုံးဧကကို ဖရဲသီးရောင်းချရာ ငွေကျပ် ၃၈ သိန်း ရရှိပါတယ်။ စိုက်ဧက သုံးဧကကို သုံးလအကြာမှာ အမြတ်ငွေ ၂၂ သိန်း ရရှိတဲ့အတွက် ဖရဲစိုက်ပျိုးမှုဟာ အရင်းအနှီးများပေမယ့် အချိန်တိုအတွင်း အမြတ်ငွေများများရရှိတဲ့ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါတယ်" ဟု ကျောက်ပနားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောပြသည်။

"ဖရဲသီးရောင်းချချိန်ရောက်ရှိပါက ဖရဲဝယ်လက်များ အကွက်ထဲအရောက် ကားတင်ပြီး ဝယ်ယူကြပါတယ်။ ဖရဲသီးကို ဂေါင်သီးတစ်မျိုး၊ ခါးသီးတစ်မျိုး၊ အောက်သီးတစ်မျိုး ဟူ၍ သုံးမျိုးသုံးစားရောင်းချရပါတယ်၊ ကျောက်ပနားဖရဲသီးကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချရာမှာ လူကြိုက်များပါတယ်၊ ဖရဲစိုက်ပျိုးမှုဟာ အရင်းအနှီးများတဲ့အတွက် ကိုယ်ပိုင်အရင်းအနှီးနဲ့ စိုက်ပျိုးသူများက အမြတ်များများ ရရှိကြပါတယ်။ အရင်းအနှီးမတတ်နိုင်သူများက ငွေတိုးနှင့်ယူပြီး ရင်းနှီးကြရတော့ အမြတ်နည်းပါတယ်။ ဖရဲစိုက်ပျိုးမယ့် တောင်သူများကို ရွာအရောက် ဖရဲမျိုးစေ့အကြွေးစနစ်နဲ့ပေးမယ့်သူ၊ ဖရဲစိုက်ပျိုးရာတွင် လိုအပ်သော ဆေးမျိုးစုံကိုလည်း အကြွေးစနစ်ဖြင့် ရောင်းချပေးမယ့်သူများလည်း အဆင်သင့်ရှိနေပါတယ်။ အကြွေးစနစ်ဆိုတော့အတိုးနှင့်တွက်ပြီး ဈေးတင်ရောင်းချကြပါတယ်။ ဖရဲစိုက်ပျိုးလိုသူ တောင်သူများကိုလည်း နိုင်ငံတော်က စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးပါက ဖရဲစိုက်ပျိုးမည့်သူများ ပိုမိုများပြားလာပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝလိုအပ်ချက်များလည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာနိုင်ပါတယ်" ဟု သာစည်မြို့နယ် ကျောက်ပနားကျေးရွာ ဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။

မျိုးမင်း(သာစည်)

နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ပြုလုပ်ပေး

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ နတ်သူရဲကျေးရွာအုပ်စုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်မှု နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးပြုလုပ်ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၁၀)အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဒက္ခိဏခရိုင် ခရိုင်မှူး ဦးအေးလှိုင်၊ ပျဉ်းမနားမြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဦး၊ နတ်သူရဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘဆန်းနှင့် အလှူရှင် ဒေါ်ဝင်းဝင်းသီတို့နှင့်အတူ ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများတက်ရောက်ကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၈၀ အားတစ်ဦးချင်းစီပေးအပ်ခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးပွင့်အဆင့် (၁) မှ အဆင့် (၅)အထိ စီမံချက်ဖြင့် ပြုလုပ်ပေးခဲ့ရာ အသက် ၁၀ နှစ်အထက် ၄၉၃၉၃ ဦးနှင့် အသက် ၁၈ နှစ်အထက် ၅၈၃၆၆ ဦးအားပြုလုပ်ပေးနိုင်ခဲ့ကြောင်းသိရသည်။

ကိုကြီးကျော်(ပျဉ်းမနား)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ရုံးအမှတ် ၄၈၊ နေပြည်တော်

အရည်အချင်းစစ်ဆေးမှုဖြေဆိုရန်ကိစ္စ

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ Online visa/e-visa စနစ်အတွက် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး လစာနှုန်း(၈၇၀၀၀-၁၀၀၀-၉၂၀၀၀)ရာထူးအတွက် လျှောက်လွှာများခေါ်ယူခဲ့ရာ အရည်အချင်းစစ်ဖြေဆိုခွင့်ရသူများ၏အမည်စာရင်းကို ၁၉-၇-၂၀၁၄ရက်နှင့် ၂၀-၇-၂၀၁၄ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

၂။ လျှောက်လွှာစိစစ်ရွေးချယ်ရေးအဖွဲ့မှ လျှောက်ထားသူတိုင်းအား အရည်အချင်းစစ်ဖြေဆိုခွင့်ပြုမည်ဖြစ်၍ အသေးစိတ်အား ၁၉-၇-၂၀၁၄ရက်နှင့် ၂၀-၇-၂၀၁၄ရက်များတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website ဖြစ်သော http://www.mip.gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့်အသေးစိတ်သိရှိလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဦးစီး(ရုံးချုပ်)၊ ဖုန်း-၀၆၇-၄၃၁၀၂၈နှင့် ၀၆၇-၄၃၁၀၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

အမည်မှန်

ဦးဆဲန်ငှဲလ့်ထန်း-ဒေါ်ရွှေသီးယမ်၏သမီး နဝမတန်း(A)မှ မအယ်လီမွေကျဲလ်စင်၏ အမည်မှန်မှာ မအယ်လီမွေးကျဲရီစင်ဟု ပြောင်းလဲခေါ်ပါရန်။

မအယ်လီမွေးကျဲရီစင်

စိုက်ပျိုးရေးဦးစီးဌာန
နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံး
ရုံးအဆောက်အအုံဆောက်လုပ်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံးအတွက် အောက်ဖော်ပြပါ ရုံးအဆောက်အအုံအား ရေ၊ မီး၊ အပါအဝင် ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

စဉ်	ရုံးအမည်	အဆောက်အအုံအတိုင်းအတာ	တည်နေရာ
(က)	စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံး	အလျား ပေ၇၀×အနံပေ ၆၈ အမြင့်၁၂ပေအရွယ်အမ်ကမ်မိုး+ အုတ်ကာကွန်ကရစ်ခင်း+RC တစ်ထပ်	အကွက်အမှတ်(၂) နေပြည်တော်ကောင်စီဝင်း

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁၆-၇-၂၀၁၄ ရက်မှ ၂၃-၇-၂၀၁၄ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံး၊ အိတ်ဖွင့်တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀ိ/-နှုန်းဖြင့် လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ Technical Proposal နှင့် Price Proposal များကို ၂၄-၈-၂၀၁၄ ရက် ၁၃း၀၀ နာရီမှ ၁၄း၃၀ နာရီအတွင်း နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက် တင်သွင်းရမည်ဖြစ်၍ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါတင်သွင်းလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်အား ၂၁-၇-၂၀၁၄ရက် ၁၃း၀၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံး ဇမ္ဗူသီရိမြို့နယ်၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တင်ဒါဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံး
ဖုန်း-၀၆၇-၅၅၀၂၂၆၊ Fax-၀၆၇-၅၅၀၂၂၆

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကိုယ့်အားကိုယ်ကိုး စီးပွားဖြစ် အမှိုက်သိမ်းလုပ်ငန်းလုပ်ကိုင်မည်

ပြင်ဦးလွင် ဇူလိုင် ၁၈

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင် ပဒေသာမြို့သစ်ရပ်ကွက်ကြီး(၈)အတွင်းသို့ ပုဂ္ဂလိကကုမ္ပဏီမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကိုယ်စား စီးပွားဖြစ် အမှိုက်သိမ်းခြင်းလုပ်ငန်း လုပ်ကိုင်မည်ဖြစ်သည့်အတွက် သင့်တင့်သောနှုန်းထားဖြင့် ရပ်ကွက်ပြည်သူအကျိုး ရှေးရှုကာ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် အကောင်အထည်ဖော်လိုပါသဖြင့် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီက ပဒေသာမြို့သစ် ပါရမီမွှေးရုံ၌ ရပ်ကွက်လူထုအား အစည်းအဝေး တက်ရောက်ပါရန် သက်သာချောင်ချိသော အမှိုက်သိမ်းစနစ် အကောင်အထည်ဖော်ရေးအဖွဲ့က ဖိတ်ကြားခဲ့ကြောင်း သိရသည်။

အစည်းအဝေး ဖိတ်ကြားစာ၌ ပုဂ္ဂလိကကုမ္ပဏီမှ အိမ်သုံး အမှိုက်သိမ်းဆည်းခြင်းအတွက် တစ်လ ကောက်ခံမည့်နှုန်းထား ထရံကာ၊ ပျဉ်ထောင်အိမ် ငွေကျပ် ၁၀၀၀၊ အာရ်စီ နှစ်ထပ်တိုက်နှင့် နံကပ်တစ်ထပ်တိုက် ငွေကျပ် ၂၀၀၀၊ အာရ်စီ နှစ်ထပ်တိုက်နှင့်အထက် ငွေကျပ် ၃၀၀၀၊ ဟိုတယ်၊ မိုတယ် ငွေကျပ် ၃၀၀၀၀၊ တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ် ငွေကျပ် ၁၅၀၀၀ ၊ လက်ဖက်ရည်ဆိုင်ကြီး ငွေကျပ် ၁၅၀၀၀၊ ဆိုင်သေး ငွေကျပ် ၉၀၀၀ ၊ ခေါက်ဆွဲဆိုင်ကြီး ငွေကျပ် ၁၅၀၀၀၊ ဆိုင်သေး ငွေကျပ် ၉၀၀၀ ၊ ဘီယာဆိုင် ငွေကျပ် ၉၀၀၀၊ ပုဂ္ဂလိကဆေးရုံ ငွေကျပ် ၁၅၀၀၀၊ ပုဂ္ဂလိကကျောင်း သီးသန့်ညှိနှိုင်း သိမ်းဆည်းပေးမည်ဖြစ်ပြီး ဘော်ဒါဆောင် ကျောင်းသားဦးရေ အနည်းအများရှိ၍ ညှိနှိုင်းမည်ဖြစ်သည်။ ထမင်းဆိုင်ကြီး ငွေကျပ် ၁၅၀၀၀၊ ကုန်စုံဆိုင်ကြီး ငွေကျပ် ၁၅၀၀၀၊ ဆိုင်သေး ငွေကျပ် ၉၀၀၀၊ ဝပ်ရှော့ကြီး ငွေကျပ် ၁၅၀၀၀၊ ဝပ်ရှော့သေး ငွေကျပ် ၉၀၀၀ နှင့် ခြံထွက်အမှိုက်နှင့် စီးပွားဖြစ်အမှိုက်များကို စင်းလုံးငှား မှာယူသိမ်းဆည်းပါက တစ်ခေါက်လျှင် ၂ တန် ငွေကျပ် ၁၅၀၀၀ ၊ ၃ ဒသမ ၅ တန် ငွေကျပ် ၂၅၀၀၀၊ သုံးဘီး ငွေကျပ် ၇၀၀၀ ဟု မြို့တွင်း၊ ရပ်ကွက်ကြီး ၁၀ ရပ်ကွက်အတွက်သာဖြစ်ပြီး အမှိုက်သိမ်းခွန်များကို လစဉ် ၁ ရက်မှ ၇ ရက်အတွင်း ပုဂ္ဂလိကကုမ္ပဏီမှ လိုက်လံကောက်ခံမည်ဟု ပါရှိကြောင်း သိရသည်။

ရပ်ကွက်နေ ပြည်သူတစ်ဦးက "ရပ်ကွက်အတွင်း နေအိမ်များ၌ အမှိုက်များကို သိမ်းဆည်းပေးရာတွင် လာရောက်သိမ်းဆည်းပေးမည့်ရက်စွဲ မပါရှိကြောင်းနှင့် ကျွန်တော်တို့ ပဒေသာမြို့သစ်တွင် ရပ်ကွက်ကြီး နှစ်ခုရှိပါတယ်။ ရပ်ကွက်ကြီး ၁၀ ရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းယာဉ်တစ်စီး၊ ရပ်ကွက်ကြီး အုပ်ချုပ်ရေးမှူးမှ ဦးဆောင်စီစဉ်မှုဖြင့် ဝယ်ယူထားရှိပြီး ရပ်ကွက်အတွင်း၌ နှစ်ရက်ခြား လိုက်လံသိမ်းဆည်းပေးလျက် ရပ်ကွက်ပြည်သူများထံက တစ်အိမ်ကို တစ်လ ကျပ် ၁၀၀၀ နှုန်းဖြင့် ကောက်ခံလျက်ရှိကြောင်း" ပြောပြသည်။

(၀၃၂)

လမ်းဖြတ်ကူးသူယာဉ်တိုက်ခံရသဖြင့် သေဆုံး

ရန်ကုန် ဇူလိုင် ၁၈

ကမာရွတ်မြို့နယ်အတွင်း ဇူလိုင် ၁၅ ရက် ညပိုင်းက လမ်းဖြတ်ကူးသူ ယာဉ်တိုက်ခံရသဖြင့် သေဆုံးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီခွဲက ကမာရွတ်မြို့နယ် ကမ်းနားလမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်းကျော်သူလွင်(စုံစမ်းဆဲ) မောင်းနှင်လာသော ၆ဂ/.....စီနိုထရပ် ကွန်တိန်နာယာဉ်သည် ဘုရင့်နောင်လမ်းနှင့် လှည်းတန်းလမ်းဆုံမီးပွိုင့်အရောက် လမ်းဖြတ်ကူးသူ ကြည့်မြင်တိုင်မြို့နယ်နေ ဦးမှတ် (၅၉ နှစ်)ကို တိုက်မိကာ ယာဉ်၏နောက်ဘီးဖြင့် ကြိတ်မိခဲ့ပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာ၌ ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဦးမှတ်မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သဖြင့် ယင်းကဲ့သို့ ယာဉ်မဆင်မခြင် မောင်းနှင်ပြီး ယာဉ်တိုက်မှုဖြစ်ကာ ထွက်ပြေးတိမ်းရှောင်သွားသူ ယာဉ်မောင်းကျော်သူလွင်ကို ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်ကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း လူသွားလူလာများသော လမ်းမကြီးပေါ်၌ လျှပ်စစ်ဓာတ်အားလိုင်း ပြတ်ကျမှုကြောင့် ဓာတ်လိုက်သေဆုံးမှုများအပါအဝင် မလိုလားအပ်သည့် လျှပ်စစ်အန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ထန်းတပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးထွန်းနှင့် ဝန်ထမ်းများသည် လိုင်းပုခက်များ တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ဇူလိုင် ၁၂ ရက်က ဆောင်ရွက်စဉ်။ အိသင်းထိုက်

တာဝန်ရှိသူဝန်ထမ်းများအား ကိုယ်ထိလက်ရောက် အနိုင်ထက်ပြုလုပ်သူ ၁၉ ဦးကို ပြစ်ဒဏ်ချမှတ်

ထားဝယ် ဇူလိုင် ၁၈

ဇွန် ၁ ရက်တွင် ထားဝယ်မြို့ ဆန်းချီရပ်ကွက် FACE-2 မြေနေရာတွင် မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် အစိုးရစီမံခန့်ခွဲလျက်ရှိသောမြေ၌ မြေကွက်များကို တာဝန်အရ တိုင်းတာသတ်မှတ်ပြုလုပ်နေသည်ကို ဦးကြူလွင်ပါ ၁၉ ဦးက မြေကွက်များ တိုင်းတာ၍မရအောင် ကိုယ်ထိလက်ရောက် အနိုင်အထက်ပြုလုပ်ဟန့်တားနှောင့်ယှက် ဆဲဆိုခြင်းများပြုလုပ်ခဲ့၍ ထားဝယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးနိုင်က တိုင်ကြား၍ ဦးကြူလွင်ပါ ပြစ်မှုကျူးလွန်သူ ၁၉ ဦးကို ထိုက်သင့်သော ပြစ်မှုပြစ်ဒဏ်များကို ထားဝယ်မြို့နယ်တရားရုံးမှ ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

(၁၅၂)

(၃၃)နှစ်မြောက်မင်္ဂလာဆုတောင်း

သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း-ဒေါ်အေးအေးမြင့်

RUBY DRAGON GROUP OF COMPANIES

တို့၏

၁၉-၇-၂၀၁၄ ရက်တွင်ကျရောက်သော (၃၃)နှစ်မြောက်မင်္ဂလာ ရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော မိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံစွာဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးတို့ကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

နဂါးဘီလပ်မြေစက်ရုံဝန်ထမ်းများ

CLAIMS DAY NOTICE
M.V CITY OF MUMBAI VOY:NO(9)

Consignees of cargo carried by M.V CITY OF MUMBAI VOY:NO.(9) are here by notified that the vessel will arrive on about 21-7-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မိဘအမည်မှန်

ရန်ကင်းပညာရေး ကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း ဒုတိယတန်း(ခ)မှ မောင်အောင်ကောင်းဆက်၏ မိဘအမည်မှန်မှာ ဒေါက်တာခင်မောင်ဆွေ ၁၂/ရကန(နိုင်)၀၆၂၈၀၀- ဒေါက်တာစန်းစန်းဦး ၈/တကက(နိုင်)၀၁၂၃၆၈ ဖြစ်ပါကြောင်း။

ဒေါက်တာခင်မောင်ဆွေ-ဒေါက်တာစန်းစန်းဦး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ)၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မည့်မြေလမ်း (၆/၀)မိုင်၊ ကွန်ကရစ်တံတား (၁၆)စင်း၊ ရေကန်(၃၃)ကန်၊ စက်ရေတွင်း(၇၅)တွင်း ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ရခိုင်ပြည်နယ် ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ)တွင်ရယူ၍ အောက်ပါအတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်။

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရန် - ၂၁-၇-၂၀၁၄ ရက်မှ ၆-၈-၂၀၁၄ ရက်အထိ

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ - ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ စစ်တွေမြို့

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၆၄၇ နှင့် ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ) ဖုန်း-၀၄၃-၂၃၀၆၁ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

နိုင်ငံတကာအားကစားနှင့် ကျော်ကြား

ဥရောပအကောင်းဆုံးဆု ရေပန်းစားနေတဲ့ စီရော်နယ်ဒို

မိုးမြင့်လင်းလက်

ထူးချွန်တဲ့ ဘောလုံးသမားတွေအတွက်ကတော့ ဆုတံဆိပ်တွေချီးမြှင့်ဖို့ အသင့်ရှိနေပါတယ်။ အခုလည်း ဥရောပအကောင်းဆုံးဘောလုံးသမားဆုကို ရွေးချယ်ဖို့ ဘောလုံးသမား ၁၀ ဦးကို ရွေးချယ်ထုတ်ပြန်လိုက်တဲ့အခါ နာမည်ကြီးတွေဖြစ်တဲ့ မက်ဆီ၊ ဆွာရက်ဇ်နဲ့ စီရော်နယ်ဒိုတို့ ပါဝင်လာတာ တွေ့ရပါတယ်။

ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA) ရဲ့ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီအတွက် ဆန်ခါတင်ဘောလုံးသမား ၁၀ ဦးကို ရွေးချယ်လိုက်ခြင်းဖြစ်ပြီး အဲဒီ ၁၀ ဦးတည်းမှာ ပေါ်တူဂီနဲ့ ရီးရဲမက်ဒရစ် တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒိုက ထိပ်ဆုံးက ရေပန်းစားနေပါတယ်။

ဥရောပအကောင်းဆုံးဘောလုံးသမားဆုကို ၂၀၁၀-၂၀၁၁ ဘောလုံးရာသီမှစတင်ပြီး ရွေးချယ်ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ပြီး အဲဒီနှစ်မှာ မက်ဆီ၊ ၂၀၁၁-၂၀၁၂ ခုနှစ်မှာတော့ အင်ဒီယေစတာတို့ ရရှိခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာတော့ ရစ်ဘာရီ ရွေးချယ်ချီးမြှင့်ခံရပြီး ဒီနှစ် ၂၀၁၃-၂၀၁၄ အတွက်ကတော့ စီရော်နယ်ဒိုရရှိမယ်လို့ ရေပန်းစားနေပါတယ်။

စီရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်နဲ့အတူ အောင်မြင်မှုတွေရရှိအောင် ဆောင်ရွက်ပေးနေတဲ့ ဘောလုံးသမားတစ်ဦးဖြစ်သလို ပေါ်တူဂီအသင်းအတွက်လည်း အောင်မြင်မှုရရှိအောင် တတ်စွမ်းသမျှ ကြိုးစားပေးနေသူဖြစ်ပါတယ်။

ဥရောပအကောင်းဆုံးဘောလုံးသမားဆုအတွက် ပဏာမ ၃၅ ဦး စာရင်းထဲမှာ မဲဆန္ဒအများဆုံးရရှိသူ ၁၀ ဦးကို (UEFA)အဖွဲ့ဝင် ၅၃ နိုင်ငံမှ အားကစားဂျာနယ်လစ်များက ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီ ၁၀ ဦးထဲကမှ ဥရောပအကောင်းဆုံးဘောလုံးသမားဆုအတွက် အဲဒီဂျာနယ်လစ်များကပဲ ရွေးချယ်ပေးရမှာဖြစ်ပါတယ်။

နောက်ဆုံးရွေးချယ်မှုကိုတော့ မိုနာကိုမြို့မှာ လာမယ့် ဩဂုတ် ၂၈ ရက်တွင် ပြုလုပ်မှာဖြစ်ပြီး ဆုချီးမြှင့်ပေးမှာဖြစ်ပါတယ်။ ဆန်ခါတင် ၁၀ ဦးမှာတော့ ဒီယေဂိုကော်စတာ၊ ဒီမာရီယာ၊ ဂျိမ်းရိုဒရီဂွက်ဇ်၊ ဖီလစ်လမ်း၊ မက်ဆီ၊ သောမတ်စ်မူလာ၊ နူအာ၊ ရော်ဘင်၊ စီရော်နယ်ဒိုနဲ့ ဆွာရက်ဇ်တို့ဖြစ်ပါတယ်။

သူတို့အထဲကမှ လာမယ့် ဩဂုတ် ၁၄ ရက်မှာ နောက်ဆုံးဆန်ခါတင် ဘောလုံးသမားသုံးဦးကို ရွေးချယ်ပြီး ဩဂုတ် ၂၈ ရက်မှာ အကောင်းဆုံး ဘောလုံးသမားတစ်ဦးကိုရွေးချယ်ဆုချီးမြှင့်မှာဖြစ်ပါတယ်။ ဥရောပအကောင်းဆုံးဆုဟာ ဖီဖာရဲ့ တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိဖို့လည်း နီးစပ်တဲ့ အနေအထားရှိပါတယ်။

ကလပ်ခြေစမ်းပွဲများ

သီဟ

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ ဇူလိုင် ၁၉/၂၀

ကတ်စ်ချီ	-	ဟော်ဖန်ဟိမ်း	ညနေ ၃း၃၀
လိုင်အန်ဆီ	-	မစ်ဒယ်ဘရော့	ညနေ ၄း၃၀
မန်ဖီးလ်တောင်း	-	ဘာမင်ဂမ်	ည ၈း၃၀
ဘရာဂါ	-	နော်တင်ဟမ်	ည ၈း၃၀
ပရီစတွန်	-	လီဗာပူး	ည ၈း၃၀
ဝင်ဘလေဒန်	-	ချယ်လ်ဆီး	ည ၈း၃၀
ခရော်လေတောင်း	-	ဖူလ်ဟမ်	ည ၈း၃၀
အက်ဖ်စီ ဟိုက်ဒန်ဟိမ်း	-	ဒေါ့မွန်	ည ၈း၃၀
ဒါလင်တန်	-	ဆန်းဒါးလန်း	ည ၈း၃၀
ယီအိုဗွီး	-	ရီးဒင်း	ည ၈း၃၀
ရှော့ချ်ဒယ်လီ	-	ဝီဂန်	ည ၈း၃၀
ဘိုရီဟမ်ဝုဒ်	-	အာဆင်နယ်	ည ၈း၃၀
မိုချန်ဂလာဘတ်	-	ရန်းနက်စ်	ည ၉း၃၀
နုရင်ဘတ်	-	ဗလင်စီယာ	ည ၉း၃၀
ဖီအိုရင်တီးနား	-	ကော်လိုနီ	ည ၁၀း၀၀
ဟန်ဘာရော့စ်တော့	-	ရှော်လ်ကေး	ည ၁၀း၃၀
အက်စ်တီ ပေါလီ	-	အူဒီးနိစ်	ည ၁၀း၃၀
ကိုင်ဇာဆလက်တန်	-	မိန့်ဇ်	ည ၁၀း၃၀
လိုင်လီ	-	ဇင်းနစ်	ည ၁၀း၃၀
နန့်စီ	-	ရိမ်းစ်	ည ၁၀း၃၀
ဘီလ်ဘာအို	-	အယ်ဟီလယ်	ည ၁၀း၃၀
တူးလော့စ်	-	မောင့်ပယ်လီယာ	ည ၁၁း၃၀
အန်ဂါးစ်	-	လော်ရီယန့်	ည ၁၁း၃၀
အီဗီယန်	-	ဘတ်စ်တီယာ	ည ၁၁း၃၀
အိုင်းယက်စ်	-	ဆိုစီဒက်	ည ၁၁း၃၀
လေဗာကူဆင်	-	မာဆေး	ည ၁၁း၃၀
ဒါရက်စ်	-	ကာဒစ်ဖ်	ည ၁၂း၀၀
လိုင်ယွန်	-	ရှက်တာဒိုးနက်စ်	နံနက် ၁း၀၀

ဒမ်ဘာဘာ ဘက်ရှီးတပ်စ်သို့ပြောင်း

ချယ်လ်ဆီးအသင်းက ဒမ်ဘာဘာအား ဘက်ရှီးတပ်စ်အသင်းသို့ ပေါင်ရှစ်သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူလိုက်သည်။ အသက် ၂၉ နှစ်ရှိ ဒမ်ဘာဘာသည် တူရကီကလပ် ဘက်ရှီးတပ်စ်သို့ ဆေးစစ်ဆေးရန် ရောက်ရှိလာသည်။ သို့သော် ဘက်ရှီးတပ်စ်က အတည်ပြုပြောဆိုခြင်းမရှိပေ။ ဒမ်ဘာဘာသည် ရာသီအကြို ဘက်ရှီးတပ်စ်သို့ ရောက်ရှိလာမည်ဖြစ်သည်။

နယူးကာဆယ် တိုက်စစ်မှူးဟောင်း ဒမ်ဘာဘာသည် ချယ်လ်ဆီးသို့ ရောက်လာပြီးနောက် ၅၁ ပွဲတွင် အစပွဲ ၂၃ ပွဲ ပါဝင်ကစားခဲ့သည်။ ၎င်းသည် ချယ်လ်ဆီးအတွက် ၁၄ ဂိုး သွင်းယူပေးခဲ့သည်။ တောရက်စ်နှင့် အီတိုးတို့ပြီးလျှင် တတိယမြောက် ဂိုးအများဆုံး သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးက အီတိုးကို ရောင်းထုတ်ပြီးကတည်းက စပိန်တိုက်စစ်မှူး ဒီယေဂိုကော်စတာကို ပေါင် ၃၂ သန်းဖြင့် ခေါ်ယူခဲ့သည်။

အာကာကျော်

မိုက်ကယ်ကာရစ် ၁၂ ပတ် လွဲချော်

မန်ယူကွင်းလယ် ကစားသမား မိုက်ကယ်ကာရစ်သည် လေ့ကျင့်ရေးကွင်း၌ ခြေမျက်စိဒဏ်ရာရရှိမှုကြောင့် ရာသီအစ ပထမလတွင် အနားယူရမည်ဖြစ်သည်။ အသက် ၃၂ နှစ်ရှိ မိုက်ကယ်ကာရစ်သည် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်၍ ၁၂ ပတ်ကြာ ပြိုင်ပွဲများနှင့် လွဲချော်နိုင်သည်။

ဖာဒီနန် ကျူပီအာရောက်ပြီ

မန်ယူနောက်ခံလူ ဖာဒီနန်သည် ကျူပီအာအသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။ အသက် ၃၅ နှစ်ရှိ ဖာဒီနန်သည် မန်ယူတွင် နှစ်ပေါင်းများစွာ ကစားခဲ့ပြီး အလွတ်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်ကစားသမား အာဆင်နယ်ခေါ်ယူ

အာဆင်နယ်က နယူးကာဆယ် နောက်တန်းကစားသမား မီသူးဒေဘူချီအား ပြောင်းရွှေ့ကြေး ထုတ်ဖော်ကြေညာခြင်းမရှိဘဲ ခေါ်ယူလိုက်သည်။

ပြင်သစ်ကစားသမား ဒေဘူချီအား အာဆင်နယ်က နှစ်ရှည်စာချုပ်လိုက်ခြင်းဖြစ်သည်။ ၎င်းသည် ကမ္ဘာ့ဖလားတွင်လည်း ပြင်သစ်အသင်းနှင့်အတူ ပါဝင်ကစားခဲ့သည်။

ကောင်းမြတ်သူ – စုစည်းသည်

ပျောက်ဆုံးကြောင်း

ကျွန်တော်ဖုန်းလွင်ဦး CDC No-42969 ၏ SSA လက်မှတ် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအမြန်ဆုံး အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၁၃၇၈၅၃

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ Unity ကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ ဦးကျော်ဦး၏သမီး မသင်းသင်းစံအား ယနေ့မှစ၍ မမိုးသင်းသင်းစံဟု ပြောင်းလဲခေါ်ပါရန်။

မမိုးသင်းသင်းစံ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀/၇၅၄၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ ပိတောက် ၁ လမ်း၊ မြေကွက်အမှတ် ၄၆၃ ဟုခေါ်တွင်သော မြေအကျယ် ပေ (၄၀×၆၀) ရှိ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရီရီလွင် ၁၂/ဒဂတ(နိုင်)၀၀၂၄၅၂ ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ကျွန်ုပ်တို့၏မိတ်ဆွေက ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်ဟိန်း(စဉ်-၃၂၁၀၄)	**ဒေါ်ဝေဝေအောင်(စဉ်-၃၂၇၈၁)**
LL.B,B.D.S,D.I.L	**LL.B,D.B.L,D.I.L**

အထက်တန်းရှေ့နေများ

အိမ်-အမှတ် ၁၃၉၇(က)၊ ရွှေပြည်သာ ၂ လမ်း၊ (၃၂) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၃၁၀၈၃၉၆	**ရုံး- အမှတ် ၉/၁၁၊အခန်း ၁၀၄ (G) ၃၆ လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၆၃၂၂၄**



မိဘအမည်မှန်

ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ် အလက နဝရတ်ကျောင်း တတိယတန်းတွင် ပညာသင်ကြားနေသော မနန်းတုတုဝေ၏ မိဘအမည်မှန်မှာ ဦးမောင်မျိုး-ဒေါ်မေဇင်သက်ဇော်တို့ဖြစ်ပါသည်။

ရေလမ်းကြောင်းပြောင်းလွှဲသတ်မှတ်ခြင်းအား အသိပေးကြေညာခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်အတွင်းရှိ ဧရာဝတီတံတား(ထီးချိုင့်) တည်ဆောက်ရေး စီမံကိန်းတွင် ရေလည်လွန်တူးဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေပါသဖြင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရန်အတွက် ရေယာဉ်များအား ရေလည်တိုင်အမှတ် RP 8 နှင့် RP 15 ကြားမှ မောင်းနှင်သွားလာပေးပါရန် အသိပေးကြေညာအပ်ပါသည်။

အထူးစီမံကိန်းကြီးအဖွဲ့(၄)
ဧရာဝတီတံတား(ထီးချိုင့်)တည်ဆောက်ရေးစီမံကိန်း
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး
တံတားအထူးအဖွဲ့(၁၂)၊ ဂုံညင်းတန်းရိပ်သာ၊ ဖျာပုံမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်စဉ် ၃/(၂၀၁၄-၂၀၁၅)

ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၂)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါ တံတားတည်းဆောက်ခြင်းလုပ်ငန်းအတွက် ပျဉ်းကတိုး(သစ်မာ)များကို လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၁။ **မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်းပေါ်ရှိ**
- ရေဝန်လေးတံတားတည်ဆောက်ခြင်းလုပ်ငန်း
- ဘင်္ဂလားကြီးတံတားတည်ဆောက်ခြင်းလုပ်ငန်း

၂။ **ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ**
- လိပ်ချောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်း

တင်ဒါပိတ်မည့်ရက်/အချိန်	-	၁-၈-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ	-	တံတားအထူးအဖွဲ့(၁၂)၊ ဂုံညင်းတန်းရိပ်သာ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန်	-	၁-၈-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တံတားအထူးအဖွဲ့(၁၂)၊ ဂုံညင်းတန်းရိပ်သာ၊ ဖျာပုံမြို့တွင် ၁၈-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၉-၈၅၈၆၉၇၅

ရခိုင်ပြည်နယ်အစိုးရအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်၊ မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါသည်-

စဉ်	လုပ်ငန်းအမျိုးအစား	အရေအတွက်/အရှည်မိုင်
(၁)	ကတ္တရာလမ်း	(၇/၆.၇) မိုင်
(၂)	ကျောက်လမ်း	(၃၆/၁) မိုင်
(၃)	မြေသားလမ်း	(၅၄/၀.၁)မိုင်
(၄)	ကွန်ကရစ်တံတား	(၆၃) စင်း
(၅)	သစ်သားတံတား	(၁၃) စင်း
(၆)	ရေပြွန်	(၈၈) စင်း
(၇)	လက်တူးတွင်း	(၈၁) တွင်း
(၈)	တွင်းတိမ်	(၂) တွင်း
(၉)	မြေသားရေကန်	(၆၉) ကန်
(၁၀)	အခြား	(၆) ခု
(၁၁)	စိမ့်စမ်းရေသွယ်လုပ်ငန်း	(၁၀) ခု
(၁၂)	ဆိုလာမီးလင်းရေး	(၆၁၁၀) ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၇၉၈၊ ၀၄၃-၂၂၇၉၉တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

နှမ်းစိုက်ကေလျာထားချက်မပြည့်မီသော်လည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိ

ကျောက်ပန်းတောင်း ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ယခုနှစ်မိုးဦး အဝင်နောက်ကျခဲ့သော်လည်း မေလ ဒုတိယပတ်အတွင်းက ရွာသွန်းခဲ့သော မိုးဖြင့်စိုက်ပျိုးခဲ့ကြသည့် မိုးနှမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး အပွင့်များဝေဝေဆာဆာဖူးပွင့်နေကြပြီဖြစ်ရာ မကြာမီရက်များအတွင်းသီးရှည်းခေါ် နှမ်းသီးဆိုင်များ စီစီရီရီထွက်ရှိလာတော့မည် ဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်အတွင်းတွင် မေလဒုတိယပတ်မှစတင်၍ မိုးဦးစတင် ရွာသွန်းခဲ့သော်လည်း ဒေသအနှံ့ရွာသွန်းခြင်း မရှိဘဲ အချို့ဒေသများတွင် အချိန်မီစိုက်ပျိုးနိုင်ခဲ့ခြင်းမရှိသဖြင့် ထယ်ကြောင်းဆွဲပြီး ယာခင်းအချို့ကို ဝါဆိုပဲစိုက်ပျိုးရန် ချန်လှပ်ထားခဲ့ကြရကြောင်း သိရသည်။ သို့ရာတွင် မိုးလုံလောက်စွာရရှိသော ဒေသများတွင် နှမ်းပင်များ ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ အင်တောကျယ်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၀၀၄)ရှိ တောင်သူဦးရဲမောင်၏ နှမ်းစိုက်ခင်းတွင် အပွင့်များဝေဆာလျက်ရှိနေသည်ကို တွေ့ရပြီး လာမည့် ဩဂုတ်ပထမပတ်ခန့်တွင် နှုတ်သိမ်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ဦးရဲမောင်ရဲ့ နှမ်းမျိုးက ကျွန်မတို့ဌာနက ဖြန့်ဝေပေးထားတဲ့ ဆင်းရတနာ(၃) နှမ်းနက်မျိုးပါ။ ဒီနှမ်းမျိုးက မိုးခေါင်တဲ့ ရာသီဥတုဒဏ်ကို အတော်အတန် ခံနိုင်ရည်ရှိတော့ အခုဆို တောင်သူတော်တော်များများက စိုက်ပျိုးလာကြပါပြီ။ အဲဒီပတ်ဝန်းကျင်က တောင်သူတွေဆိုရင် ဒီဆင်းရတနာ(၃)မျိုးကို ဦးရဲမောင်ဆီကနေပဲတစ်ဆင့် မျိုးပြန်ဝယ်ပြီး စိုက်ကြတာပါ။ အတော်လည်း အောင်မြင်ကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်ခင်မိုးကြည်က ပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၃-၂၀၁၄ နှမ်းစိုက်ဧက ၁၅၀၀၀ လျာထားခဲ့သော်လည်း ရာသီဥတုအခြေအနေကြောင့် ဧက ၁၃၄၆၀ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရပြီး ယင်းစိုက်ဧကများအနက် နှမ်း ဆင်းရတနာ(၃) စိုက်ဧက ၁၁၄၄ ဧကရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

အမျိုးသမီးရေးရာမှ စီးကွင့်ထိုးသင်တန်းပေး

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မိသားစုဝင်ငွေတိုးရေးလုပ်ငန်း စီးကွင့်ထိုး သင်တန်းကို ဇူလိုင် ၁၇ ရက်က အင်းစိန်မြို့နယ်အသင်းရုံး၌ ကျင်းပသည်။ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များစုပေါင်း၍ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မြင့်ဦး(အင်းစိန်)

ဘုတ်ပြင်း၌ ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ သင်တန်းဖွင့်လှစ်

ဘုတ်ပြင်း ဇူလိုင် ၁၈

ဘုတ်ပြင်းမြို့ အောင်မေတ္တာတောရကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဓမ္မစကူးလ်ဖောင်ဒေးရှင်းက အပတ်စဉ်ဗုဒ္ဓဘာသာသင်တန်းကို ဇူလိုင် ၁၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အောင်မေတ္တာတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်နှင့် ချောင်းကဖီးကျောင်းတိုက်ဆရာတော်တို့က အဖွင့်သြဝါဒကထာ မြွက်ကြားပြီး မာရ်အောင်ပရိယတ္တိစာသင်တိုက်ဆရာတော်က ဓမ္မစကူးလ်ဖောင်ဒေးရှင်း အပတ်စဉ်ဗုဒ္ဓဘာသာသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို မိန့်ကြားသည်။

သင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ရာ သင်တန်းသားကျောင်းသားကျောင်းသူလေးများအား တာဝန်ရှိသူများက မော်တော်ယာဉ်များဖြင့် အခမဲ့ကြိုပို့ပေးမည်ဖြစ်ကြောင်း သိရသည်။ ဘုတ်ပြင်းမြို့နယ်အတွင်း၌ မူလတန်းအဆင့် ဓမ္မစကူးလ်သင်တန်းကျောင်း ခုနစ်ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသား သင်တန်းသူ ၅၂၀ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြစိမ်းရောင် စီမံကိန်း ရန်ပုံငွေပေးအပ်

သထုံ ဇူလိုင် ၁၈

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို သထုံမြို့နယ် သုဝဏ္ဏခန်းမ၌ ကျင်းပသည်။ မွန်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ ဌာနဆိုင်ရာများနှင့် စီမံကိန်းမြို့နယ်လေးမြို့နယ်မှ ရွာသူ ရွာသားများ တက်ရောက်ကြပြီး ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်က ရန်ပုံငွေပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

သွန်းဝသန်

တောင်သာ၌ ကျန်းမာရေးပညာပေးဟောပြော

တောင်သာ ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် လယ်ချိုင့်အရှေ့ရွာ ကံဆွယ် ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးပညာပေး ဟောပြောပွဲကို မြင်းခြံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့က ကြီးမှူး၍ ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန်ကြီးနှင့် မြို့နယ်ဆရာဝန်ကြီးတို့က ကျန်းမာရေးနှင့်ပတ်သက်၍ သိကောင်းစရာများ၊ ဆောင်ရန် ရှောင်ရန်အချက်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ဒေသခံသက်ကြီး ဘိုးဘွား ခြောက်ဦးအား ဆေးဝါး၊ အစားအစာနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ပြီး သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၁၇၇ ဦးတို့အား ကျန်းမာရေးအခမဲ့ စောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
(မုံရွာမြို့နယ်တရားရုံး၌)
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-(၂၅)

ဒေါ်ခင်နီလာစိုး **နှင့်** ဦးအောင်ကျော်ထွန်း
တရားလို **တရားပြိုင်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ သလ္လာရပ်ကွက်၊ ဆည်မြောင်းဝင်းအတွင်း၊ တည်ဆောက်ရေး(၄)၊ အိမ် ၁၁(ဒီ)နေ ဦးအောင်ကျော်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဇူလိုင် ၂၈ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇူလိုင် ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခိုင်ဇော်အောင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
မုံရွာမြို့နယ်တရားရုံး

ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မသက်သက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၅/ကဘလ(နိုင်)၁၀၀၂၃၄ ဖြစ်ပါသည်။

ဦးမင်းဇော်

ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အထက(၁)၊ နဝမတန်း(H)မှ မပိုပိုအောင်၏ဖခင်အမည်မှန်မှာ ဦးဆန်းမောင် ၅/ကဘလ(နိုင်)၀၆၇၅၇၄ ဖြစ်ပါသည်။

ဦးဆန်းမောင်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈C/၁၁၂၅ Nay Chi Oo L/T (NCO LT01)P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဆွန်ဆီဟုန်(ခ)စက်ဟုတ် ၅/ကလတ(ဧည့်)၀၀၀၁၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၉၀၆၆၇ Luojia 110 m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုလဲ့မောင် ၁၄/ဖပန(နိုင်)၀၉၉၆၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၄၅၃၄၃၊ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်လှ ၉/မနတ(နိုင်)၀၈၀၆၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၅၁၆၅၊ Dayang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာနွယ် ၉/မဟမ(နိုင်)၀၃၅၇၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၅၁၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမောင် ၉/ညဥန(နိုင်)၀၃၀၇၇၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၆၇၃၊ Hero Ambo ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်စိန် ၉/မရတ(နိုင်)၀၇၀၁၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၅၄၄၇ Honda C90 Custom Cms ယာဉ်လက်ဝယ်ရှိသူ ဦးတင်သောင်း ၉/မနတ(နိုင်)၀၄၈၃၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၂၆) တက္ကသိုလ်ဝင်တန်း(H)မှ မောင်မြတ်မင်း၏ဖခင်အမည်မှန်မှာ (ဦးမောင်နွယ်) ဖြစ်ပါသည်။

(ဦးမောင်နွယ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မန္တလေး မဟာမုနိ ဝါဆိုခြင်းပွဲတော် ကျင်းပပြီးစီး

မန္တလေး ဇူလိုင် ၁၈

မြန်မာ့အားကစားနည်းများတွင် လူကြီး၊ လူငယ်သာမကအမျိုးသမီးများပါ ယှဉ်ပြိုင်လေ့ကျင့်ကစားကြသော အားကစားနည်းမှာ ခြင်းလုံးဖြစ်သည်။ ခြင်းလုံးအားကစားနည်းကို လေ့ကျင့်ယှဉ်ပြိုင်ကစားရာတွင် ကုန်ကျစရိတ်နည်းပါးပြီး နေရာဒေသမရွေး လေ့ကျင့်ခတ်ကစားနိုင်သည်။ ခြင်းလုံးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုမှ ရှင်သန်ဖွံ့ဖြိုးလာသော စုပေါင်းဆောင်ရွက် တာဝန်ယူခြင်းကို ဖော်ကျူးသည့် အားကစားနည်း တစ်ရပ်ဖြစ်ကာ မြန်မာနိုင်ငံတွင်ခြင်းလုံးကို ပျူခေတ်ကပင် ကစားခဲ့ကြောင်း သိရသည်။

ခြင်းလုံးကို မြန်မာနိုင်ငံ သာမက ဘော်နီယို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မာလာယုနိုင်ငံများတွင် ခတ်ကစားနေကြသော်လည်း ကွဲပြားခြားနားမှုရှိသည်။ ၁၉၄၇ ခုနှစ်တွင် အပျော်တမ်းခြင်းအဖွဲ့ကို တရားဝင် တည်ထောင်ခဲ့ ပြီး ၁၉၇၀ ခုနှစ် နောက်ပိုင်းတွင် ပြည်ပနိုင်ငံများသို့ ချစ်ကြည်ရေးအဖြစ် သွားရောက် ခတ်ကစားခဲ့ကြသည်။ ယခုအခါ ခြင်းလုံးအားကစားသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရိုးရာအားကစားအဖြစ် ထည့်သွင်း ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတကာ အားကစားနည်းအဖြစ် သတ်မှတ်ရန် စည်းကမ်းများ၊ ဥပဒေများနှင့် နည်းဥပဒေများ စနစ်တကျရေးဆွဲထားရှိရန် လိုအပ်နေဆဲဖြစ်သည်။ ခြင်းပွဲများကို အပျော်ခတ်ရုံသာမက အလှူမင်္ဂလာပွဲ၊ ကထိန်ပွဲ၊ ဘုန်းကြီးပျံပွဲများနှင့် ရပ်ကွက်ဘုရားပွဲတော်များတွင် ပွဲတော်လာ ပရိသတ်များကို ဖျော်ဖြေရန် ခတ်ပြလေ့ရှိသည်။ ယခုအခါ ဝိုင်းဖွဲ့ခြင်းများသာမက အမျိုးသမီးငယ်များက မီးကြိုး၊ မီးကွင်း၊ ခုံများကို အသုံးပြု၍ ခတ်ကစားသည့် တစ်ပင်တိုင်ခြင်းအလှခတ်နည်းကို လူကြိုက်များလျက်ရှိသည်။

မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ဆုံးနှင့် ရက်အရှည်ဆုံး ကျင်းပကာ ခြင်းအသင်းပေါင်း တစ်ထောင်ကျော် ပါဝင် အလှပြခတ်ကစားသည့် မဟာမုနိဘုရားကြီး ဝါဆိုခြင်း အလှခတ်ပွဲတော်မှာ(၈၆)ကြိမ်ရှိပြီဖြစ်ကာ အဆိုပါ ပွဲတော်ကို နှစ်စဉ် ကဆုန်လပြည့်ကျော် ၄ ရက်မှာ ဝါဆိုလပြည့်ကျော် ၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၂ နာရီအထိ တစ်သင်းလျှင် မိနစ် ၃၀ စီ ပါဝင်ခတ်ကစားလေ့ရှိသည်။ ယခုနှစ်တွင် ယခင်ပွဲတော်များထက် ကျင်းပရက် ပိုမိုများပြားပြီး ငါးရက်တိုင်တိုင် ကျင်းပခဲ့ပြီး ခြင်းအသင်းများ၏ လှူဒါန်းသော အလှူငွေဖြင့် နှစ်စဉ် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ နံနက် ၈ နာရီတွင် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူ ပူဇော်၍ မဟာမုနိဘုရားကြီး ဝါဆိုခြင်းရုံ၌ အသက် ၇၅ နှစ်အထက် သက်ကြီးခြင်းသမား ၅၂ ဦးကို ကန်တော့ပွဲ ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၂၄ ကြိမ်ရှိပြီဖြစ်ရာ ဝါဆိုလပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် အနယ်နယ်အရပ်ရပ်မှ ခြင်းဝါသနာရှင်များ လာရောက်အားပေးသဖြင့် အထူးစည်ကားကြောင်း တွေ့ရသည်။ နိုင်ငံခြားသားခြင်း ဝါသနာရှင်များလည်း နှစ်စဉ်လာရောက် ပါဝင်ခတ်ကစားလေ့ရှိရာ ယခုနှစ် ဝါဆိုခြင်းပွဲတော်သို့ ကနေဒါနိုင်ငံသား မစ္စတာဂရက်မှာ အစောဆုံး လာရောက်ခတ်ကစားခဲ့ပြီး ခြင်းလုံးကို ၎င်းက ကိုယ်တိုင်ခတ်ကစားရုံသာမက ခြင်းလုံးကစားနည်းကို မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူး၍ ကမ္ဘာ့ရုပ်ရှင်ပွဲတော်များတွင် ပါဝင်ပြသခဲ့သည်။ ယခင်နှစ်များက ဝါဆို ခြင်းပွဲတော်သို့ မစ္စတာဂရက် (ကနေဒါ)၊ မစ္စတာဂျိမ်းစ် (အမေရိကန်)၊ နီကွန် (ထိုင်း)၊ ကိုကျော်နိုင်(ဂျပန်)တို့ ပါဝင်ခတ်ကစားခဲ့ကြပြီးယခုနှစ်တွင် ဂျိမ်းစ် (အမေရိကန်)၊နီကွန်(ထိုင်း)၊ ကူလုရှန့် (ထိုင်း)၊ လစ်ကစ်(ထိုင်း)တို့ ပါဝင်ခတ်ကစားခဲ့ကြသည်။ ယခုနှစ်တွင် ပါဝင်ခတ်ကစားခဲ့သော နိုင်ငံခြားသား ခြင်း ဝါသနာရှင်များကို ဝါဆိုခြင်းပွဲတော် ကျင်းပရေးကော်မတီက အမှတ်တရ ရွှေခြင်းလုံးများ ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

မဟာမုနိဘုရားကြီး ဝါဆိုခြင်းပွဲတော်သို့ ၁၀ ကြိမ်မြောက် ပါဝင်ခတ်ကစားခဲ့သည့် အမေရိကန်နိုင်ငံသား မစ္စတာဂျိမ်းစ်က "ဝါဆိုခြင်းပွဲတော်ကို ၂၀၀၃ ခုနှစ်က စတင်ရောက်ရှိကာ ကနေဒါနိုင်ငံသား မစ္စတာဂရက် ခြင်းလုံးခတ်ကစားတာကို ကြည့်ရှုပြီးနောက် မြန်မာ့ခြင်းလုံးကို စိတ်ဝင်စားခဲ့ပါတယ်။ မန္တလေးမြို့မှ ဆရာဦးမောင်ရဲ့ ဝါသနာလုလင်ခြင်းအသင်းနှင့် စတင်ခတ်ကစားခဲ့ပါတယ်။ နှစ်စဉ်ဝါသနာလုလင်အသင်းနဲ့ပွဲတွဲပြီး ခတ်ကစားခဲ့ပါတယ်။ ယခင်နှစ်များက ခုနှစ်ကြိမ်၊ ရှစ်ကြိမ်၊ ခတ်ကစားခဲ့သော်လည်း ယခုနှစ်မှာ အကြောင်း အမျိုးမျိုးကြောင့် နှစ်ကြိမ်သာ ခတ်ကစားခဲ့ပါတယ်။ တစ်နှစ်ထက် တစ်နှစ် ခြင်း ပေါက်စုံအောင် ခတ်ကစားနိုင်မည်ဖြစ်ပါတယ်။ ခြင်းကြီး ခြောက်မျိုး၊ ခြင်းလတ် ရှစ်မျိုး၊ ခေတ်ဆန်းခြင်း၊ ၁၀ မျိုးလောက် ခြင်းလုံးခတ်ကစားနိုင်ခဲ့ပါတယ်။ နှစ်စဉ် မဟာမုနိဘုရားကြီးသို့ အလှူငွေများ လှူဒါန်းခဲ့ပါတယ်။ ခြင်းလုံးခတ်ကစားရတာ ပျော်ရွှင်ဖွယ်ကောင်းပြီး စည်းလုံးညီညွတ်မှုကို ရရှိပါတယ်။ ဆန်ဖရန်စစ္စကိုမြို့မှာ နေထိုင်ပြီး မြန်မာလူမျိုး ငါးဦးနဲ့အတူ လေ့ကျင့်ခတ်ကစားပါတယ်။ နောင်နှစ်မှာလည်း မဟာမုနိ ဝါဆိုခြင်းပွဲတော်သို့ လာရောက်ဆင်နွှဲပါမယ်"ဟု ဝမ်းမြောက်စွာ ပြောကြားခဲ့သည်။

တင်မောင်(မန္တလေး)

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ အရှိန်မြှင့်တင်ရေးလုပ်ငန်း မိုင်းဆတ်၌ ထပ်ဆင့်ရှင်း

မိုင်းဆတ် ဇူလိုင် ၁၈

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအား တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ် (Third Wave) ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ကျင်းပခြင်းဖြစ်ပြီး ခရိုင် ဦးစီးမှူး ဦးသန်းဇော်ဦးက ပြည်ထောင်စုဝန်ကြီး၏ ဆွေးနွေးမှာကြားချက်များဖြစ်သည့် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်(Third Wave)များတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ဝန်ထမ်းများအနေဖြင့် တာဝန်သိမှု၊ တာဝန်ယူမှုတို့ဖြင့် အောက်ခြေဝန်ထမ်းအဆင့်အထိ ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ထားသည့်အတိုင်း ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းအားထုတ်ရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရန် ရေရှည်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင်ဆောင်ရွက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးရေးဆိုသည့် အပိုင်းနှစ်ပိုင်းကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြုမူဆောင်ရွက်ခြင်းများသည် ရှေးရိုးစွဲအစဉ်အလာများနှင့်သွား၍ မရတော့ပဲ ပြောင်းလဲနေသော အခြေနေနှင့် လိုက်လျောညီထွေမှုရှိရန် ခေတ်စနစ်နှင့်လျော်ညီသော စဉ်းစားတွေးခေါ်မှုမျိုးနှင့် လုပ်ဆောင်သွားရန်အရေးကြီးကြောင်း ပြောကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

သတင်းတိုများ

ငပုတောမြို့နယ်သို့ ကျွဲကောင်ရေ ၃၀၀ဖြန့်ဝေမည်

ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဦးစိုးသိန်းက ကျေးလက်ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် ငပုတောမြို့နယ်ရှိ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ တောင်သူများအား ကျွဲကောင်ရေ ၃၀၀ ကို မွေးဘက်စနစ်ဖြင့် ဖြန့်ဝေပေးရေး ဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များ၊ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များတက်ရောက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျဉ်းမနားဈေးကြီး၌ အရိပ်ရပျိုးပင်များစိုက်ပျိုး

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အာဟာရသုခဈေးကြီး၌ ဈေးသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပျိုးပင်များကို ဇူလိုင် ၁၅ ရက်က စိုက်ပျိုးကြရာ ဈေးတာဝန်ခံအရာရှိ ဦးမောင်မောင်နှင့် ဈေးဝန်ထမ်းများ၊ ဈေးသူဈေးသားများက ပိတောက်၊ ပန်းစက္ကူနွယ်သာကီ၊ ကုက္ကို၊ ပန်းချယ်ရီ စသည့်အရိပ်ရပန်းအလှပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရသည်။

မင်းမင်းလတ်

ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ချပွဲကျင်းပ

သံတွဲ ဇူလိုင် ၁၇

သံတွဲမြို့နယ်တွင် အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက မျိုးစေ့ချပွဲကို ခြံပြင်ကျေးရွာအုပ်စု ကွင်း အမှတ်(၁၉၀)၊ ဦးပိုင်အမှတ် (၁၂၅)ရှိ တောင်သူဦးမြင့်သိန်း၏လယ်မြေတွင် သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ဇူလိုင် ၁၅ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းက အမှာစကား ပြောကြားပြီး ပုလဲသွယ်စပ်မျိုးစပါး ပေါင်စနစ်ဖြင့်ပျိုးထောင်၍ မျိုးစေ့ချစိုက်ပျိုးခြင်းသည် မျိုးစေ့နှုန်းထားသက်သာခြင်း၊ သိပ္ပံနည်းကျ GAP စနစ်ကို လိုက်နာကျင့်သုံးခြင်းကြောင့် သီးနှံအထွက်တိုးမည်ဖြစ်ကြောင်းနှင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးဦးတင်ဝင်းမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများက ကိုယ်တိုင်ကွင်းဆင်း၍ တောင်သူများအားလက်တွေ့သရုပ်ပြသသည်။ အဆိုပါအခမ်းအနားသို့ ခရိုင်ဦးစီးမှူးဦးသန်းထွန်း၊ မြို့နယ်ဦးစီးမှူးဦးတင်ဝင်းမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့်တောင်သူများတက်ရောက်ခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၈)နေ ဦးယောဟန်-ဒေါ်မာဂန္ဓလ၏ သားဖြစ်သူမှာ အထက(၂) တက္ကသိုလ်ဝင်တန်း(င)မှ မောင်အာဗြဟံ ဖြစ်ပါကြောင်း။

မောင်အာဗြဟံ
အထက(၂)၊ တက္ကသိုလ်ဝင်တန်း(င)၊ လားရှိုးမြို့

အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၈)နေ ဦးယောဟန်-ဒေါ်မာဂန္ဓလ၏ သမီးဖြစ်သူမှာ အထက(၂)၊ အဋ္ဌမတန်း(D)မှ မဆူဆနာဖြစ်ပါကြောင်း။

မဆူဆနာ
အထက(၂)၊ အဋ္ဌမတန်း(D)၊ လားရှိုးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၉၅၄၃ Shwe Myanmar HL 06 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော်ဦး ၉/ပမန(နိုင်)၁၃၇၅၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၃၈၉၁၉ လက်ဝယ်ရှိသူ ဦးတင်မိုးဝင်း ၉/ညဥန(နိုင်)၁၅၈၆၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ခရိုင်ဦးစီးမှူး
ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၈၀၆၁၊ Shwe Thway Super LT/PU ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစိုး ၃/ဘအန(နိုင်)၀၃၄၀၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဟ/၆၆၀၉၊ Jianshe 200/ သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၁၀/မလမ(နိုင်)၀၁၁၉၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၄)အား မြေချပါမစ်အမည်ပေါက် ဒေါ်မိုးမိုးနွယ် ၅/ကဘလ(နိုင်)၁၀၇၂၆၅ထံမှ ဝယ်ယူထားသူ ဦးကျော်ငွေ ၈/ပမန(နိုင်)၀၈၃၀၅၀မှ အဆိုပါမြေကွက်၏ ငွေသွင်းချလန်မူရင်း ပျောက်ဆုံးသွားပါ၍ ငွေသွင်းချလန်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ငွေသွင်းချလန်မိတ္တူမှန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြို့မရပ်၊ မြေကွက်/ ဦးပိုင်အမှတ် ၇၉၊ ဧရိယာ ၀ဒသမ၁၄၀ဧကရှိ ဦးကျော်သိန်းအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးမောင်မောင်ဦးပါ-၃ဦး ၉/လဝန(နိုင်)၀၃၃၅၂၄ (ဘ) ဦးတင်အောင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်ငွေငွေနှင့်အများသိစေရန်

အေးသာယာမြို့၊ အမှတ်(၁)ရပ်ကွက်၊ နယ်မြေ(၁)၊ အကွက်ကြီး ၅၆၊ မြေကွက်အမှတ် ၂၅၊ ဧရိယာ ၀ဒသမ ၀၈၆ဧကရှိ မြေကွက်သည် ကျွန်တော် ဦးကျော်လင်း ၁၂/အစန(နိုင်)၀၉၇၁၈၃ ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ဂရန်ပျောက်ဆုံးသွားသဖြင့် ဂရန်အသစ်လျှောက်ထားစဉ် ဒေါ်ငွေငွေ(နေရပ်လိပ်စာမပါ၊ နိုင်ငံသားမှတ်ပုံတင်အမှတ်မပါ)ဆိုသူသည် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာသို့ လာရောက်ကန့်ကွက်နေပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဦးကျော်လင်းထံသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးကျော်လင်း
ဇ-၇၉၊ အင်းစိန်၊ ဖော့ကန်
ရဲဘော် ၃လမ်း၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ ရွှေချီ၊မြေကွက်/ဦးပိုင်အမှတ် ၉၄ ^ခ^၊ ဧရိယာ ၀ဒသမ ၀၄၆ဧကရှိ ဒေါ်မြမြ (ပါ)၅ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်မြမြ (ပါ)၅ ၉/ပမန(နိုင်)၀၄၂၀၅၀(ဘ) ဦးအောင်မြင့်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၄၅၂၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ရဲမှူးကြီးမျိုးသန့်အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်ပိုးကြူ(ခ)ဒေါ်ယဉ်ယဉ်အေး ၁၂/ပဘတ(နိုင်)၀၂၂၈၀၆ (ဘ) ဦးလုပ်ရမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အငှားဂရန်မြေကွက်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း မြို့နယ်အဆင့်ဖွင့်

မြန်အောင် ဇူလိုင် ၁၈

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာမပြီးဆုံးမီ ကျောင်းစောထွက်ခဲ့သူ အသက် ၁၀ နှစ်မှ ၁၄ နှစ် သက်ငယ်အုပ်စုကလေးများအား ဒုတိယအကြိမ်ပညာရေး အခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးရန်နှင့် အဆိုပါကလေးများအား အခြေခံပညာအလယ်တန်းအဆင့်သို့ ဆက်လက်သင်ယူခွင့်ရရှိရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ကျောင်းပြင်ပမူလတန်းပညာရေး Non Formal Primary Education (NFPE) လုပ်ငန်း မြို့နယ်အဆင့်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက်က အထကမြန်အောင် ဇေယျာသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနှင့်မြို့နယ်ပညာရေးမှူးဦးဝင်းမြင့်တို့က ကျောင်းပြင်ပရောက်ကလေးများ ပညာရည်မြင့်မားလာစေရန် ဆရာဆရာမများက မိမိ၏သားသမီးများကဲ့သို့ သဘောထားပြီး စေတနာထားသင်ကြားရန်နှင့် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အခြေစိုက်စခန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများကို တာဝန်ပေးအပ်လွှာများပေးအပ်ကြသည်။ ဆက်လက်ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းပြင်ပမူလတန်းပညာရေးအတွက် အလှူငွေနှင့်ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး အခြေစိုက်စခန်း စွမ်းဆောင်ရည်အကောင်းဆုများနှင့် ထူးချွန်ကျောင်းသားကျောင်းသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ကျောင်းပြင်ပမူလတန်းပညာရေး (NFPE)လုပ်ငန်းအစီအစဉ်ကို ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၂၃ မြို့နယ်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်နှစ်များတွင်လည်း ကျန်ရှိနေသည့်မြို့နယ်များကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

ဝင်းဗိုလ်

ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ် ရှင်းလင်းဆွေးနွေးပွဲ ပခုက္ကူ၌ကျင်းပ

ပခုက္ကူ ဇူလိုင် ၁၈

ပခုက္ကူတိုင်းဒေသကြီး(အရှေ့ပိုင်း)တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု(Third Wave)လုပ်ငန်းစဉ် ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက်က တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသိန်းဌေးက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု၏ တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များတွင် အဓိကအားဖြင့် ရေရှည်တည်တံ့သော ဒီမိုကရေစီနိုင်ငံတော်အတွက် ခိုင်မာသောအခြေခံအုတ်မြစ်ချမှတ်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရေး ဖြစ်ကြောင်း၊ ပေါင်းစပ်ညှိနှိုင်းမှု အားနည်းခြင်း၊ တာဝန်သိမှု၊ တာဝန်ယူမှုလုပ်ငန်း အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရာတွင် (Mind Set)ပြုပြင်ပြောင်းလဲပြီး အရည်အသွေး ပိုမိုတိုးတက်ရန်လိုကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို သိရှိနားလည်လာစေရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်၊ လုပ်ထုံးလုပ်နည်းများပြောင်းလဲရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့သည်။

သန့်စင်(ပခုက္ကူ)

သတင်းတို

မြို့နယ်သမဝါယမမှ စိုက်ပျိုးစရိတ်များထုတ်ချေး

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် သမဝါယမဦးစီးဌာနမှ စိုက်ပျိုးချိန်အမီ စိုက်ပျိုးစရိတ် ချေးငွေများကို တောင်သူများသို့ ဇူလိုင် ၈ ရက်က ထုတ်ချေးခဲ့ရာ Exim Bank (China)မှ ချေးငွေကျပ် ၂၁၉၆၆ ဒသမ ၇၅ သိန်း၊ CB Bank မှ ချေးငွေကျပ် ၃၀၃ ဒသမ ၃ သိန်းနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှ ငွေကျပ် ၉၉ သိန်းကို တောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၆ရက်က ကျင်းပရာ ကျောင်းသူလေးများက ပန်းပင်များစိုက်ပျိုးနေကြစဉ်။

(မြို့နယ် ပြန်/ဆက်)

လားရှိုးနည်းပညာတက္ကသိုလ် မေဂျာပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

လားရှိုး ဇူလိုင် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မေဂျာပေါင်းစုံ ကျောင်းတွင်းချစ်ကြည်ရေးအားကစားပြိုင်ပွဲကို ဇူလိုင် ၈ ရက်က စတင်ကျင်းပပြီး ဆုပေးပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အားကစားပြိုင်ပွဲကို ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်နှင့် တာဝန်ခံဆရာ ဆရာမများက ဦးစီးကျင်းပခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အားကစားကွင်းကြီးတွင် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ ဗိုလ်လုပွဲတွင် လားရှိုးနည်းပညာတက္ကသိုလ်မှ ဆောက်လုပ်ရေးမေဂျာအသင်းနှင့် စက်မှုမေဂျာအသင်းတို့ ယှဉ်ပြိုင်ကစားရာ စက်မှုမေဂျာအသင်းကအနိုင်ရခဲ့သည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်နှင့် ဆရာဆရာမများက ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဆုရသူများနှင့် ဆုရအဖွဲ့များကို ဆုချီးမြှင့်သည်။

ထို့နောက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် လားရှိုးနည်းပညာတက္ကသိုလ် ကျောင်းတွင်း မေဂျာပေါင်းစုံချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ပထမဆုရ စက်မှုမေဂျာဘောလုံးအသင်းအား တံခွန်စိုက်ဆုကြီးကိုချီးမြှင့်ခဲ့ပြီး ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးမေဂျာအသင်းနှင့် တတိယဆုရရှိသည့် အီလက်ထရောနစ်မေဂျာ ဘောလုံးအသင်းတို့ကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

လင်းလင်း(လားရှိုး)

တိုင်းဒေသကြီးအစိုးရအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းနှင့် ဟင်္သာတမြို့၊ သူနာပြုသင်တန်းကျောင်းတို့တွင် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပုသိမ်သူနာပြုနှင့်သားဖွားသင်တန်းကျောင်း

(၁) စားဖိုဆောင်အဟောင်းအားဖျက်သိမ်း၍ အဆိုပါနေရာတွင် 4 angle အမိုး (၇၅×၇၀×၃၆)ပေ သုံးထပ်ထမင်းချက်ဆောင်နှင့် သင်တန်းသူအိပ်ဆောင် အသစ် တည်ဆောက်ခြင်းလုပ်ငန်း

(၂) စားဖိုဆောင်နှင့်တွဲလျက် (၂၈×၉×၁၂၃)ပေ တစ်ထပ် ထမင်းချက်ခန်းနှင့် ဖွဲ့ရုံဆောက်လုပ်ခြင်းလုပ်ငန်း

(၃) (၇၅×၇၀×၃၆)ပေ သုံးထပ်ဆောင်နှင့်တွဲလျက် (၂၃×၂၃×၃၆)ပေ ဧည့်တွေ့ခန်းနှင့် ကြီးကြပ်သူဆရာအခန်း ဆောက်လုပ်ခြင်းလုပ်ငန်း

(ခ) ဟင်္သာတသူနာပြုသင်တန်းကျောင်း

(၁) ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်း (၁၂၀×၄×၃)ပေ

(၂) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၁၈-၇-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းသည့်ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန်နှင့် Profile တင်ပြရမည်။

၄။ တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

အမည်ပြောင်း

မကွေးမြို့ အမှတ်(၅) အလက(ခွဲ) ရဲကျောင်း စတုတ္ထတန်း(A)မှ ဦးနိုင်ဝင်း ၈/ဆပဝ(နိုင်)၀၅၀၈၃၅၏သမီး မလဝန်းရွှန်းလက်အား မသင်းသန့်သန့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မသင်းသန့်သန့်နိုင်

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စံပြဆေးရုံကြီး-သဃ်န်းကျွန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ စံပြဆေးရုံကြီး(သဃ်န်းကျွန်း)တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၂-၇-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီ

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၁-၈-၂၀၁၄ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
စံပြဆေးရုံကြီး(သဃ်န်းကျွန်း)
ကျိုက္ကစံဘုရားလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၅၇၉၈၇၈၊ ၅၇၉၈၉၆၊ ၅၇၉၈၇၆

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်း အထကကျောင်းသူ မသင်းမြတ်မြတ်ထွန်း (နဝမတန်း)နှင့် မခင်ချိုဝင်း(ဆဌမတန်း)တို့၏ ဖခင်အမည်မှန်မှာ ဦးလှထွေး ၁၂/မဘန(နိုင်)၀၄၇၇၄၀ ဖြစ်ပါသည်။

ဖောင်းကြွပျောက်ဆုံး
လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၉၇၃၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၁-၇-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီ

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၁-၈-၂၀၁၄ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်လုပ်ငန်းများ အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ခုတင် (၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဘိဓမ္မတက္ကသိုလ်
ပညာဒါနသင်တန်း

အဘိဓမ္မတက္ကသိုလ်(ကမ္ဘာအေး)တွင် ၂-၈-၂၀၁၄ရက်မှစ၍ ဝါတွင်း သုံးလပတ်လုံး စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉နာရီမှ ညနေ ၄နာရီခွဲအထိ ပညာဒါနပို့ချသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သင်ကြားပို့ချမည့်ဘာသာရပ်များမှာ-

ဣန္ဒြိယ ယမိုက်၊ အာယတန-ဓာတုယမိုက်၊ ခန္ဓယမိုက်၊ ဓာတုကထာ၊ အခြေခံပါဠိ၊ သင်္ဂြိုဟ်(အဘိဓမ္မတ္ထသင်္ဂဟ)တို့ ဖြစ်ကြပါသည်။

အဘိဓမ္မတက္ကသိုလ်၊
ကမ္ဘာအေးဘုရားဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

သတင်းတို

မလိခမြစ်အတွင်း စက်လှေနစ်မြုပ်ရာမှ လူ သုံးဦး ပျောက်ဆုံး

အင်ဂျန်းယန် ဇူလိုင် ၁၈

အင်ဂျန်းယန်မြို့နယ် ရေပိုင်နက် မလိခမြစ်အတွင်း တီယန်ဇွပ်ကျေးရွာမှ မြစ်ကြီးနားမြို့သို့ ရေယာဉ်မောင်းအောင်သူ မောင်းနှင်လာသော (ကံထူးအောင်) အမည်ရှိရေယာဉ်သည် ဇွန် ၁၇ ရက် ညနေ ၅ နာရီက တီယန်ဇွပ်ကျေးရွာမှ ၁၀မိုင် ၅ ဖာလုံခန့်အကွာနှင့် မြစ်ကြီးနားမြို့မှ ၄၃ မိုင် သုံးဖာလုံခန့်အကွာတွင် စက်လှေမှာ ကျောက်ဆောင်နှင့် တိုက်မိပြီး နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

ရေယာဉ်ပေါ် လိုက်ပါလာသူများ အနက် အမျိုးသား နှစ်ဦးနှင့် ကလေးငယ်တစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သဖြင့် အဆိုပါ ပျောက်ဆုံးနေမှုနှင့်ပတ်သက်၍ အင်ဂျန်းယန်မြို့နယ်တရားရုံး၌ တရားစွဲဆိုထားကြောင်း သိရှိရသည်။

ဦးရဲ (ကသာ)

အလုံမြို့နယ်အတွင်း ပညာဗဟုသုတ တိုးပွားစေရေး မြို့နယ်ရဲစခန်း၌ ရွေ့လျားစာကြည့်တိုက်ဖွင့်လှစ်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူတို့၏ဘဝ အသိပညာဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုကာ ပြည်သူကိုအခြေပြုလျက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သော Mobile Library ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သည် ဇူလိုင် ၁၅ ရက်နေ့ နံနက် ၁၀ နာရီက အလုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက Mobile Library ရွေ့လျား စာကြည့်တိုက်နှင့်အတူ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် လျှပ်စစ်အန္တရာယ်အသိပေးဆွေးနွေးခြင်းနှင့် ပတ်ဝန်းကျင်သာယာလှပစိုပြည်ရေးတို့ကို ဟောပြောခဲ့ပြီး သုတ၊ ရသ စာအုပ်စာစောင် ၁၀၀ ကို ငှားရမ်းပေးခဲ့ကာ နံနက် ၁၁ နာရီတွင် အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။ **(ရွှေတိုင်လွင်)**

အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကုတ်မြို့နယ်အတွင်း အာဇာနည်ကျောက်တိုင် ပြန်လည်တည်ဆောက်ခြင်းအထိမ်းအမှတ် လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးဥက္ကာမှ အာဇာနည်ကျောက်တိုင်နှင့်ပတ်သတ်သည်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးပြည်စိုးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။**နေဝါ(မိုးကုတ်)**

ကျိုင်းတုံအကျဉ်းထောင်အတွင်း အကျဉ်းသား ရပိုင်ခွင့်များ ပြည့်ဝစေရေး စစ်ဆေး

ကျိုင်းတုံ ဇူလိုင် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံအကျဉ်းထောင်တွင် ဥပဒေပါ အကျဉ်းသားအခွင့်အရေးများ ရရှိနေမှုအခြေအနေများကို ကျိုင်းတုံခရိုင်တရားသူကြီး ဦးဝင်းမြင့်က ဇူလိုင် ၁၇ ရက်ကသွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ရာ ကျိုင်းတုံအကျဉ်းထောင်မှူးက အကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများနှင့် အချုပ်သားများ၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး အကျဉ်းထောင်ရှိ အိပ်ဆောင်များ၊ စားဖိုဆောင်များနှင့် ဆေးရုံဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား၊ အကျဉ်းသူနှင့် အချုပ်သားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး စောက်ရှောက်ပေးမှုနှင့် ဥပဒေပါ အခွင့်အရေးများရရှိမှု အခြေအနေကို စစ်ဆေးခဲ့ကြောင်းသိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အုန်းပင်ခုတ်လှဲရာမှ အဖျားပိုင်းပြုတ်ကျသဖြင့် သစ်ပင်ခုတ်သူ သေဆုံး

ဝါးခယ်မ ဇူလိုင် ၁၈

ဝါးခယ်မမြို့နယ် မြသိန်းတန်ရပ်ကွက်၌ ဇူလိုင် ၁၂ ရက်က ဝါးခယ်မမြို့ မြသိန်းတန်ရပ်ကွက်ရှိ အုန်းပင်များကို အခကြေးငွေယူ၍ ခုတ်လှဲပေးသူ ဦးလှသန်း (၆၁နှစ်)သည် အုန်းပင်တစ်ပင်ကို အခကြေးငွေယူ၍ ခုတ်လှဲပေးရာ အုန်းပင်အဖျားပိုင်းကို ကြိုးချည်ခုတ်လှဲပြီး အနောက်ဘက်သို့ဆွဲချစဉ် ပိုင်းဖြတ်ထားသောအုန်းပင်တုံးခန္ဓာကိုယ်ပေါ်သို့ ပြုတ်ကျသွားရာ ပြင်းထန်သော ဒဏ်ရာရရှိ၍ ဝါးခယ်မပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် မွန်းလွဲ ၂ နာရီတွင် သေဆုံးသွားခဲ့သည်။ အဆိုပါ သေဆုံးမှုနှင့် ပတ်သက်၍ ဝါးခယ်မမြို့မရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုသိမ်လှကြည်

ပြင်ဦးလွင်မြို့၌ ကျပ်သိန်း ၂၀၀၀ဖိုးခန့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ပြင်ဦးလွင် ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့၌ ကျပ်သိန်းနှစ်ထောင်ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကို ဇူလိုင် ၁၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇူလိုင်၁၅ ရက် ညနေ ၅ နာရီ ၂၀ မိနစ်တွင် အမှတ်(၁၈) မူးယစ်အထူးတပ်ဖွဲ့စု၊ အမှတ်(၁၆) မူးအထူးတပ်ဖွဲ့စု၊ ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုနှင့် မြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ်ကြီးတို့သည် သက်သေများနှင့်အတူ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁) မန္တလေး-လားရှိုးလမ်းပေါ်ရှိ ရွှေထိပ်တန်းဧည့်ရိပ်မွန် အခန်းအမှတ် (၂၀၅) ကို မူးယစ်ဆေးဝါးကြိုတင်သတင်းအရ ဝင်ရောက်ရှာဖွေခဲ့သည်။

အခန်းအတွင်း တည်းခိုနေထိုင်သူ စိုင်းစံဥ(ခ) အိုက်စိုင်းနှင့် အောင်ညွှန့်(ခ)မိုးညိုတို့နှစ်ဦးအား ကြိုတင်သိရှိထားသည့် သတင်းများအရ ရှာဖွေရာ ၎င်းတို့နှစ်ဦးထိုင်နေရာ ကုတင်မွေ့ယာပေါ်မှ ပန်းရောင်စိတ်ကြွရူးသွပ် ဆေးပြား တစ်ထုပ်လျှင် ဆေးပြား ၂၀၀ စီပါသည့် အထုပ် ၂၀၀၊ ဆေးပြားပေါင်း ၄၀၀၀၀ စုစုပေါင်း အလေးချိန် ၄ ကီလိုဂရမ်ခန့် ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၂၀၀၀နှင့် မူးယစ်ဆေးဝါး ရောင်းချသည့် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ စိုင်းစံဥ (ခ)အိုက်စိုင်း၏ ထွက်ဆိုချက်အရ သိမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို တန့်ယန်းမြို့နေ အိုက်တီး(စုံစမ်းဆဲ)ထံမှ ဝယ်ယူခဲ့ပြီး အောင်ညွှန့်(ခ)မိုးညို၏ ထွက်ဆိုချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းဝယ်ပြုလုပ်ရာတွင် ပွဲစားအဖြစ် ပါဝင်ဆောင်ရွက်ပေးရန် ငွေကျပ် သိန်း ၅၀ ဖြင့် ပါဝင်ခဲ့ကြောင်းထွက်ဆိုခဲ့သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးများကို လက်ဝယ်တွေ့ရှိသူ စိုင်းစံဥ(ခ)အိုက်စိုင်း (၂၁ နှစ်)နှင့် အောင်ညွှန့် (ခ) မိုးညို (၄၂ နှစ်) တို့ကို ပြင်ဦးလွင်မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကျဆင်းရေးအတွက်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နှိမ်နင်းလျက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မူးယစ်ဆေးဝါးသုံးစွဲ/ရောင်းဝယ်သူများကို အမြန်ဆုံးအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ **(၁၄၇)**

အရက်ကြောင်ကာ မိမိကိုယ်ကို ထိခိုက်စေသူ မအူပင်ရဲစခန်းမှအရေးယူ

ပုသိမ် ဇူလိုင် ၁၈

မအူပင်မြို့နယ် ရွှေတောင်မော်ကျေးရွာ အမှတ်(၆)ရပ်ကွက် လမ်းမပေါ်ရှိ လူတစ်ဦးသည် ဇူလိုင် ၁၆ ရက်က မိမိလည်ပင်းကို မိမိကိုယ်တိုင် ဓားဖြင့် လှီးဖြတ်နေသဖြင့်ပတ်ဝန်းကျင်ရှိလူများက ဝိုင်းဝန်းထိန်းသိမ်းပြီး ပြည်သူ့ဆေးရုံသို့ ဆေးကုသရန် တင်ပို့ထားရှိကြောင်း သတင်းအရ ရွှေတောင်မော်နယ်မြေရဲစခန်းမှ ရဲအုပ် ဝင်းလှိုင်တင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ရွှေတောင်မော်အမှတ်(၆) ရပ်ကွက်နေ ဝင်းစိုး(၃၂နှစ်)သည် အရက်အလွန်အကျွံသောက်သုံးနေရာက အရက်ကြောင် ဝေဒနာစွဲကပ်ပြီး နေအိမ်သုံး ဓားမဖြင့် မိမိကိုယ်တိုင် မိမိ လည်ပင်းကို လှီးဖြတ်သဖြင့် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိစဉ် ပတ်ဝန်းကျင်လူများက ဝိုင်းဝန်းထိန်းသိမ်း၍ ပြည်သူ့ဆေးရုံသို့ တင်ပို့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။ ယင်းနေ့ ည ၉ နာရီ ၁၀ မိနစ်တွင် ရဲအုပ်ဝင်းလှိုင်တင်၏ တိုင်တန်းချက်အရ ရွှေတောင်မော်နယ်မြေရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

ပုသိမ်လှကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် Fiber Cable (၃၀၀၀)မီတာကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွယ်တန်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၄ရက်မှ ၂၈-၇-၂၀၁၄ ရက်အထိ နေ့စဉ်(ရုံးချိန်အတွင်း) နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့်စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့တွင် တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း နေပြည်တော်ရုံးအမှတ် (၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ၃၂၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၁၉၉၊ ၀၆၇-၄၀၆၀၈၈

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(ဂ)တွင် ပညာသင်ကြားနေသော မဇူးသဇင်ဖြူသိန်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးအောင်သိန်းကြည်ဖြစ်ပါကြောင်း။ **ဦးအောင်သိန်းကြည် ၆/ကစန(နိုင်)၁၁၄၉၃၇**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ သမဝါယမသင်တန်းကျောင်းတွင် (၁၀၀'×၃၀'×၂၅') RC နှစ်ထပ်ဆောင် တစ်ဆောင်ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၁-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၀-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

တင်ဒါပုံစံများနှင့်တင်ဒါစည်းကမ်းချက်များကို မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၃-၂၃၀၃၉ နှင့် ၀၆၃-၂၅၀၁၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(မိုင်းယောင်းမြို့)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

ဒေါ်ငွေယိမ်း (လပွတ္တာ-မြောင်းမြ)

အသက်(၈၁)နှစ်

မြောင်းမြမြို့နယ် ကြက်ခြေနီအသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် လူမှုကရုဏာလုပ်ငန်းများကို အချိန်ပြည့်ကာလရှည်ကြာ တာဝန်ခံဆောင်ရွက်ခဲ့သော ဆရာမကြီး ဒေါ်ငွေယိမ်း(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)သည် ၁၆-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

မြောင်းမြမြို့နယ်၊ ကြက်ခြေနီမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်မြင့် (ညောင်လေးပင်မြို့)

အသက်(၇၇)နှစ်

(ဗိုလ်မှူးမောင်ကြီး)၏ဇနီး ဒေါ်ခင်ခင်မြင့် (အလယ်တန်းပြ၊ ငြိမ်း)သည် ၁၅-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

ရဟန်းဒါယိကာမကြီး

ဒေါ်မြင့်ဆွေ(ပဲခူးမြို့) အသက်(၇၄)နှစ်

ပဲခူးမြို့နေ (ဦးကျော်သိန်း၊ သိန်းဆံသ)၏ဇနီး၊ နေပြည်တော်နေ ဒုတိယဗိုလ်မှူးကြီးခင်ဇော်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ကကငွေ)-ဒေါ်လဲ့လဲ့၊ ရန်ကုန်မြို့နေ ဦးမြင့်သူ(အငယ်တန်းအင်ဂျင်နီယာ-၁၊ လိုင်း၊ ဆသရ)၊ ဒေါ်ကြည်ကြည်ဦး၊ ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးမျိုးမင်းသိမ်း-ဒေါ်ချောရူပါဦးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၇-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်မြို့ ဟံသာရိပ်မွန်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုတိယရဲမှူးစန်းဝင်း

လ-၁၁၈၃၁၁

အမှတ်စဉ်(၁၆/၈၄)

အသက်(၅၉)နှစ်

မကွေးတိုင်းဒေသကြီး၊ မိကျောင်းရဲမြို့နေ (မြန်မာတိုင်းရင်းဆေးသမားတော်ကြီး ဦးထွန်းဆိုင်-ဒေါ်အေးမြင့်)တို့၏သား၊ မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ (၈၁×၈၂)ကြား၊ ၂၂(စီ)လမ်းနေ (ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း ဒု-တိုင်းမန်နေဂျာ ဦးကိုကိုကြီး - ဒေါ်ခင်သီတာ)တို့၏သားသမက်၊ ဒေါ်ရွှေဇင်၏ခင်ပွန်း၊ မောင်မောင်ဦး-မခင်ကြူမာ၊ မောင်တင်ဦး-မဇင်မိမိစိုး၊ မောင်ထက်ကိုကို-မခင်မာဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဒုတိယရဲမှူးစန်းဝင်း၊ တပ်ခွဲမှူး၊ အမှတ်(၂၀)တပ်ခွဲ၊ ဟသ်ာတ ရထားတပ်ဖွဲ့သည် ၁၈-၇-၂၀၁၄ရက် နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၄ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သတိပဌာန်လမ်း၊ အမှတ်၄၆၊ လေးလွှာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးဇော်သိန်း(B.D.S)(မြိတ်)

အသင်းဝင်အမှတ်(၃၄၅၅)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၅၉-C၊ တိုက် A၊ အခန်း ၅နေ ဒေါ်တင်တင်ယု၏ခင်ပွန်းသည် ၁၇-၇-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေပိုင်းတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

မအိန္ဒြေမှူး

အသက်(၃)နှစ်

ရန်ကုန်မြို့နေ ဦးဖိုးချွန်-ဒေါ်ရီရီတင့်၊ မုံရွာမြို့နေ(ဦးဉာဏ်ထွန်း)-ဒေါ်တင်တင်တို့၏မြေး၊ ဗိုလ်မှူးတင့်လွင်ဦး-ဒေါ်မြမြမွန်တို့၏သမီး၊ မောင်သစ်ထူးလွင်၏အစ်မသည် ၁၇-၇-၂၀၁၄ရက် (ကြာသပတေးနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြမေ

ကျောင်းဆရာမ(ငြိမ်း)
ဇရပ်ပြင်ရွာ၊လေးတောင်

အသက်(၈၁)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ ဇရပ်ပြင်ရွာနေ (ဆရာကြီး ဦးဖြူဦး-ဆရာမကြီး ဒေါ်ရွှေဆင်)တို့၏သမီး၊ (ဦးဘိုးရင်-ဒေါ်အေးကျန်)တို့၏သမီးချွေးမ၊ (ဆရာမ ဒေါ်ငွေလှိုင်၊ဆရာဦးသာကျော်၊ဆရာမ ဒေါ်အေးမြလှိုင်)တို့၏ညီမ၊ ဦးသိန်းရွှေ (တိုင်းဥပဒေအရာရှိ၊ ငြိမ်း)-ဒေါ်ခင်ခင်သွဲ့တို့၏အစ်မ၊ (ဆရာဦးဆိတ်အေး)၏ဇနီး၊ အမှတ် ၁၅၈၊ အောင်ဇေယျာလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဦးခင်မောင်လေး-ဒေါ်မူမူအေး (အမက-၁၇၊ မရမ်းကုန်း)၊ဦးမျိုးလွင်၊ဒေါ်မြင့်ကြည်၊ ဦးမြင့်ကို-ဒေါ်မိုးမိုးလှိုင် (အမက-၁၄၊ လှိုင်သာယာ)၊ မစိုးစိုးလှိုင်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၈-၇-၂၀၁၄ရက် (သောကြာနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးတင်ငွေ (ကွဲကူး)

အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ ၁လမ်း၊ တိုက် ၁/၁၃၊ အခန်း ၁၀၃/၁၀၄နေ (ဦးဘလှ - ဒေါ်ညို)တို့၏ သား၊ (ဦးအောင်မြတ်-ဒေါ်ပုတင်)တို့၏သားသမက်၊ ဒေါ်မြပိုင်၏ခင်ပွန်း၊ ဦးလှကြိုင်-ဒေါ်မြသိန်း၊ ဦးကြည်အောင်-ဒေါ်ခင်၊ ဦးစိုးမြင့်-ဒေါ်တင်ကြူတို့၏အစ်ကို၊ (ဦးမျိုးမြတ်)-ဒေါ်စန်းစန်းဦး (ဒုတိယညွှန်ကြားရေးမှူး၊ ရသုံးဦးစီး)၊ ဒေါ်ရီရီရှိန်၊ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း (လက်ထောက်စစ်ထောက်ချုပ်၊စစ်ထောက်ချုပ်ရုံး)-ဒေါ်မိုးမိုးစန်းတို့၏ဖခင်၊ မောင်ဝေယံမျိုးမြတ်(G-8, A၊ အထက-၂၊ကမာရွတ်)တို့၏အဘိုးသည် ၁၈-၇-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် နေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဇော်ဝင်းထူး(ခ)

ကိုဇော်ကြီး (မြန်အောင်)

C.D.C-18563

အုံကြီးသင်္ဘောကျောင်း၊ အလုပ်သင်
အင်/ယာ ၁၉၈၀/၈၄
ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း

အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ (ဦးသန်းအေး-ဒေါ်တင်ကြည်)တို့၏သား၊ ဦးစိုးမြင့်-ဒေါ်အေးစိန်တို့၏သားသမက်၊ ဦးကိုကိုလွင်-ဒေါ်စန်းကြည်တို့၏တူ၊ ဒုတိယဗိုလ်မှူးကြီး တင်မောင်ခင်-ဒေါ်ခင်မာရီ၊ (ဦးမင်းသူ)-ဒေါ်အေးအေးနွဲ့၊ ဦးမောင်ကို-ဒေါ်မူမူမြင့်၊ (ကိုဉာဏ်ဝင်း)၊ ကိုကျော်စိုး-မခင်မာလာ၊ ဦးတိုးတိုး-ဒေါ်သင်းသင်းစိုးတို့၏အစ်ကို၊ မဇော်လပြည့်ဝန်း၊ မဇော်လယမင်း၊ မချစ်ကစ်ကစ်ဇော်တို့၏ဖခင်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၁၄)ရပ်ကွက်၊ မြနန္ဒာအိမ်ရာ၊ မြနန္ဒာ ၅လမ်း၊ တိုက် ၁၈၊ အခန်း ၂၀၄နေ ဒေါ်ခင်ဖုန်းမြင့်(ခ)ရှယ်လီ၏ ခင်ပွန်းသည် ၁၇-၇-၂၀၁၄ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄ရက်(စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းယု(ခ)ဦးတိတ်ယု

(ကျောက်တန်း)

အသက်(၈၃)နှစ်

ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် ၉၄နေ (ဦးစုကွန်-ဒေါ်မြရီ)တို့၏သား၊ (ဦးကြောင်ရှိန်-ဒေါ်ဖွားတင်)တို့၏သားသမက်၊ ဒေါ်ကျင်ဟိုး၏ခင်ပွန်း၊ ဦးကြည်ထွန်း-ဒေါ်အေးအေးမော် (ရွှေမင်းသမီးစတိုး)၊ ဦးကြည်စွန်း-ဒေါ်စန်းစန်း(3D အထည်ချုပ်စက်ရုံ)၊ ဦးလှမြင့်အောင်-ဒေါ်သင်းသင်းမော်၊ ဦးဇော်မင်းအောင်(KT အင်တာနက်)၊ ဦးဇော်ဝင်းအောင်(ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဦးဇော်မျိုးအောင်-ဒေါ်ထက်ထက်လင်း(ထက်-မိုဘိုင်းလ်ဆိုင်)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၇-၇-၂၀၁၄ရက် ည ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်ရွှေ(အလုံ) (CDC-2056)

အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် ၂၄နေ (ဦးဘလွင်-ဒေါ်အုံးမေ)တို့၏သား၊ (ဦးတင်မောင်-ဒေါ်သန်းရင်)တို့၏ သားသမက်၊ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ Capt ဦးကြည်ခင်(PIL Shipping Co.,Ltd)-ဒေါ်မေရီဂရေ့စ်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၈-၇-၂၀၁၄ရက်(သောကြာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးရှင် (သာရဝေါ)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အသက်(၈၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ နေကြာ/သာယာကုန်းလမ်း၊ တိုက် ၇၊ အခန်း ၁၀၈(လေးလွှာ)နေ [ဦးစိန်(ခ)ဦးဖိုးကြော့-ဒေါ်ပုလေး]တို့၏သား၊ (ဒေါ်ကျင်လှိုင်)၏ခင်ပွန်း၊ ဒေါ်သင်းသင်းမာ(စိစစ်ရေးမှူး၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ)၊ ဒေါ်မူမူ(ဒုလက်ထောက်ညွှန်မှူး၊ MPE ၊ စွမ်းအင်ဝန်ကြီးဌာန)၊ ဦးမြင့်ခိုင်-ဒေါ်သီတာခိုင်(Biznet Internet)၊ ဦးဝင်းမျိုးထွန်း-ဒေါ်အိအိလွင်(ရိုးမဘဏ်၊ အလုံဘဏ်ခွဲ)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၈-၇-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄း၂၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မီးသင်္ဂြိုဟ်မည့် အချိန်နှင့် နေအိမ်မှကားများ ထွက်ခွာမည့် အချိန်ကိုထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီဒေါက်တာဦးကိုထွေး(ခ)MD.AHMED EISA

(ခေတ္တရာအသင်း ရာသက်ပန်အသင်းဝင်)

အသက်(၇၂)နှစ်

(ဒေါက်တာ MD.အီဘရာဟင်-ဒေါ်မေ)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၅၀၊ ၁၀၁လမ်းနေ ဟာဂျီမ ဒေါက်တာစုစုမွန်၏ခင်ပွန်း၊ ပြည်မြို့နေ [ဦးထွန်းဖေ(ကျောင်းအုပ်ဆရာကြီး)-ဒေါ်ကြူ(ကျောင်းအုပ်ဆရာမကြီး)]၊ [ဟာဂျီ ဦးမောင်မောင်(ဒု-အတွင်းဝန်/ရုံးအဖွဲ့မှူး၊ ငြိမ်း)-ဒေါ်အမာ]၊ ဟာဂျီ ပါမောက္ခဒေါက်တာဦးကိုဝင်း-ဟာဂျီမဒေါ်မြင့်မြင့်အေး၊ ဟာဂျီ ဦးဘညွန့်(မြို့နယ်အခွန်ဦးစီးမှူး၊ ငြိမ်း)-ဟာဂျီမဒေါ်ခင်ခင်ညို(အလယ်တန်းကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)တို့၏ညီ/မောင်၊ ဟာဂျီမင်းမွန်ထွေး-Vunteo၊ ဦးမြတ်မိုး-ခိုင်မွန်ထွေး၊ (Capt;ကြည်တင်)-နိုင်မွန်ထွေးတို့၏ဖခင်၊ ထက်နန္ဒာထွေး၊ အောင်ပိုင်ဟိန်း၊ မိုးဟန်နီထွေး၊ ရဲရင့်ကြည်တင်၊ရဲဝင့်ကြည်တင်၊ Hilary၊ Ivory တို့၏အဘိုးသည် ၁၄-၇-၂၀၁၄ရက် နံနက် ၁း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးစွန်နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်ခင်သန်း(ခ)မောင်ချေ (စစ်တွေ)

ရခိုင်ပြည်နယ် ခြင်းလုံးဆပ်ကော်မတီ(နာယက)
ရခိုင်ပြည်နယ် ရွှေလင်းယုန်စစ်တုရင်ကလပ်(ဥက္ကဋ္ဌ)

အသက်(၅၄)နှစ်

စစ်တွေမြို့နေ (ဦးထွန်းမြဦး-ဒေါ်မစော)တို့၏သားလတ်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ် ၁၀၊ ရန်ပြေ ၂၁လမ်း၊ (၃)ရပ်ကွက်နေ ဦးလှဖေ-ဒေါ်စီစီတို့၏သားသမက်၊ ဦးဦးဘခင်-ဒေါ်အေးသိန်း၊ ဦးစိန်မောင်-ဒေါ်ခင်ညွန့်၊ (ဦးစိန်ရွှေမောင်)-ဒေါ်မသန်းနု၊ မောင်သန်းရွှေ-မလှမြတ်သိန်း၊ ဦးအောင်သူ-ဒေါ်သာနုအေး၊ ဒေါ်တင်တင်လေး (သာကေတမြို့နယ် ပညာရေးမှူးရုံး)၊ ဦးစိုးနိုင်-ဒေါ်တင်တင်ထွေးတို့၏ညီ/မောင်/အစ်ကို၊ ဒေါ်ဆွေဆွေဦး(ဆွေဆွေ၊ စတိုးစစ်တွေ)၏ခင်ပွန်း၊ မောင်ဦးထွန်းအေး-မစန္ဒာခိုင်၊ မောင်သန့်ထက်အောင်-မဖြိုးဖြိုးဝေ၊ မောင်သူရိန်ဟိန်းတို့၏ဖခင်၊ မြေးတစ်ယောက်၊ တူ/တူမ ၂၅ယောက်တို့၏ဦးလေးသည်၁၇-၇-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [အမှတ် ၁၀၊ ရန်ပြေ ၂၁လမ်း၊ (၃)ရပ်ကွက် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒုရဲအုပ်သက်လွင်(ခ) Daniel Cin Do Pau

လ-၁၆၇၉၅၃၊ သတင်းတပ်ဖွဲ့(ပန်းဆိုးတန်းရုံး)

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ် ၁ (လေးလွှာ)၊ ဝဲဘက်အခန်းနေ [ဒုတိယဗိုလ်မှူးကြီး W ကမ်ချင်း(W-Kam Cin) (ငြိမ်း)]-ဒေါ်ရီရီတင့်(ခ) E. Cingh Pum တို့၏သားငယ်၊ ဒေါ်ဆွေမာသန်း၏ခင်ပွန်း၊ မောင်သက်တံ့အောင်(ခ)Isacc ကျင်စွမ်းမာန်၊ မအိသီရိလွင်(ခ) Ruth ကျိန်ခန့်ကျင်တို့၏ဖခင်၊ ဦးတင့်နိုင်-ဆရာမ ဒေါ်သလ္လာငွေးတို့၏ညီ၊ ဒေါ်စိုးစိုးသင်း(ခေတ္တ-USA)-Kham Khan Nang (နန်ပီး)၊ ဒေါ်ဝင်းဝင်းမော်(J.A.T အမက-၄၊ ကလော)-ဦးရီထွေး(ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ဗန်းမော်)၊ ဒေါ်မိုးသူဇာ(B.C ထွေ/အုပ်၊ လသာမြို့နယ်)-ဦးဇော်လင်း (အင်ဂျင်နီယာဌာန၊ SAKURA TOWER) တို့၏ အစ်ကို၊ မအက်စတာမိုးပွင့်ဖြူ၊ မောင်ပီတာကျင်စွမ်းခိုင်၊ မဂျူလီယာဆောင်းနေခြည်မိုး၊ မလေဒီယာချောရတနာမိုး၊ မောင်ဂျွန်အာကာမိုးမြင့်ဇော်တို့၏ ဦးလေးသည် ၁၈-၇-၂၀၁၄ရက်(သောကြာနေ့)နံနက် ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဝတ်ပြုဆောင်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ၊ Shalom ဘုရားကျောင်းတာမွေမှကားများနှင့် စီးယင်းနှစ်ခြင်းဘုရားကျောင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာမျက်နှာ-၉

နိုင်ငံအနှံ့အပြား မိုးထစ်ချုန်းရွာမည်

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ရမ်မာစံ" (Rammasun)၏ အရှိန်ကြောင့် ယနေ့ မွန်းတည့်မှ နောက်သုံးရက်အတွင်း မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ ရှမ်း၊ ရခိုင်၊ ကယား၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးမည်။

အဆိုပါ မိုးကြီးမည့်အခြေအနေကြောင့် ကမ်းရိုးတန်းဒေသများနှင့် ကုန်းမြင့်ဒေသအချို့တို့တွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်ဂရုပြုသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(မိုး/ဇလ)**

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ ပြည်တွင်း၌ ဖူလုံစွာသုံးစွဲနိုင်ရန် ပြည်ပကုမ္ပဏီများနှင့် ဆောင်ရွက်မည်

သတင်း-ဝေယံဦး
ဓာတ်ပုံ-အေကေလင်း

ရန်ကုန် ဇူလိုင် ၁၈

ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပြည်တွင်း၌သုံးစွဲရန်အတွက်ဆောင်ရွက်ရန် စွမ်းအင်ဝန်ကြီးဌာနက စီစဉ်လျက်ရှိရာ လုပ်ကွက် ၁၈ ကွက်ကို အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီများအား တင်ဒါများခေါ်ယူထားပြီးဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများကပြောသည်။

"ပြည်တွင်းမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုမိုသုံးစွဲနိုင်ဖို့အတွက် လုပ်ကွက် ၁၈ ကွက်ကို အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီတွေကို တင်ဒါခေါ်ထားတယ်။ အဲဒီလုပ်ကွက်တွေက ထွက်ရှိလာမယ့် ရေနံနဲ့သဘာဝဓာတ်ငွေ့တွေကို ပြည်တွင်းအတွက်ပဲ အဓိက အသုံးပြုသွားမှာဖြစ်ပါတယ်။ ပြည်တွင်းမှာ ရေနံနဲ့သဘာဝဓာတ်ငွေ့သုံးစွဲမှု လိုအပ်ချက် ရှိနေလို့ပါပဲ"ဟု အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူကပြောသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက် ၁၆ကွက်အတွက် ပြည်ပ ကုမ္ပဏီ ၁၀ ခုနှင့် စာချုပ်ချုပ်နိုင်ရန် စီစဉ်နေသည်။ ထို့အပြင် ကမ်းလွန်လုပ်ကွက်သစ် ၃၀ အနက် လုပ်ကွက် ၂၀ ခုကိုလည်း ပြည်ပကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်နိုင်ရေးစီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စွမ်းအင်ဖူလုံစွာအသုံးပြုနိုင်ရေးအတွက် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုရရှိရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❐

ကမ်းနားလမ်းတွင် မိုးပျံလူကူးတံတား တည်ဆောက်နေပြီ

ရန်ကုန် ဇူလိုင် ၁၈

ယာဉ်အန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်း/တံတားမှ မော်တော်ကားလမ်း ခုံးကျော်တံတားများ တည်ဆောက်ပေးလျက်ရှိရာ ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းလမ်းဆုံတွင် ကမ်းနားလမ်းကျယ်နှစ်လမ်းကို ဖြတ်ကူးသည့် မိုးပျံလူကူးတံတားကြီးတစ်စင်း တည်ဆောက်နေရာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း တည်ဆောက်နေသည့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလင်းက ဇူလိုင် ၁၈ ရက်က ပြောသည်။

သတင်းမြင်ကွင်း
အောင်သန်း(တောင်ညွန့်)
ဓာတ်ပုံ-ဖိုးသံတုံး

အဆိုပါ မိုးပျံလူကူးတံတား တည်ဆောက်ရခြင်းမှာ နေ့စဉ်နှင့်အမျှ ဒလမြို့ဘက်ကမ်းမှတစ်ဆင့် ကူးတို့သင်္ဘောဖြင့် ဖြတ်ကူးလာသည့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များနှင့် ဧရာဝတီတိုင်းဒေသကြီး မြို့နယ်တို့မှ ခရီးသွားပြည်သူခန့်မှန်းသုံးသောင်းကျော်အနေဖြင့် ကုန်တင်ယာဉ်ကြီးများအတွက် အသစ်ဖောက်လုပ်ထားသော ကမ်းနားလမ်းသစ်ကျယ်ကြီးနှင့် ကမ်းနားလမ်းဟောင်း *စာမျက်နှာ ၁၀ ကော်လံ ၁* ❋

ပြည်တွင်းအဲမန္တလေး လေကြောင်းလိုင်းမှ မြန်နှုန်းမြင့် ဂျက်လေယာဉ်များ ဝယ်ယူမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၈

ပြည်တွင်းလေကြောင်းလိုင်းတစ်ခုဖြစ်သည့် အဲမန္တလေးလေကြောင်းလိုင်းမှ ပြည်တွင်းခရီးသွားလေကြောင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမှုနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ပခရီးသွားများ ပိုမိုအဆင်ပြေပျံသန်းဝန်ဆောင်မှုပေးနိုင်ရန် မြန်နှုန်းမြင့် ဂျက်လေယာဉ်များဝယ်ယူ၍ မကြာမီပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မကြာမီတိုးချဲ့ပျံသန်းပြေးဆွဲပေးမည့် အဲမန္တလေးပြည်တွင်းလေကြောင်းလိုင်းသည် ခရီးသည်များပျံသန်းဝန်ဆောင်မှုပေးရာတွင် ခေတ်နှင့်အညီ မြန်နှုန်းမြင့် ဂျက်လေယာဉ် အမျိုးအစားများဖြစ်သည့် ဂျပန်နိုင်ငံမှ MRJ 90 ခရီးသည်တင် ဂျက်လေယာဉ်အမျိုးအစားခြောက်စင်းကို ဝယ်ယူပျံသန်းပေးမည်ဖြစ်သည်။ အဆိုပါ ခရီးသည်တင် MRJ 90 လေယာဉ်အမျိုးအစားခြောက်စင်းကို အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖြင့် ဝယ်ယူမည်ဖြစ်ပြီး *စာမျက်နှာ ၉ ကော်လံ ၆* ✺

R/488 မြင့် မြန်မာ့အလင်းသတင်းစာတိုက်၊
မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း ကြော်ငြာကဏ္ဍ

၂၀၁၄ခုနှစ်၊ ဇူလိုင် ၁၉ ရက်။ စနေနေ့

Advertisement

ထိုက်သူ ဦးသူ ရရှိမည်

09 73135444, 09 250283165

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
သင်တန်းသားများခေါ်ယူခြင်း

၁။ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ရည်ရွယ်၍ အောက်ပါသင်တန်းများ ဖွင့်လှစ်ပို့ချသွားပါမည်-

စဉ်	သင်တန်းအမျိုးအစား	သင်တန်းသား ဦးရေ	သင်တန်းကာလ	ပညာ အရည်အချင်း	နေရေး/ စားရေး
၁။	မော်တော်ယာဉ်ပြင်သင်တန်း (Automotive Mechanic Level-1)	၃၀-ဦး	၁၂-ပတ် ၂၉-၉-၂၀၁၄ မှ ၁၉-၁၂-၂၀၁၄ ထိ	အခြေခံပညာ အလယ်တန်းအောင်	မိမိအစီအစဉ်
၂။	လျှပ်စစ်ဂဟေသင်တန်း (Electric Arc Welding Level-1)	၂၀-ဦး	၁၂-ပတ် ၂၉-၉-၂၀၁၄ မှ ၁၉-၁၂-၂၀၁၄ ထိ	အခြေခံပညာ အလယ်တန်းအောင်	မိမိအစီအစဉ်

သင်ကြားပို့ချပေးမည့်ဘာသာရပ်များ

၂။ (က) မော်တော်ယာဉ်ပြင်သင်တန်း(စာတွေ့ ၃၀ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ရာခိုင်နှုန်း)
(၁) အင်ဂျင်ပိုင်းနှင့် ပြင်ဆင်ထိန်းသိမ်းနည်း
(၂) ချက်စီပိုင်းနှင့်ပြင်ဆင်ထိန်းသိမ်းနည်း
(၃) လျှပ်စစ်ပိုင်းနှင့် ပြင်ဆင်ထိန်းသိမ်းနည်း
(၄) အလုပ်ရုံနှင့်စက်မှုပုံဆွဲ

(ခ) လျှပ်စစ်ဂဟေသင်တန်း(စာတွေ့ ၃၀ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ရာခိုင်နှုန်း)
(၁) အခြေခံသင်္ချာ
(၂) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး
(၃) အခြေခံလျှပ်စစ်ပညာ
(၄) အခြေခံသတ္တုဗေဒ
(၅) လျှပ်စစ်ဂဟေ(စာတွေ့)/(လက်တွေ့)
(၆) အခြေခံအလုပ်ရုံပညာ
(၇) အခြေခံပုံဆွဲ(တစ်ဖက်မြင်ပုံ)နှင့်ဂဟေဆက်သင်္ကေတများ
(၈) ထိန်းသိမ်းမွမ်းမံမှု

၃။ သင်တန်းကြေးပေးသွင်းရန်မလို။ သင်တန်းသားများကိုယ်တိုင် အသုံးပြုလေ့ကျင့်ဆောင်ရွက်ရမည့်သုံးကုန်ပစ္စည်းများ (Consumable Items) အတွက်သာ သင်တန်းဝင်ညွှန်ကြားလွှာပါ အတိုင်း ကိုယ်တိုင်ကျခံသုံးစွဲရမည်။

၄။ ကျောင်းဝင်ညွှန်ကြားလွှာနှင့်သင်တန်းလျှောက်လွှာပုံစံများကို www.mrt.gov.mm ရှိ CITC Page မှ ကြော်ငြာချက်များတွင်လည်းကောင်း၊ www.myanmarrtad.com ရှိ Latest News အသိပေးကြော်ငြာခြင်းတွင်လည်းကောင်း download ရယူ၍ လျှောက်ထားနိုင်ပါသည်။

၅။ သင်တန်းပြီးဆုံးပါက National Skill Certificate Level -1 နှင့်ညီမျှသော သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သွားမည်။

၆။ အသေးစိတ်သိရှိလိုပါက သင်တန်းမှူး၊ သင်တန်း(စာပေ)ဌာနခွဲ၊ ဖုန်း-၀၆၄-၂၃၅၆၅ (လိုင်းခွဲ-၁၀၇)/၀၉-၄၀၂၆၄၅၅၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ကျောင်းတွင်လည်း သင်တန်းလျှောက်လွှာပုံစံများကို အခမဲ့ရယူနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
မိတ္ထီလာမြို့

အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေ ... Website ... Walltown MTV၊ Website Facebook ... Online ... Photo Edit ... Photo Software ... Website ... Video ...

လွှဲအပ်ညွှန်ကြားချက်အရ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လှိုင်သာယာမြို့နယ်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၈၈

ဒေါ်ဆွေဆွေမြင့် **နှင့်** ၁။ ဦးတင်ဝင်း
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇) ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ် (၅၂၂/ခ)တွင်နေထိုင်သူ (ယခုနေရပ်လိပ်စာမသိသူ) ဦးတင်ဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၅ ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှိုင်မျိုးအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
လှိုင်သာယာမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ... (L.L.B, D.B.L) ...

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၉၄/အီး)နေ ဦးအေးသူ ၁၂/လမတ(နိုင်)၀၀၆၆၅၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် အထက်ဖော်ပြပါ **A' Shell** စာသားပါ အမှတ်တံဆိပ်အမည်အမှတ်အသားအား မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် အမှတ် ၉၇၈၀/၂၀၁၄ ဖြင့် တရားဝင် မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ရန်အတွက် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, Web Site အစရှိသည်တို့တွင် အသုံးပြုသွားမည့်အပြင် ယင်းအမည်အမှတ်အသားဖြင့် ကျောပိုးအိတ်အမျိုးမျိုး၊ ရှူးဖိနပ်အမျိုးမျိုး၊ အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ လူကြီးဝတ်၊ ကလေးဝတ်၊ အဝတ်အထည်အမျိုးမျိုး၊ အတွင်းခံအမျိုးမျိုး၊ ဘောင်းဘီအမျိုးမျိုး၊ ဦးထုပ်အမျိုးမျိုး၊ ခါးပတ်အမျိုးမျိုး၊ ခြေအိတ်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပြီး၊ အဆိုပါကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းအသုံးပြုသည့် ပလတ်စတစ်ဘူး၊ ကော်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူပုံး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုလည်း ပြုလုပ်ပြီးလျှင်ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အသုံးပြုထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကို ထပ်တူညီပြုလုပ်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ မမှန်မကန်တုပသုံးစွဲ၍ လုပ်ငန်းများတွင် အသုံးမပြုရန်နှင့် အကယ်၍ မိုငြမ်းတုပသုံးစွဲပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးဇော်ကျော်အောင်	ဒေါ်ကြည်သာဝင်း	ဒေါ်နန်းဆိုင်အုံ
(စဉ်-၃၄၄၉၀)	(စဉ်-၂၉၅၅၃)	(စဉ်-၃၄၅၃၀)
LL.B, C.B.L	LL.B, LL.M	LL.B

ဒေါ်ဇင်လင်းထွေး (စဉ်-၃၈၂၃၈) LL.B **ဦးမိုးမင်းဟိန်း (စဉ်-၃၈၂၉၂)** LL.B

အထက်တန်းရှေ့နေများ (ရွှေဟသ်ာအိမ်ခြံမြေဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
အမှတ် ၈၆၄၊ ပင်လုံလမ်း၊ ၃၆-အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁၊ ၀၉-၃၁၂၀၇၇၂၊ ၀၉-၃၁၃၀၂၆၂၉

ကြော်ငြာစာ

(မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၈၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၃၇

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၈၁ အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုပါရန် လျှောက်ထားသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၇ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၅၂၃ နေ မြစိမ်းတောင်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (၎င်း၏ ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်သန်းသန်းထွေးဒါရိုက်တာ)က ကုမ္ပဏီတည်ထောင်ခဲ့သည့်ရက်မှစ၍ ၁၈လအတွင်း ပုံစံ(င)အား ကုမ္ပဏီများမှတ်ပုံတင်ရုံးသို့ တင်ပြရန်ပျက်ကွက်ခြင်းနှင့် ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကျင်းပပြီး ၁၅လအတွင်း ကျင်းပရမည့်ရက်ထက်နောက်ကျ ကျင်းပခဲ့ခြင်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၇၆ ကို လိုက်နာရန် ပျက်ကွက်ခဲ့သဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၈၁ အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ၂၀၁၄ ခုနှစ် ဇူလိုင် ၂၉ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လဆန်း ၃ရက်) နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော မြစိမ်းတောင်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ငြိမ်းမြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၅၀

၁။ ဦးအုန်းသန်း **နှင့်** ၁။ ဒေါ်တင်တင်ခိုင်
၂။ ဦးတိုင်းလွင် ၂။ ဒေါ်စိန်တင်
တရားလိုများ **တရားပြိုင်များ**

အမှတ် ၄၃၇(က)၊ မေယုလမ်းသွယ်၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်စိန်တင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလို ဦးအုန်းသန်းပါ (၂)က ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၉ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားပြိုင်မှစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ကျော်ဝင်း
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၈၈၀၂ (8F/8802) ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (အနောက်ပိုင်းခရိုင်)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁) အတွင်းမှ

(က) မြေကွက်အမှတ် (၁၅)၊ မြေအကျယ်ပေ(၄၀×၆၀) ပါမစ်မြေမျိုး အမည်ပေါက် ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်)၀၅၇၁၈၅ ဟု မှတ်သားထားသော မြေကွက်
(ခ) မြေကွက်အမှတ် (၁၇)၊ မြေအကျယ်ပေ(၄၀×၆၀) ပါမစ်မြေမျိုး အမည်ပေါက် ဦးသိန်းဟံ (HGU-၀၆၉၃၈၉) ဟု မှတ်သားထားသောမြေကွက်
(ဂ) မြေကွက်အမှတ် (၂၁)၊ မြေအကျယ်ပေ(၄၀×၆၀) ပါမစ်မြေမျိုး အမည်ပေါက် ဦးစိန်ဒွန်း (AA-၀၅၁၁၀၁) ဟု မှတ်သားထားသောမြေကွက်
(ဃ) မြေကွက်အမှတ် (၂၂)၊ မြေအကျယ် ပေ(၄၀×၆၀) ပါမစ်မြေမျိုး အမည်ပေါက် ဒေါ်ချစ်ချစ် (CI-၀၄၆၃၆၃)ဟု မှတ်သားထားသောမြေကွက်

မြေကွက် လေးကွက်နှင့်အကျိုးခံစားခွင့်များ တည်ရာလိပ်စာမှာ အမှတ် ၁၅/၁၇/၂၁/၂၂ အင်းဝလမ်း၊ (၁၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ကို ပါမစ်အမည်ပေါက်သူများထံမှ အဆင့်ဆင့်လွှဲပြောင်းဝယ်ယူလက်ရောက်ရရှိထားသူက ရောင်းချလိုကြောင်း စကားကမ်းလှမ်း၍ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်သူများ ကန့်ကွက်လိုပါလျှင် ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ် ဆက်လက်ပြုလုပ်၍ မြေကွက်များကို လက်ရောက်ရယူမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်မေစပယ်မြင့်(စဉ်-၃၂၉၉၂)၊ အထက်တန်းရှေ့နေ၊
ဖုန်း-၀၉-၅၀၃၁၈၁၀
LL.B,D.B.L, D.I.L, D.L.P(101) W.I.P.O(SWITZERLAND)
အမှတ် ၇၊ မြေညီ၊ ၃၃လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် ၁၁/၂၊ အမှတ်(၅၇၅)ဟုခေါ်တွင်သော ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ကလျာမိုး အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်သူ ဒေါ်မိုးစံပါယ် ၈/ပခက(နိုင်)၀၂၄၁၆၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေလွင် (စဉ်-၂၂၁၉၃) အထက်တန်းရှေ့နေ၊ ဖုန်း-၀၉-၃၁၅၇၉၂၁၇
အမှတ်(၁၆၂၀/က)၊ ဦးမင်းလမ်း၊ (၄၂)ရပ်ကွက်၊ မ/ဒဂုံ၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၂၆

ဦးတင်ထွန်းနိုင် **နှင့်** ၁။ ဒုတိယဗိုလ်မှူးကြီးဘုန်းမြင့်
၂။ ဒေါ်မျိုးမျိုးသက်
၃။ ဦးဇော်ဝင်း

တရားလို **တရားပြိုင်များ**

အမှတ် ၁၀၀၊ သစ္စာလမ်း၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) ဒုတိယဗိုလ်မှူးကြီးဘုန်းမြင့်သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းဆောင်ရွက်ပြီး မြေကွက်လက်ရောက်ပေးအပ်စေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၃၁ ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
သာယာဝတီခရိုင် တရားမရုံးတော်၌
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၉ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၈

မန်နေဂျာ **နှင့်** ၁။ ဦးသန့်ဇင်(ကွယ်လွန်)
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်မာမာ
အုတ်ဖိုမြို့။

တရားနိုင် **တရားရှုံးများ**

လိပ်ဥကုန်းတာဆုံ၊ အုတ်ဖိုမြို့နေ ဒေါ်မာမာ သိစေရမည်။

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၉တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂၅ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇူလိုင် ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်စိုးပိုင်)
ဒုတိယခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၇

၁။ ဦးတင်မောင်အေး ⎤ အတူနေ **နှင့်** ဦးအောင်ဆန်းအေး
၂။ ဒေါ်စန်းစန်း ⎦ လင်မယား

တရားလိုများ **တရားပြိုင်**

အမှတ် ၇၅/က၊ သီဂီ ၂ လမ်းမြောက်၊ ၅/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးအောင်ဆန်းအေး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ် တရားလို (၁)ဦးတင်မောင်အေး၊ (၂)ဒေါ်စန်းစန်း က ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြော ဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂၅ ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားပြိုင်မှစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ကျော်ဝင်း
မြို့နယ်တရားသူကြီး(၂)
သာကေတမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ကံလေးစု၊ ဦးဘဟန် လမ်းသွယ်၊ အမှတ် ၃၂၊ လေးလွှာ(ခေါင်းရင်းခြမ်း) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ် တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူဒေါ်တင်မြေ(မြေရင်)(၁)ဦးတင်ကြီး ၁၂/မရက (နိုင်)၄၄၇၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိမိခိုင် ၁၂/အစန(နိုင်)၁၇၇၉၃၇၈ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးမင်းကိုလွင်
အထက်တန်းရှေ့နေ(စဉ်-၄၁၄၂၈)
၁/၁၀/၁၀၁၊ မြို့ပတ်လမ်း၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၄၂၅၅၀၆၉၄၄

ကြော်ငြာကဏ္ဍ

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အဝေရာလမ်း၊ အိမ်အမှတ် (၁၉/၃၆)တွင် နေထိုင်သူ ဒေါ်နန်းမိုဟွမ် ၁၃/သနန(နိုင်)၀၁၉၆၉၀သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်များကို မိမိတစ်ဦးတည်းမှုပိုင်အဖြစ် မြန်မာနိုင်ငံ တစ်ပြည်လုံး၌ တရားဝင်အသုံးပြုရန် လားရှိုးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် ပန်းကန်ခွက်ယောက်ငှားရမ်းဝန်ဆောင်မှုလုပ်ငန်းနှင့် ယင်းလုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းများပေါ်တွင် ရိုက်နှိပ်အသုံးပြုသည့်အပြင် ၎င်းပစ္စည်းများအားထုပ်ပိုးရာတွင် အသုံးပြုသည့် ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ ခွက်စသည့်ပစ္စည်းများနှင့် သက်ဆိုင်သောပစ္စည်းများတွင်လည်း တံဆိပ်ရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးငှားရမ်းလျက်ရှိပါသည်။ **ကောင်းရှင်းသန့်** ကုန်အမှတ်တံဆိပ်အား လားရှိုးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၅-၆-၂၀၁၄ ရက်စွဲဖြင့် စာချုပ်အမှတ် ၅၀ IV/၂၀၁၄ဖြင့်လည်းကောင်း၊ **သန့်စင်ကြယ်** ကုန်အမှတ်တံဆိပ်အား ၁၈-၆-၂၀၁၄ရက်စွဲဖြင့် စာချုပ်အမှတ် ၅၈IV/၂၀၁၄ဖြင့်လည်းကောင်း တစ်ဦးတည်းမှုပိုင်အသုံးပြုရန်အတွက် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမှုပိုင်အဖြစ် အသုံးပြုလျက်ရှိသော **ကောင်းရှင်းသန့်**နှင့် **သန့်စင်ကြယ်** အမည်အမှတ်တံဆိပ်ကို ဒေါ်နန်းမိုဟွမ်၏ ခွင့်ပြုချက်မရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်မှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူ၊ ပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်၍ ထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းအပြင် ကုန်အမှတ်တံဆိပ်အမည်ဖြင့် အသုံးမပြုကြရန် ကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ပါက ဒေါ်နန်းမိုဟွမ်၏လုပ်ငန်းအကျိုးစီးပွားထိခိုက် နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇင် (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၃၈၆၈
အမှတ် (၄)၊ တရားရုံးတိုက်တန်း၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊
ဖုန်း-၀၉-၅၂၆၂၃၀၅၊ ၀၉-၆၇၀၀၇၉၇

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်းရှိ အမှတ် ၂၇၊ သုံးထပ်ခွဲတိုက်၊ မှန်ခန်း၊ ညာဘက်အခန်းကိုပိုင်ဆိုင်သူ ဒေါ်ဖြူနှင်းအိ ၁၄/ဘကလ (နိုင်)၁၅၉၁၆၇ထံမှ ကျွန်ုပ်မိတ်ဆွေဒေါ်ကေသီခိုင်မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ သက်ဆိုင်သူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမြစီ LL.B	**ဦးတင်အောင်ကြည် (တောင်သုံးလုံး)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ်(၇၃/အေ)၊ ဒုတိယလွှာ၊ အောင်မေတ္တာလမ်းသွယ် (၁)လမ်း၊ (၁)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၆၃၆၈၂၊ ၀၉-၄၂၀၀၁၈၇၃၄

စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၆၆)ရှိ နှစ်ခန်းတွဲ(၇)ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ်၊ ခေါင်းရင်းခန်း (၁၂½×၅၀) ပေ တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါ တိုက်ခန်းအား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်နေထိုင် ပိုင်ဆိုင်သူ ဒေါ်နန်းရွှေပွား ၁၃/ကမန(နိုင်)၀၂၀၅၂၅ ထံမှ အပြောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ရှိသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း)LL.B
တရားလွှတ်တော်ရှေ့နေ (၃၁၄၈/၈၅)၊Japan Tokyo 4 years, Legal Consultant
အမှတ် ၂၂၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
Ph: 09-420710888, 09-420726999,09-420730311
Email: hponemyint 007 @ gmail.com

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဇဝနလမ်း၊ အမှတ် (၃၂/က)၊(ငါးလွှာ-B)နေထိုင်သူ ဟာဂျီဦးသန်းမောင် ၁၂/မဂတ(နိုင်)၀၆၈၇၅၀နှင့် ဒေါ်စီစီမြင့် ၁၂/မဂတ(နိုင်)၀၆၉၉၇၂ တို့၏သား မောင်ထက်မြက်သူ(ခ)အတူးလေး ၁၂/မဂတ(နိုင်) ၀၉၉၂၃၈သည် မိဘဆိုဆုံးမမှုကို မနာခံဘဲမိမိ၏သဘောဆန္ဒအရ ၁၆-၆-၁၄ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ဤကြော်ငြာထည့်သည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ပြီးဖြစ် ကြောင်းနှင့် ငွေချေးကြီးအုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်မည်သို့မျှ သက်ဆိုင်မှု မရှိပါကြောင်း ကြေညာအပ်ပါသည်။ ၎င်း၏ကိစ္စအဝဝအား တာဝန်မယူပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဟာဂျီဦးသန်းမောင်၊ ဒေါ်စီစီမြင့်	**ဒေါ်သဇင်မြတ်မြတ်ဝင်း**
	LL.B, Dip in Business Law
	အထက်တန်းရှေ့နေ
	ဖုန်း-၀၉-၄၂၀၇၆၆၅၈၆၊ ၀၉-၄၂၀၁၈၆၅၉၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၅၁၅ဟုခေါ်တွင်သော ဧရိယာ ၀ဒသမ၀၅၈ဧကရှိ ဦးဝင်းအောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူရရှိထားသူ ဒေါ်စန္ဒာသင်း ၁၂/တမန(နိုင်)၀၃၅၈၃၈ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီလာအေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၂၆)
အမှတ် ၁၀၄၊ ပထမထပ်၊ ၃၉လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၀၁၂၈

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၄လမ်း၊ ခြောက်လွှာ၊ အမှတ် (၁၃) နေ ကျွန်ုပ်မ ဒေါ်ခင်ခင်(ခ)ဖာတမာဘီဘီ ၁၂/ပဘတ(နိုင်)၀၀၈၃၉၆ က အောက်ပါအတိုင်း ကြေညာပါသည်။

ကျွန်ုပ်မ၏ဖခင် ဦးအောင်စိန်(ခ) (Ali Mohamed Moolla) နှင့် မိခင် ဒေါ်နန်းရှင်(ခ) (ဟာဖိစ်ဘီဘီ)တို့တွင် ကျွန်ုပ်မအပါအဝင် မွေးချင်းသမီးလေးယောက်မွေးခဲ့ပြီး ၎င်းတို့မှာ (၁)အမီနာဘီဘီ(ခ)ဒေါ်အေးအေး၊ (၂)မရီယမ်ဘီဘီ(ခ)ဒေါ်နီနီ၊ (၃)ဖာတမာဘီဘီ(ခ) ဒေါ်ခင်ခင်နှင့် (၄)အိုင်ရှာဘီဘီ(ခ)ဒေါ်စိန်စိန်တို့ဖြစ်ကြပြီး ယခုအခါ ကျွန်ုပ်မ၏အစ်မနှစ်ဦး နှင့် ညီမတို့မှာ ကွယ်လွန်ခဲ့ကြပြီးဖြစ်ရာ ၎င်းတို့တွင် အမွေစားအမွေခံသားသမီး ၁၀ဦး မွေးဖွားခဲ့ပြီး ရှစ်ဦး သက်ရှိထင်ရှားရှိနေကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်(ခ)ဖာတမာဘီဘီ
၁၂/ပဘတ(နိုင်)၀၀၈၃၉၆

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၂၀၈/က၊ မြေကွက်တည်နေရာအမှတ် ၁၂၀၈/က၊ မာန်ပြေလမ်း ၂၀ အရှေ့၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ဂျဗေဒါ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဂျဗေဒါ(မိခင်)နှင့် ဦးလှအောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဒေါ်သန်းသန်းချစ် ၁၂/ဗတထ(နိုင်)၀၀၉၉၆၇ မှ သေစာရင်း နှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၈၀၀/ ခ၊ မြေကွက်တည်နေရာအမှတ် ၈၀၀/ခ၊ အောင်သစ္စာ ၅ လမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ် ဦးထွန်းမောင်အမည် ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းမောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်သန်းတင် ၁၂/သကတ(နိုင်)၀၅၆၄၁၉ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၆၂၄/ ၂၀၁၄ ရသူ ဦးအေးလှိုင် ၁၂/သကတ(နိုင်) ၀၇၈၄၅၄မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ် ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၅)သမိုင်း၊ မြေကွက်အမှတ် (၅/က^၁)၏ အစိတ်အပိုင်းမြောက်ဘက်ခြမ်း၊ $\left(\frac{၅၉'\cdot၆''}{၃၅'၄}\times\frac{၇၅'\cdot၅''}{၈၇'၁}\right)$ မြေကွက်တည်နေရာ အမှတ်(၅/က^၁)၊ အောင်မင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးသန်းလှိုင် အမည်ပေါက် ဘီ၊ မြေပိုင်မြေ လ/န-၂၉၂/ ၃၂-မ၅၆မြေအားအမည်ပေါက်ထံမှ အရောင်း အဝယ်စာချုပ်အမှတ် ၃၀၁၁/၂၀၁၄ (၁၁- ၆-၂၀၁၄)ဖြင့် ဦးဝင်းကို ၉/ပမန(နိုင်) ၀၁၉၉၈၆ မှ ပိုင်ဆိုင်လာပြီး အမည်ပေါက် သည့် အရောင်းအဝယ်စာချုပ်အမှတ် ၅၂၄/ ၂၀၀၁(၅-၃-၂၀၀၁) မိတ္တူမှန်၊ အရောင်း အဝယ်စာချုပ် ၃၀၁၁/၂၀၁၄(၁၁-၆-၂၀၁၄) တို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ပိုင် ဆိုင်သော အထောက်အထားများဖြင့် ခုနစ် ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ၁၆၅၊ မြေကွက်တည်နေရာအမှတ် ၅၇၊ ဗိုလ်မင်း ရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံ [ဦးခင်အောင် ၁၂/ဒပန(နိုင်)၀၂၆၅၄၉] အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည် ပေါက် ဦးခင်အောင်(ခင်ပွန်း) ကွယ်လွန် သဖြင့် တစ်ဦးတည်းသောဇနီးဒေါ်ရှုကြည် ၁၂/ဒပန(နိုင်)၀၅၂၅၄၇ က ကျမ်းကျိန်လွှာ နှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက် ထားလာရာ ခိုင်လုံသောအထောက်အထား များဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၈ U 9၊ မြေကွက်အမှတ် (၅၉)၊ မြေကွက်တည်နေရာအမှတ်(၅၉)၊(၄၈U9) ရပ်ကွက်၊ ဒဂုံမြောက် (ဦးကြီးစိန် TTA- ၀၅၁၇၆၈) အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပါက် ဦးကြီးစိန် (တရားရှုံး) ကိုယ်စားဘီလစ် ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်)၀၅၁၂၄၃ ရန်ကုန်အရှေ့ပိုင်း ခရိုင်၊တရားရုံးတရားမကြီးမှုအမှတ် ၁၇၄/ ၁၄(၂၃-၄-၁၄)၊ တရားမဇာရီမှုအမှတ် ၆၃/၁၄(၃၀-၄-၁၄)ကိုတင်ပြ၍ အရောင်း အဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ် ကွက်အမှတ် ၉၊ မြေကွက်အမှတ်(၉၄၆/ခ)၊ မြေကွက်တည်နေရာအမှတ် (၉၄၆/ခ)၊ ကျော်သူ ၁၆လမ်း၊ (၉) ရပ်ကွက်၊ တ/ဥ (ဦးဝင်းမော်)အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် ဦးဝင်းမော်(ဖခင်)၊ ဒေါ်စန်းစန်းဝင်း(မိခင်) ကွယ်လွန်သဖြင့် ဦးအောင်ဇော်ဦး ၁၂/ဥကတ(နိုင်)၀၀၁၉၂၅၊ ဒေါ်နီလာဝင်း ၁၂/ဥကတ(နိုင်)၁၃၈၀၀၁၊ ဦးသီဟစိုး ၁၂/ဥကတ(နိုင်)၁၅၂၉၄၁ တို့က သားသမီးအရင်းများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများနှင့် မိခင် ဒေါ်စန်းစန်းဝင်း ကွယ်လွန်ကြောင်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ အထွေ ထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံစာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံ ကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၇၄၉၊ မြေကွက် တည်နေရာအမှတ် ၇၄၉၊ အသက ၂၅ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးဖေသွင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဖေသွင်ပိုင် ပေ(၄၀×၆၀)ထဲမှ အနောက် ဘက်ခြမ်း ပေ(၂၀×၆၀)ကို မှတ်ပုံတင်အရောင်းစာချုပ် (၃၃၈၉/၂၀၀၁)ဖြင့် ဒေါ်ခင်ဆွေဇင်စုအား ရောင်းချပြီး ကျန်ပေ(၂၀×၆၀)ကို (ဖခင်)ဦးဖေသွင်နှင့် (မိခင်)ဒေါ်မြခင်တို့ (ကွယ်လွန်)၍ သားသမီးများဖြစ်ကြသည့် ဦးကျော်ဆန်း+၄ မှ ပိုင်ဆိုင်ကြောင်းစာချုပ် (၂၄၅/၂၀၁၂)ဖြင့် ရရှိခဲ့ပြီး နောက် ၎င်းတို့ထဲမှ ဦးဆန်းလင်း(လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် ၎င်းအစုကို ကိုကျော်ဆန်း S/OKA-၀၈၀၃၄၀၊ ဦးထင်ကျော် ၁၂/ဥကတ(နိုင်)၀၈၄၇၄၅၊ ဒေါ်ချိုစန်းအေး ၁၂/ဥကတ(နိုင်) ၀၈၆၈၅၀၊ ဒေါ်ဝတ်ရည်ဝင်း ၆/ကစန(နိုင်)၀၇၄၉၀၄တို့က အမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်ရန် ၎င်းတို့အားလုံးကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၉၅၁(၈-၃-၁၁)၊ ၁၀၇၅၈(၁၆- ၆-၁၁)၊ ၉၃၄၃(၁၁-၅-၁၁)ဖြင့် လွှဲအပ်ခံရသူ ဒေါ်မြတ်စုကြည် ၁၂/အစန(နိုင်)၁၆၀၆၃၈မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၈၉၇(၈- ၅-၁၄)တို့တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာကဏ္ဍ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် (၁၄မိုင်ခန့်အကွာ)၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင်ဆောင်ရွက်သွားမည့် မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၄ ရက်
တင်ဒါပုံစံအရောင်းပိတ်ရက် - ၃၁-၇-၂၀၁၄ရက်၊ ၁၆း၃၀နာရီ
Company Profile အပါအဝင် - ၇-၈-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ
Technical Proposal နှင့်
Price Proposal နောက်ဆုံးထား၍
တင်သွင်းရမည့်ရက်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းအောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Upper Keng Tawng) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.18/DHPI/ Admixture/ 2014-2015

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	အရေအတွက်
1.	Water-reducing Admixture	Drum	162

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၄-၈-၂၀၁၄ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် ၆၀ ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ(Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score)အများဆုံး ကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ အမှတ်(၁) ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်အမှတ်(၃) အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ် မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုကြောင်း ကြော်ငြာအပ်ပါသည်-

စဉ်	လုပ်ငန်းအကြောင်းအရာ	စီမံကိန်းလုပ်ငန်းအမည်
(က)	66KV HT Line(42 Miles) သွယ်တန်းခြင်း	စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ အရာတော်-၂
(ခ)	66/11 KV 20 MVA Substation တည်ဆောက်ခြင်း	
(ဂ)	66KV HT Line (26.4 Miles) သွယ်တန်းခြင်း	စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်၊ တပ်ရွာ
(ဃ)	66/11KV 15MVA Substation တည်ဆောက်ခြင်း	
(င)	66KV HT Line (68.4 Miles) ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း	ပင်မသိုလှောင်ရုံ (ရွာသာကြီး)မှ စစ်ကိုင်းခရိုင်ရုံးသို့

ပိတ်ရက်နှင့်အချိန် - ၁၈-၈-၂၀၁၄ ရက်၊ ၁၅း၀၀နာရီ
တင်ဒါစတင်ရောင်းချမည့်ရက် - ၁၈-၇-၂၀၁၄ ရက်
တင်ဒါပုံစံတန်ဖိုး - အမှတ်စဉ်(က)မှ (ဃ)အထိ ၁၀၀၀၀ိ/-
အမှတ်စဉ်(င) ၅၀၀၀ိ/-
တင်ဒါဖွင့်လှစ်မည့်ရက်စွဲ - ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ် ၅၀၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၂၈၅၊ ၀၆၇-၄၁၁၁၀၈

ရောင်းရန်ရှိသည်။
[illegible] PET [illegible] (Blowing Machines) [illegible] (Injection Machines) [illegible]
[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

	ဆေးသိပ္ပံပညာဦးစီးဌာန၏ဆောင်ရွက်ရန်လုပ်ငန်းများ		
စဉ်	တည်နေရာ/တက္ကသိုလ်အမည်		ဆောင်ရွက်မည့်လုပ်ငန်းများ
၁။	ရန်ကုန်တိုင်းဒေသကြီး	ဆေးတက္ကသိုလ်(၂)၊ရန်ကုန်	(၁)လူ(၄၀၀)ဆံ့အိပ်ဆောင်(၆)ထပ်တည်ဆောက်ခြင်း
